# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ပဉ္စမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါ့မယ်။

ဦးသန်းဆွေ၊ မကွေး(၇)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ပြည်ပခရီးစဉ်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဖခင်ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ပြည်ပခရီးစဉ်။ ဦးဌေးဝင်း(ခ)ဦးဇာယာဒ်ရော်မံ၊ ရခိုင်(၇)၊ မိခင်ကျန်းမာရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ပြည်ပခရီးစဉ်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ပြည်ပခရီးစဉ်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ပြည်ပခရီးစဉ်။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ မိခင်ကျန်းမာရေး။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ(၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင်များအဖြစ်

(၁) ဒေါက်တာမြင့်သိန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ဦးကျော်ဝင်း၊ စာရေးဆရာ

(၃) ဦးစောမြင့်မောင်၊ ဂုဏ်ထူးဆောင်ပါမောက္ခ၊ Myanmar Egress တို့ဖြင့်

တိုးချဲ့ဖွဲ့စည်းထားပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## AEC အတွက် ရမှတ်ကို လက်တွေ့အကောင်အထည်ဖော်မှု ရာခိုင်နှုန်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က AEC အတွက် ရမှတ်ကို လက်တွေ့ အကောင်အထည်ဖော်မှု ရာခိုင်နှုန်းကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် AEC အတွက် ရမှတ်ကို လက်တွေ့အကောင်အထည်ဖော်မှု ရာခိုင်နှုန်းကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့စကားလုံးများ အင်္ဂလိပ်လို သုံးနှုန်းခွင့်ပြုပါရန် ကြိုတင်ခွင့်တောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးရခြင်းက ဒီလွှတ်တော်မှာလည်းပဲ ကျွန်တော် ဒီ AEC ကို တာဝန်ပေးအပ်ချက်အရ တာဝန်ယူထားရပါတယ်။ ဒါကြောင့်မို့လို့ AEC နဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေကို လေ့လာတဲ့အခါမှာ သူတို့ရဲ့ အာဆီယံမှာ ကျွန်တော်တို့ ပေးထားတဲ့ Score တွေ ရှိပါတယ်။ AEC Score အဲဒီရမှတ်တွေဟာ

အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီတော့ AEC ကို ပထမ Target ကတော့ ပထမ ကျွန်တော်တို့ အာဆီယံမှာ ၂၀၁၂ မှာ အပြီး ဆောင်ရွက်ဖို့ ဆိုပြီးတော့ ဆုံးဖြတ်ထားပေမယ့် အခုအခါမှာတော့ (၃)နှစ်ထပ်တိုးပြီးတော့ ၂၀၁၅ အထိ ရွှေ့သွားပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော့်တို့ ရမှတ်တွေကို အာဆီယံအတွင်းရေးမှူးချုပ် ကနေပြီးတော့ ဒီရမှတ်တွေကို တီထွင်ပြီးတော့ဆိုရင် AEC ကို ဆောင်ရွက်တဲ့အခါမှာ ပိုပြီးတော့ အရှိန်မြင့်လာမယ်။ ပိုပြီးတော့ လိုချင်တဲ့ပန်းတိုင်ကို မြန်မြန်ဆန်ဆန် ရောက်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီဟာကို တီထွင်ခဲ့ခြင်းဖြစ်တယ် ဆိုတာကို လေ့လာသိရှိရ ပါတယ်။ အဲဒီတော့ AEC မှာ ကျွန်တော်တို့က ဆောင်ရွက်ဖို့အတွက် တိုင်ကြီး (၄)တိုင် ရှိပါတယ်။ Pillar ကို တိုင်လို့ပဲ ခေါ်ဆိုပါရစေ။ တိုင်ကြီး (၄)တိုင် ရှိပါတယ်။ အဲဒီ တိုင်ကြီး(၄)တိုင်မှာ ပထမ တစ်ခုကတော့ လွတ်လပ်စွာ ကုန်သွယ်မှုတွေ၊ လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံမှုတွေ စသည်အားဖြင့် ဒီဟာတွေပါ ပါတယ်။

ဒုတိယတိုင်မှာကတော့ ကျွန်တော်တို့ အခု ဒီနေ့ တင်မယ့် Consumer Protection စားသုံးသူကို ကာကွယ်တဲ့ ကိစ္စရပ်တွေ၊ ဈေးကွက်ကို ယှဉ်ပြိုင်မှုတွေ ICT နောက် ကျွန်တော်တို့ အမြတ်ခွန်ကိစ္စတွေ စသည်အားဖြင့် ဒီဟာတွေ ပါ ပါတယ်။ နောက် တိုင်တစ်ခုမှာတော့ SME တွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီလိုကိစ္စတွေ ပါတယ်။ နောက်ဆုံးတစ်ခုမှာတော့ ကျွန်တော်တို့ ကမ္ဘာ့ ကုန်သွယ်ရေးထဲကို ဝင်ရောက်ဖို့ ဒါ ကျွန်တော်တို့ ရှိပါတယ်။ AEC ရဲ့ ရည်မှန်းထားတဲ့ သူတို့ ရည်မှန်းချက် အဲဒီတော့ အဲဒီအခါမှာ ဒီအမှတ်တွေကို ပေးပါတယ်။ အမှတ်တွေကို ပေးတဲ့အခါမှာ ဒီနိုင်ငံတိုင်းက ကျွန်တော်တို့(၁၀)နိုင်ငံ၊ နိုင်ငံတိုင်းက ဘယ်ဟာတွေကို ကျွန်တော်တို့က ဆောင်ရွက် နေပြီ၊ ဆောင်ရွက်တဲ့အခါမှာ အကုန်လုံးက ဆောင်ရွက်ပြီးစီးပြီ။ တချို့ကတော့လည်းပဲ (၅၀) ရာခိုင်နှုန်းလောက် ပြီးပြီ။ တချို့ကလည်း (၅၀)ရာခိုင်နှုန်းနဲ့အောက် နိမ့်ပြီးတော့ ပြီးပြီဆိုတဲ့ ဒီလို သူတို့ ပေးပါတယ်။ ပေးတဲ့အခါမှာ ပထမစစချင်း ကျွန်တော်လေ့လာတာ နိုင်ငံ(၁၀)နိုင်ငံဟာ သိပ်မကွာ ပါဘူး။ ပထမ ကျွန်တော်တို့ Face 1 မှာ မကွာပါဘူး။ နောက် Face 2 ကျတော့ ကွာသွားပါတယ်၊ ကွာသွားတဲ့အခါမှာ ကျွန်တော်တို့ ဒီ ဗီယက်နမ်က CLMV ဆိုတဲ့ အကုန်လုံးထဲမှာ ကျွန်တော်တို့ (၄)နိုင်ငံက နည်းနည်းလေး နောက်ကျနေတဲ့အတွက်ကြောင့် ဒီ CLMV ကိုပဲ ကျွန်တော် ဦးတည်ပြီး၊ မူတည်ပြီး ကျွန်တော် ပြောသွားပါမယ်။ ဗီယက်နမ်က ကျွန်တော်တို့ထက် ရှေ့ကို ရောက်သွားပါတယ်။ ကျွန်တော်တို့ အဲဒီ Score တွေမှာ ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံအနေနဲ့က ခုနတုန်းက CLMV မှာ ICT တွေလည်းပဲ ကျွန်တော်တို့က ပေးတယ်ဆိုတဲ့သဘောမျိုး ရာခိုင်နှုန်း သူတို့နဲ့ အတူတူပါပဲ။ နောက် အမြတ်ခွန်ကိစ္စတွေလည်းပဲ ပေးတယ်ဆိုတဲ့ သဘောမျိုး၊ ဟိုဘက်ကလည်း ဒီကုန်စည်တွေ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စီးဆင်းမှုတွေလည်းပဲ ပေးတယ် ဆိုတဲ့ သဘောမျိုး၊ ကုန်စည်တွေကို ရင်းနှီးမြှုပ်နှံမှုဆိုတဲ့အခါ လွတ်လွတ်လပ်လပ် ပြီးတယ်ဆိုတဲ့သဘောမျိုး ဒီဟာတွေကို ပေးထားတယ်ဆိုတာ တွေ့ရပါတယ်။

ဒီပြင်နိုင်ငံတွေကလည်း ဒီလိုပဲ ပေးထားပါတယ်။ တစ်ခုပါပဲ ကျွန်တော်တို့ ငွေရေးကြေးရေး ဈေးကွက်လိုဟာမျိုးကတော့ မပြီးသေးဘူးဆိုပြီးတော့ ဒီလို ပေးထားတဲ့ သဘောမျိုးတွေ ရှိပါတယ်။ ကျွန်တော်တို့ IP အသိဉာဏ် Intelletual Property Right နဲ့ ပတ်သက်ပြီးတော့လည်း မပြီးသေးဘူး ဆိုတာ၊ CLMV နိုင်ငံတွေက ပေးထားတယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ တစ်ခုပါပဲ။ ဗီယက်နမ်

ကတော့ IP လည်းပဲ ပြီးပြီဆိုပြီးတော့ သူတို့ပေးထားတာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့က အဲဒီလို CLMV ထဲမှာ ဗီယက်နမ်ကတော့ သူက ဘာပဲဖြစ်ဖြစ် သူ ပြီးသွားပြီ တချို့ဟာတွေ ကျွန်တောတို့ ဒီထဲမှာ ချွန်ပြီးတော့ ပြီးသွားပြီဆိုတာ သူ ပေးထားတယ်။ ပေးထားတဲ့အလျောက်လည်းပဲ တချို့ ထွက်လာတဲ့ ရလဒ်တွေ သူတို့ ဆန်းစစ်တဲ့အခါမှာ ဒီဟာနဲ့ ကိုက်ညီနေတယ်ဆိုတာကို ဒီစာတမ်းတွေ၊ သူတို့ရဲ့ တင်ပြတဲ့ Report တွေစသည်အားဖြင့် ဒါတွေမှာတွေ့ရပါတယ်။ ကျွန်တော်တို့ ကျန်တဲ့ (၃)နိုင်ငံ ကမ္ဘောဒီးယားရယ်၊ ကျွန်တော်တို့ရယ်၊ လာအိုရယ် အဲဒီနေရာမှာ ကျွန်တော်ကတော့ လေ့လာလိုက်တဲ့ အခါမှာ ကျွန်တော်တို့ နိုင်ငံက သူတို့အနေနဲ့ ပေးထားတဲ့ Score တွေက မတိမ်းမယိမ်း ဖြစ်ပါတယ်။

သို့သော်လည်းပဲ လာအိုရဲ့ နောက်တောင်မှ ကျွန်တော်တို့ ရောက်သွားပြီဆိုတာ တွေ့ရှိနေရတဲ့အတွက်ကြောင့် တော်တော်လေး ဒါ ကျွန်တော့်စိတ်ထဲမှာ နည်းနည်းလေး မအီမသာ ဖြစ်မိပါတယ်။ ဒါ ပွင့်ပွင့်လင်းလင်း ကျွန်တော် ဆွေးနွေးတာပါ။ ဘာကြောင့်လဲဆိုတော့ AEC သည် ကျွန်တော်တို့ ဒီကနေ့အခါကျမှလုပ်တာ မဟုတ်ပါဘူး။ တောက်လျှောက် စဥ်ဆက်မပြတ် လုပ်လာတဲ့ ကိစ္စရပ်သာလျှင် ဖြစ်ပါတယ်။ ဒီကနေ့မှာ ကျွန်တော်တို့က စီးပွားရေးတွေ ပြောင်းလဲမှု၊ နိုင်ငံရေးတွေ ပြောင်းလဲမှုကြောင့် ဒီဟာတွေ လိုက်ပြီး ဆောင်ရွက်နေခြင်း မဟုတ်ဘဲနဲ့ တစိုက်မတ်မတ် ဆောင်ရွက်လာသော်ငြားလည်းပဲ ဒီနေ့အချိန်အခါ ကျွန်တော်တို့ စီးပွားရေးတွေ ဖွံ့ဖြိုးအောင်လုပ်ပြီ၊ စီးပွားရေးတွေ ပြောင်းလဲမှု လုပ်ပြီ၊ နိုင်ငံရေးတွေ ပြောင်းလဲမှုတွေ ဖြစ်ပြီ ဆိုတဲ့အခါမှာ အရှိန်အဟုန်နဲ့ ပိုပြီးတော့ AEC ထဲကို ကျွန်တော်တို့ ဝင်သွားမယ်၊ အာဆီယံဈေးကွက်ထဲကို ကျွန်တော်တို့က အရှိန်အဟုန်နဲ့ ဝင်သွားမယ်၊ Global ဈေးကွက်ထဲကို Economic ထဲကို ကျွန်တော်တို့က ဝင်သွားမယ်ဆိုလို့ရှိရင် အင်မတန်မှ အရှိန်အဟုန်နဲ့ တိုးတက်သွားဖို့ ဖြစ်ပါတယ်။

သို့သော်လည်းပဲ လာအိုထက်တောင်မှ ကျွန်တော်တို့ နည်းနည်း နောက်ကျနေတယ်ဆိုတဲ့ Data တွေ တွေ့ရတဲ့အတွက်ကြောင့် ဒီဟာကို ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပေးထား တာတွေကတော့ အတူတူပါပဲ။ သို့သော် ကျွန်တော်တို့က တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သူကလည်း ပေးတယ်။ ကိုယ်ကလည်း ပေးတယ်။ အာဆီယံ Score မှာလည်းပဲ ဒီဟာ ရှိပါတယ်။ ပထမတော့ ဒီနိုင်ငံကလည်း ပေးတယ်။ သူ့ထက် နောက်မကျအောင် ငါကလည်း ပေးတယ်၊ ငါက ပြီးပြီ၊ ငါ့နိုင်ငံကလည်း ပြီးပြီ ဆိုတဲ့သဘောမျိုးတွေ ရှိပါတယ်။ သို့သော် သူတို့က ရှိပေမယ့်လည်းပဲ သူတို့ရဲ့ ဆောင်ရွက်တာဟာ ကျွန်တော် တို့ထက် ဘာပဲဖြစ်ဖြစ် သာလွန်သွားတဲ့ သဘောမျိုးဟာ တွေ့ရှိရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပေးထားပေမယ့် ရာခိုင်နှုန်း တကယ် ဘယ်လောက်လောက် ပြီးနေပါပြီလဲ။ ဘယ်လို အခြေအနေတွေရှိလဲ ဆိုတာကို ကျွန်တော့်အနေနဲ့ ဒါ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ တချို့ Data တွေ ဆိုရင်လည်း ဥပမာ ကျွန်တော်တို့ AEC ကြောင့် ဒီလို ကုန်စည်တွေ စီးဆင်းမှုအတွက်၊ ရင်းနှီးမြှုပ်နှံမှုအတွက် ဒါတွေကို ပြောင်းလဲပေးတယ်။ ဖြေလျှော့ပေးတယ်ဆိုရင် GDP ဟာ လည်းပဲ ပြောင်းလဲလာရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံရဲ့ GDP ဟာ AEC လိုက်ပြီးတော့ ဘယ်လိုပြောင်းလဲတယ် ဆိုတဲ့ Data တွေ ဒီဟာတွေလည်းပဲ မတွေ့ရှိရပါဘူး။ ဒါလည်းပဲ သက်ဆိုင်ရာက တင်ပြထားတဲ့ အစီရင်ခံစာတွေမှာ ကျွန်တော် လေ့လာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ Data တွေ မရှိဘူးဆိုပြီးတော့ ဒါ အတိအလင်း သူတို့ ပြောပါတယ်။ ဒါလည်းပဲ

ကျွန်တော်တို့ စဉ်းစားစရာ ကောင်းပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူကိစ္စ အခု ဒီနေ့လည်းပဲ ကျွန်တော်တို့ ဆွေးနွေးနေတယ်။ အဲဒီကိစ္စတွေမှာလည်းပဲ ပြန်ပြီးတော့ အဲဒီ တင်ပြထားတဲ့ အစီရင်ခံစာတွေ ဒါ နိုင်ငံတကာမှာလည်း ရှိပါတယ်၊ ဒီအာဆီယံမှာလည်း ရှိပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းကလည်းပဲ သိရှိမယ်လို့ ကျွန်တော့်အနေနဲ့တော့ ယူဆပါတယ်။ အဲဒီ ဟာမှာလည်းပဲ ကျွန်တော်တို့သည် လာအိုထက်တောင်မှ နောက်ကျနေတယ်ဆိုတော့ ဒီဟာသည် ခုနတုန်းကပေးထားတဲ့ ဖြေလျှော့မှုတွေနဲ့ ဒီဟာတွေနဲ့ဟာ တော်တော်လေးကို ကိုက်ညီမှု မရှိဘူးဆိုတာတွေ့ရှိရပါတယ်။

ဒီတိုင်းပါပဲ ကျွန်တော်တို့ လုပ်ငန်းဆောင်တာတွေကို ဖြေလျှော့တယ်ဆိုတဲ့ဟာတွေ အဲဒီမှာလည်းပဲ ကွက်ကွက်ကွင်းကွင်း မရှိဘူး။ ခုနတုန်းက ကျွန်တော် တင်ပြဆွေးနွေးခဲ့သလိုပဲ လာအိုနိုင်ငံထက်ကိုပဲ နည်းနေတယ် ဆိုတော့ ဒါတွေဟာ စဉ်းစားစရာ ကောင်းတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော် သိရှိလိုတာကတော့ AEC အတွက်ရမှတ်ကို လက်တွေ့အကောင်အထည်ဖော်မှု ရာခိုင်နှုန်းအားဖြင့် မည်မျှလောက် တကယ်ကိုပဲလက်တွေ့မှာ ဆောင်ရွက်နေပြီ ဒီဟာကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာဒေါ်ခင်စန်းရီ (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ AEC အတွက်ရမှတ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းကို သိရှိလိုတဲ့ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ အာဆီယံအသိုက်အဝန်း (ASEAN Community - 2015) ပေါ်ပေါက်လာရေးအတွက် ကျွန်မတို့ အသိုက်အဝန်း(၃)ခုနဲ့ ဆောင်ရွက်နေပါတယ်။

ပထမအသိုက်အဝန်းကတော့ အာဆီယံနိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်း ဖြစ်ပါတယ်။ ဒုတိယကတော့ အာဆီယံစီးပွားရေး အသိုက်အဝန်း ဖြစ်ပါတယ်။ တတိယကတော့ အာဆီယံလူမှုရေးနဲ့ ယဉ်ကျေးမှုအသိုက်အဝန်း ဖြစ်ပါတယ်။ ဒီသက်ဆိုင်ရာ အသိုက်အဝန်းတွေက အာဆီယံရဲ့ပေးထားတဲ့ ဆောင်ရွက်ရမယ့် ASEAN Community ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်ရမယ့် အချက်အလက်တွေကို ဆောင်ရွက်သလိုပဲ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို ဒီ AEC အာဆီယံစီးပွားရေးအသိုက်အဝန်း ဖြစ်ပေါ်လာရေးအတွက်ကိုလည်း ကျွန်မတို့ဟာ AEC Blueprint ဆိုပြီးတော့

အာဆီယံ စီးပွားရေးအသိုက်အဝန်းပုံစံ ကြေညာစာတမ်းကို အာဆီယံနိုင်ငံခေါင်းဆောင်များဟာ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလမှာ လက်မှတ်ရေးထိုးပြီးတော့မှ ကြေညာစာတမ်းမှာ ပါတဲ့အတိုင်းပဲ ကျွန်မတို့ ဆောင်ရွက်လျက်ရှိပါတယ်ရှင်။ အဲဒီမှာ ဒီအပိုင်း(၄)ပိုင်း ပါဝင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြသွားတာ ဖြစ်ပါတယ်။

အပိုင်း(၁)ခုကတော့ (၁)ကတော့ ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ Single Market နဲ့ Production Base ဖြစ်ပါတယ်။ ဒုတိယကတော့ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသ (Competitive Economic Region) ဖြစ်ပါတယ်။ နောက် တတိယကတော့ စီးပွားရေးဖွံ့ဖြိုးမှု မျှတသောဒေသ (Equitable Economic Development) ဖြစ်ပါတယ်။ တတိယကတော့ ကမ္ဘာ့စီးပွားရေးမှာ အပြည့်အဝ ပါဝင်ပေါင်းစည်းမှု ရှိသောဒေသ (Integration into the Global Economy) ဖြစ်ခြင်းတို့ ဖြစ်ပါတယ်။ အဲဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့ မေးခွန်းအတိုင်းပါပဲ Single Market ဖြစ်ဖို့ ကျွန်မတို့နိုင်ငံက ဘယ်လောက် ဆောင်ရွက်နေပြီလဲ။ အာဆီယံထဲမှာ တစ်ပေါင်းတစ်စည်းတည်း ဒီဒေသ (၁၀)နိုင်ငံဟာ Single Market ပုံစံနဲ့ ပြည်တွင်းမှာ Single Market ဖြစ်ရမှာဖြစ်သလို ပြည်တွင်းမှာ ပေါင်းစည်းထားရမှာ ဖြစ်သလို ဒီ(၁၀)နိုင်ငံလည်း ပေါင်းစည်း ပြီးသားဖြစ်ရမှာ ဖြစ်ပါတယ်။

နောက် ဒီနိုင်ငံတစ်ခုချင်းဟာ ယှဉ်ပြိုင်နိုင်စွမ်းရှိရမှာ ဖြစ်သလို အာဆီယံတစ်ခုလုံးအနေနဲ့လည်း ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စီးပွားရေးဒေသ ဖြစ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီ(၁၀)နိုင်ငံထဲမှာ စီးပွားရေးဖွံ့ဖြိုးမှု မမျှမတ ဖြစ်တဲ့ဟာမျိုး မရှိဘဲနဲ့ စီးပွားရေးဖွံ့ဖြိုးမှု မျှတတဲ့ အာဆီယံဒေသဖြစ်ဖို့ ရည်မှန်းပါတယ်။ အဲဒီမှာ မူလအာဆီယံ(၆)နိုင်ငံက ရှေ့ကနေ သွားနေပြီးတော့မှ အာဆီယံ (၄)နိုင်ငံ ဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် ကို တစ်စုထားပြီးတော့ သူတို့ မီအောင်လိုက်ဖို့ စီစဥ်တာ ဖြစ်ပါတယ်။ Integration for ASEAN Initiative ဒါ ဝင်ပါနိုင်ဖို့လည်း ကျွန်မတို့နိုင်ငံမှာ Capacity Building တွေ နောက်တစ်ခါ ပံ့ပိုးမှုတွေ၊ နောက် တွန်းအားပေးမှုတွေကိုလည်း အာဆီယံအနေနဲ့ ဒါ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီတော့ ဒီ(၆)နိုင်ငံအတိုင်းပဲ ဒီ(၄)နိုင်ငံက အမီလိုက်မယ် ဆိုတဲ့အခါမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း (၄)နိုင်ငံထဲမှာလည်း ပြန်စီနေတဲ့ဟာ ရှိပါတယ်။ ပြန်စီတယ် ဆိုပေမယ့်လည်း ကျွန်မတို့ဟာ ၂၀၁၂ ခုနှစ် နောက်ပိုင်းမှ အရှိန်ရလာတာပြီးတော့မှ ၂၀၁၂ ခုနှစ်ရှေ့ပိုင်းမှာ ကျွန်မတို့ဟာ ဒီ၂၀၁၂ ခုနှစ်ရှေ့ပိုင်းမှာ Sanction တွေနဲ့ နေရတာဖြစ်တဲ့အတွက် တခြားနိုင်ငံနဲ့ နှိုင်းစာလို့ရှိရင် ကျွန်မတို့ဟာ ပိုပြီးတော့မှ ပင်ပင်ပန်းပန်းလည်း လုပ်ရတယ်။ ကြိုးပမ်းပေမယ့် တကယ်တမ်း AEC Scorecard အရ ဒီမျိုးက ဘာခေါ်မလဲဆိုရင် (၈၀)ရာခိုင်နှုန်း အထက်မှာပဲ ကျွန်မတို့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တာ တွေ့ရပါတယ်။ ဒီ AEC ဖြစ်ပေါ်လာဖို့အတွက် ဒီအချက်(၄)ချက် တစ်ခုချင်းစီ အလိုက် အကောင်အထည်ဖော်ရမယ့် ကိစ္စရပ်တစ်ခုချင်းစီ ပေးရမယ့် အချိန်အတိအကျ ဖော်ပြထားတဲ့အတွက် ဒီ Strategic Schedule ကို AEC Blueprint မှာ ပါရှိပါတယ်။ ကျွန်မ ဒီဇယားလည်း ဒီဟာကို အင်တာနက်မှာလည်း ရှာလို့ရသလို၊ ကျွန်မ အခု ဒီဟာကိုလည်း တင်ပြသွားမှာ ဖြစ်ပါတယ်။

အဲဒီ Strategic Schedule မှာ နှစ်အလိုက် ဦးစားပေးရမယ့် (Priority Action) တွေကို ဖော်ပြသတ်မှတ်ထားပြီးတော့မှ သက်ဆိုင်ရာနိုင်ငံအသီးသီး မြန်မာအတွက် ဘာလုပ်ရမယ်။ ဘယ်

နိုင်ငံအတွက် ဘာလုပ်ရမယ်ဆိုတာ အာဆီယံတစ်ခုလုံးအတွက် ဘာလုပ်မယ်ဆိုတဲ့ ဇယားရှိသလို မြန်မာနိုင်ငံ ကနေပြီးတော့ ဆောင်ရွက်မယ့် ဇယားကိုလည်း နိုင်ငံနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရမယ့် ကတိတွေကို ကျွန်မတို့ ဖော်ပြထားပါတယ်။ အဲဒီ Schedule တွေကို ၂၀၀၈ ခုနှစ်က စတင်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကာလအပိုင်းအခြား(၄)ခု သတ်မှတ်ထားပါတယ်။ (၂)နှစ်စီ ပါဝင်ပါတယ်။ ပထမကာလ ကတော့ ၂၀၀၈-၂၀၀၉ ဖြစ်ပါတယ်။ ဒုတိယကာလကတော့ ၂၀၁၀-၁၁ ဖြစ်ပါတယ်။ တတိယကာလ ကတော့ ၁၂-၁၃ ဖြစ်ပါတယ်။ စတုတ္ထကာလကတော့ ၂၀၁၄-၁၅ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ Scorecard ကို (၂)ပိုင်းကနေပြီးတော့ လေ့လာသုံးသပ်ပါတယ်။ တစ်ခုကတော့ ASEAN Secretariat အာဆီယံအတွင်းရေးမှူးရုံးကတော့ သက်ဆိုင်ရာ အစိုးရ ပေါ့လေ၊ ကျွန်မတို့ ဝန်ကြီးဌာနကနေတစ်ဆင့် ပို့တဲ့ ပြီးစီးမှုအခြေအနေတွေကို ကျွန်မတို့က ဒီဝန်ကြီးဌာနတွေရယ်၊ ကော်မတီတွေကနေ စုပြီးတော့မှ ဒါသွားပို့ပြီးတော့ သူတို့က ဒါပြီးစီးမှုတွေကို မှတ်ပါတယ်။ အဲဒီတစ်ပြိုင်တည်းမှာဘဲ ဒီ အာဆီယံမှာရှိတဲ့ ဒီ အရှေ့အာရှ၊ အာဆီယံ နဲ့ အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့ ကလည်း၊ ဧရိယာ ကလည်း သူက ASEAN Scorecard ဆိုပြီးတော့မှ Face 1, Face 2, Face 3 ဆိုပြီးတော့မှ သူက ဒီ(၃)နှစ်မှာ ပြန်လည်သုံးသပ်ပြီးတော့မှ ဒီသုံးသပ်မှုတွေ သူတို့ကိုယ်တိုင် သုံးသပ်တာမှန်ရဲ့လားဆိုတဲ့ ဟာကိုလည်း ပြန်သုံးသပ်ပါတယ်။ အဲဒီမှာလည်း မြန်မာနိုင်ငံဟာ အခြေအနေဟာ တော်တော်လေး တိုးတက်လျက် ရှိပါတယ်။ ဒီ လာအိုတို့ နောက်မှာရောက်နေတယ်ဆိုတာကလည်း မှန်ကန်မှု ရှိပါတယ်။ အဲဒါ အားလုံးဟာ ကျွန်မတို့ နိုင်ငံရဲ့ စွမ်းဆောင်နိုင်မှုထက် နိုင်ငံတကာကဝင်လာနိုင်မှုဆိုတဲ့ အချက်ကိုလည်း ကျွန်မတို့ ပြန်ပြီးတော့မှ စဉ်းစားဖို့ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ ကမ္ဘာ့စီးပွားရေးမှာ အပြည့်အဝပါဝင် ပေါင်းစည်းမှုရှိသော ဒေသဖြစ်ရေး ဆိုတော့ ကျွန်မတို့ဟာ အခု တံခါးလည်း ကိုယ့်ဘက်ကလည်း ဖွင့်လိုက်ပြီ၊ နိုင်ငံတကာကလည်း ပေါင်းစည်းဖို့အတွက် လာပြီဆိုတဲ့အတွက် ဒီ ၂၀၁၄-၁၅ မှာတော့ ဒီထက် အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နိုင်မယ်လို့ ဒါ မျှော်မှန်းထားပါတယ်။ AEC အမှတ်ပေး မှတ်တမ်းအရ ဒီ မြန်မာနိုင်ငံဟာ ပထမကာလဖြစ်တဲ့ ၂၀၀၈ ခုနှစ်၊ ၂၀၀၉ ခုနှစ်မှာ ဒီ ဆောင်ရွက် ရမယ့် လုပ်ငန်း(၁၀၇)ခု သတ်မှတ် ပေးခဲ့တာ ရှိတဲ့ အထဲမှာ (၁၀၁)ခု အကောင်အထည်ဖော်ခဲ့ပါတယ်။ လုပ်ငန်း(၆) ခုကျန်ခဲ့ပါတယ်။ အဲဒါဖြစ်တဲ့အတွက် (၉၄.၃၉)ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ အကောင်အထည်ဖော်နိုင်တဲ့ ရာခိုင်နှုန်းတွေကို ပြန်ကြည့်လို့ရှိရင် ကျွန်မတို့ဟာ စံသတ်မှတ်ပေးရေးတို့၊ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်း လုပ်တဲ့အခါမှာ ဒီလုပ်ငန်းတွေဟာ ပြည့်စုံပြီလားလို့ အခြေခံ အချက်တွေ ဖြစ်တဲ့အတွက် ကျွန်မတို့ နိုင်ငံမှာရှိပြီးသားဖြစ်တဲ့အတွက် ပထမနှစ်မှာတော့ ကျွန်မတို့ဟာ (၉၄.၃၉)ရာခိုင်နှုန်း ရတဲ့အချိန်မှာ အာဆီယံဒေသတစ်ခုလုံး ပြန်ပေါင်းလိုက်တဲ့အချိန်မှာ (၈၉.၅) ရာခိုင်နှုန်းပဲ ဖြစ်တဲ့အတွက် ကျွန်မတို့ဟာ ဒီ အာဆီယံ ဒေသတစ်ခုလုံး ထက်တောင် မြင့်တက်နေတဲ့ အခြေအနေဖြစ်ပါတယ်။

ဒုတိယကာလဖြစ်တဲ့ ၂၀၁၀-၁၁ မှာတော့ မြန်မာနိုင်ငံက ဆောင်ရွက်ပေးရမယ့် လုပ်ငန်း (၁၇၂)ခု ရှိပါတယ်။ အဲဒီအထဲမှာ (၁၄၀)ခု အကောင်အထည်ဖော်နိုင်ပြီး ဖြစ်ပြီး၊ လုပ်ငန်း(၃၂)ခုကို ကျန်နေတာကို ဆက်လက်ဆောင်ရွက်နေပါတယ်။ (၈၁.၄) အကောင်အထည်ဖော် နိုင်ပါတယ်။ အာဆီယံ ဒေသတစ်ခုလုံးမှာ (၇၂.၁၂) ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ ဒါ အာဆီယံ ဒီ(၄)နိုင်ငံ CLMV လို့ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (၄)နိုင်ငံကတော့ ဒါ အောက်ကနေ တက်နေတာ

ဖြစ်တဲ့အတွက် ဒီမှာ သူနဲ့ ကိုယ်နဲ့ သိပ်မကွာဘူးလို့ ပြောပေမယ့် ရှေ့ကသွားနေတဲ့ တချို့နိုင်ငံတွေဟာ ဖြေလျှော့မှုတွေကို ဒီ အာဆီယံ အတွက်တောင် ဖြေလျှော့မှုတွေ မလုပ်နိုင်ဘူး။ ဒီ (၆)နိုင်ငံက၊ ဥပမာ - စင်ကာပူနိုင်ငံ ဆိုရင်လည်း တချို့ကိစ္စရပ်တွေကို ဒီ ဖြေလျှော့မှု မလုပ်နိုင်ဘူး။ Free Flow of Services ဒီ လူတွေ ဝင်လာဖို့၊ သူတို့ဆီကို လူတွေ အလုပ်လုပ်ဖို့ ဆိုတာတွေ သူတို့က ဟန့်တား ထားတာတွေ ရှိတဲ့အတွက် အာဆီယံ တစ်ခုလုံးနဲ့ ခြုံကြည့်လို့ရှိရင်တော့ ကျွန်မတို့ ဒီ ကိုယ်လုပ်ရမယ့် အလုပ်တွေ ပြီးသလားဆိုရင် ဒုတိယကာလမှာလည်း (၈၁.၄)ပြီး ပြီးတော့ တခြားနိုင်ငံ တွေနဲ့ အားလုံး ပေါင်းလိုက်တဲ့အချိန်မှာ (၁၀)နိုင်ငံမှာတော့ (72.12)ပဲ ဖြစ်ပါတယ်။

အခု တတိယအဆင့်ကာလကိုလည်း ဒီ ဇန်နဝါရီလကနေပြီးတော့ မတ်လ(၃၁)ရက်နေ့ အထိ၊ ဒါ တစ်ကြိမ် ပြန်ပြီးတော့မှ ကျွန်မတို့ပြန်ဆန်းစစ်တဲ့အခါမှာ စစချင်းမှာ (၁၂၆)ခု ရှိပါတယ်။ လုပ်ရမယ့် အကောင်အထည်ဖော်ဆဲ ဖြစ်ပေမယ့် ဒီ ပထမကာလဖြစ်တဲ့ ဇန်နဝါရီ ကနေပြီးတော့မှ မတ်လ(၃၁)ရက်ထိမှာ (၅၃)ခု အကောင်အထည်ဖော်ပြီးမယ်လို့ ပြောတဲ့အခါမှာ (၄၁)ခုကို အကောင် အထည်ဖော် နိုင်ခဲ့ပါတယ်။ လုပ်ငန်း(၁၂)ခု ကျန်နေပါတယ်။ ဒီ (၁၂)ခုကလည်း များသောအားဖြင့် ကတော့ ကျွန်မတို့ ဒီလမ်းပန်းဆက်သွယ်ရေးကိစ္စတွေ၊ နောက်တစ်ခါ Customer Computerization လုပ်ဖို့ကိစ္စတွေဖြစ်တဲ့အတွက်၊ ကျွန်မတို့ အချိန်ယူဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီဟာတွေကလည်း ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီ အကောင်အထည် ဖော်တာကတော့ ဒီမတ်လ အထိမှာ (၈၂.၉) ရာခိုင်နှုန်း ဖြစ်ပြီးတော့မှ ဒီ အာဆီယံဒေသ တစ်ခုလုံးမှာ (၇၁.၈၈)ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဲဒီမှာ ကျန်နေတဲ့ လုပ်ငန်းတွေကိုလည်း ကျွန်မတို့ မှတ်တမ်း ဒါ အတည်ပြုထားပြီး ဖြစ်ပါတယ်။ ကျန်နေတဲ့ လုပ်ငန်းကတော့ အာဆီယံ အနေနဲ့ ဒီ Free Flow of Goods မှာ ဒီ အာဆီယံတစ်ခုလုံး လုပ်ရမယ့်ဟာရှိသလို မြန်မာနိုင်ငံအနေနဲ့ လုပ်ရမယ့် လုပ်ငန်းတွေ ရှိပါတယ်။ ပထမအနေနဲ့ ဈေးကွက်နဲ့ ထုတ်လုပ်မှု အခြေခံမှာဆိုရင် ဒီ Single Window ဆိုတဲ့ဟာက ဒီ Customs ရော၊ စီးပွား/ကူးသန်းရော သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ အားလုံးပါဝင်တဲ့ ဒီ National Single Window ဒီ Trade လုပ်တဲ့အခါမှာ Export/Import လုပ်တဲ့အခါမှာ လိုအပ်တဲ့ အချက် အလက် (၁)ခု ကျန်ပါတယ်။ နောက်တစ်ခါ Food Security အတွက် ကျန်ပါတယ်။ နောက်တစ်ခုက ASEAN Audit နဲ့ Certification of Food Hygiene ဆို Food Safety အတွက် ကျန်ပါတယ်။ နောက် လျှပ်စစ်ပစ္စည်းအတွက် ကျန်ပါတယ်။ နောက် ASEAN Investment Website တည်ထောင်ဖို့ ကျန်နေပါတယ်။ နောက် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသအတွက် ဆိုရင် တော့ ဒီ Consumer Protection လို့ပြောတဲ့ စားသုံးသူ အကာအကွယ်ပေးရေးနဲ့ ပတ်သက်ပြီးတော့မှ ကျွန်မတို့က ဒီ ASEAN Model အတိုင်း လိုက်နိုင်ဖို့ ကျွန်မတို့က လုပ်နေပါတယ်။

နောက်တစ်ခါ ဒီ Consumer Protection Digests ဆိုပြီးတော့မှ စာတွေထုတ်ဝေဖို့ ဒါ အစီအစဉ်တွေ ရှိပါတယ်။ နောက် Transposition ကိစ္စအထိ၊ ဟိုဟာပေါ့ ASEAN Connectivity နဲ့ ပတ်သက်ပြီးတော့မှ သူတို့ ဆောင်ရွက်ရမယ့်ကိစ္စလေး နည်းနည်းကျန်ပါတယ်။ နောက် စီးပွားရေးနဲ့ ဖွံ့ဖြိုးမှု မျှတသော ဒေသဖြစ်ဖို့ ဆိုတဲ့အတွက် ဒီ Work Plan, Framework for Equitable Economic Work Plan)ဆိုတာ အာဆီယံဒေသတစ်ခုလုံးနဲ့ ဆွဲရမယ့်ဟာ တစ်ခုကျန်ပါတယ်။ နောက်

ကမ္ဘာ့စီးပွားရေးမှာ အပြည့်အဝပါဝင်နိုင်ရေးဆိုတာ ဖြစ်တဲ့အတွက် ဒီ Regional Comprehensive Economic Partnership ဆိုတဲ့ဟာက Free trade ရော၊ ဒါ ထဲထဲဝင်ဝင် စီးပွားရေးလုပ်ဖို့အတွက် ကျွန်မတို့ဟာ ဆက်လက်ဆောင်ရွက်ဖို့ဆိုတဲ့ အချက်ကလေးတွေပဲ ကျန်တဲ့အတွက် ကျွန်မတို့ဟာ (၈၂.၉)ရာခိုင်နှုန်း ဖြစ်ပါတယ်။ အချက်(၇၀) ပေးထားတဲ့အထဲက ဒီ မတ်အထိကို (၅၈)အထိ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒီသက်ဆိုင်ရာ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းဟာ ဒီ သုတေသနအဖွဲ့မှာ ပါဝင်သလို ဒီ အာဆီယံထဲမှာ နိုင်ငံရေးအရ၊ စီးပွားရေးအရ အာဆီယံထဲမှာ အစိုးရအနေနဲ့ ပါဝင်နေသလို သုတေသနအဖွဲ့အနေနဲ့လည်း ကျွန်မတို့ မြန်မာနိုင်ငံမှာ စီးပွားရေး တက္ကသိုလ်မှာ (၂၀၀၈) ခုနှစ်ကတည်းက ဒီ Scorecard တွက်ပေးတဲ့ ဒီသုတေသနဌာနကြီးတစ်ခုအနေနဲ့ အာဆီယံမှာ ပါဝင်နေပါတယ်။ ဒီနေ့အထိလည်း ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မက သုတေသနဘက်မှာလည်း ပါဝင်ဖူးတဲ့အတွက် သုတေသနအနေနဲ့ ကြည့်ရင်တော့ ဒီအချက်တွေ ဆောင်ရွက်ပါလို့ ပြောတဲ့အချိန်မှာ ဒီ နိုင်ငံတိုင်းကတော့ လိုက်ပါဆောင်ရွက်တဲ့ဟာတွေရှိတယ်။ ဒါတွေကို ဖွင့်ထားပေးပါပြီလို့ ပြောပေမယ့် တကယ်တမ်း ဒီ စွမ်းရည်ပြည့်ဆောင်ရွက်နိုင်တဲ့ဟာတွေဟာ သိပ်ပြီးတော့မှ အားရစရာတွေကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပြောဆိုညှိနှိုင်းနေရတဲ့ဟာတွေ ရှိပါသေးတယ်။ ဒီဘက်က ဖွင့်ပေးပါ။ ဟိုဘက်က ဖွင့်ပေးပါ။ ဒီဘက်က လုပ်ပေးပါ။ ဟိုဘက်က လုပ်ပေးပါဆိုတာ ဖြစ်တဲ့အတွက် အခုအချိန်အထိ ညှိနှိုင်းဆောင်ရွက်နေပြီးတော့မှ AEC 2015, ဒီဇင်ဘာလ (၃၁) ရက်နေ့မှာတော့ ကျွန်မတို့ အခုကတိပြုထားတဲ့ ဟာရော၊ ဒီ ASEAN AEC Blueprint ပေါ့လေ။ ဒီ ဆွဲထားတဲ့အထဲက အချက်အလက်တွေ အားလုံးဟာ ၂၀၁၅၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ပြည့်မီရမှာဆိုတဲ့ဟာကိုလည်း ဒါ ကျွန်မတို့ နိုင်ငံအနေနဲ့ရော၊ ဝန်ကြီးဌာနအနေနဲ့ရော ကော်မတီတွေနဲ့ ဖွဲ့ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုကကျတော့ ဒီ ၂၀၁၄ မှာလည်း ကျွန်မတို့ဟာ အာဆီယံရဲ့ ဥက္ကဋ္ဌနေရာ ဆောင်ရွက်ရမယ့် အလှည့်ကျဥက္ကဋ္ဌနေရာ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ၂၀၁၄-၁၅ မှာ တစ်ပြိုင်တည်းပဲ ဒီဟာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုလည်း ဒီ ASEAN က ဘာ အစည်းအဝေးတွေ လုပ်နေပြီလဲဆိုရင် ၂၀၁၅ ပြည့်မီပြီးရင်၊ ၂၀၁၅ အလွန်မှာရော ဘာတွေ ဆက်လက်ဆောင်ရွက်မှာလဲဆိုတာကို စတင်ရေးဆွဲနေပြီ ဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးသလိုပဲ ကျွန်မတို့ နိုင်ငံအနေနဲ့တော့ ဒါ Benchmarks ရှိသလား၊ နှိုင်းယှဉ်စရာ ရှိသလား ဆိုတာကို (၄)နိုင်ငံ နှိုင်းယှဉ်လို့ရပါတယ်။ နှိုင်းယှဉ်တဲ့အခါမှာလည်း ကျွန်မတို့ ကျန်နေတယ်လို့ ပြောသော်ငြားလည်း တစ်ခါတလေကျရင် ကတိပြုထားတဲ့ အချက်တွေ မတူပါဘူး။ ဘယ်လောက်ပြည့်မီသလဲဆိုရင် ဒီအချို့အချက် တွေကတော့ ကျွန်မတို့ လုပ်ပေးနိုင်တဲ့ဟာရှိသလို၊ အချို့အချက်တွေဟာ မလုပ်ပေး နိုင်တာရှိတဲ့အတွက် တစ်နိုင်ငံနဲ့တစ်နိုင်ငံ မဖြည့်ဆည်းနိုင်တဲ့ဟာ၊ ညီမျှတဲ့ဟာတွေလည်း ရှိပါတယ်။ အကုန်လုံး တစ်ပြေးညီ လုပ်ရမယ့်ဟာ ရှိသလို နိုင်ငံအလိုက် ဆက်လက်ဖြည့်ဆည်း သွားရမယ့်ဟာတွေလည်း ရှိတဲ့အတွက် ကျွန်မတို့ ဒီ စီးပွားရေး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အနေနဲ့ Focal လိုက်လုပ်ပြီးတော့မှ မနေ့ကလည်း ဒီ ကော်မတီ(၁၅)ခု ရှိပါတယ်။ ဒီ စီးပွားရေးနဲ့ ဆောင်ရွက်ရမှာ ကော်မတီ(၁၅)ခုအပြင် ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ နောက်တစ်ခါ UMFCCI, နောက်တစ်ခါ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနဲ့ မနေ့ကပဲ အစည်းအဝေး လုပ်ပြီးတော့မှ ကျွန်မတို့ ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပဲ ဒီ ၂၀၁၅ အမီတော့

ဒီ(၄)ချက်နဲ့ ကျွန်မတို့ စုစည်းမှုဖြစ်မယ် ဒီ တစ်ဖွဲ့တစ်ဖွဲ့ချင်း လုပ်နေတာထက်စာရင် အင်အား ဖြစ်အောင်၊ နောက်တစ်ကြိမ် အစည်းအဝေး လုပ်ရင်တော့ ဒီ(၁၅) ဖွဲ့ဟာ ဒီ(၄)ချက်နဲ့မီအောင် ဘာတွေလုပ်နေသလဲ ဆိုတဲ့ဟာကို ကျွန်မတို့ ဆွေးနွေးမယ်၊ ပြီးရင် အကောင်အထည် ဖော်ကြမယ် ဆိုပြီးတော့ မနေ့က အစည်းအဝေး ဆုံးဖြတ်ခဲ့ပါတယ်။

ဒီကော်မတီတွေရော UMF ပုဂ္ဂလိကတွေနဲ့ရော ဒါတွေအားလုံး ဆွေးနွေးနေတာဟာ ကျွန်မတို့ လစဉ် လုပ်သွားပါတယ်။ ၂၀၀၈ ခုနှစ်ကတည်းက လုပ်နေတာ ဖြစ်ပါတယ်။ နောက်တစ်ခါ လစဉ်မလုပ်နိုင်တောင်မှ ကျွန်မတို့ဟာ (၂)လပေါင်းပေမယ့်လည်း သက်ဆိုင်ရာ ကော်မတီက ကိုယ်ဆောင်ရွက်ထားတဲ့ အခြေအနေတွေ နိုင်ငံမှာလုပ်လို့ အဆင်ပြေတဲ့ အခြေအနေတွေ ချက်ချင်း မဖြစ်သေးတဲ့ အခြေအနေတွေကိုလည်း တင်ပြပြီးတော့ ကော်မတီ တစ်ခုနဲ့တစ်ခု ကျွန်မတို့ဟာ ဒါ ပူးပေါင်းဖို့၊ နောက်တစ်ခါ ကူညီဖို့ ဒီဟာတွေ ဆောင်ရွက်ရန် ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ စိုးရိမ်မယ်ဆိုလို့ရှိရင် ဒါ တစ်ဖက်ကကြည့်မယ်ဆိုရင်တော့ (၁၀၀)ရာခိုင်နှုန်း မပြည့်လို့ စိုးရိမ်စရာ ရှိပေမယ့်လည်း နိုင်ငံတိုင်းဟာ (၁၀၀)ရာခိုင်နှုန်းမပြည့်ပါဘူး။ (၁၀၀)ရာခိုင်နှုန်းမပြည့်လို့လည်း ကျွန်မတို့ဟာ ပေါ့ပေါ့လျော့လျော့ လုပ်နေတာ မဟုတ်ပါဘူး ဆိုတဲ့ အကြောင်းနဲ့ (၁၀၀)ရာခိုင်နှုန်း ပြည့်မီဖို့အတွက်လည်း ကြိုးစားနေတဲ့အကြောင်း၊ ဆောင်ရွက်နေတဲ့အကြောင်း တင်ပြရင်းနိဂုံးချုပ် အပ်ပါတယ်ရှင့်။

**မာန်အောင်မြို့နယ်၊ အိုးဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော (ပေ ၁၂၀/ပေ ၃၀) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ်၊ အိုးဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ( ပေ ၁၂၀/ ပေ ၃၀) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတဲ့ မေးခွန်း ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ အိုးဝကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော (ပေ ၁၂၀/ပေ ၃၀) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ် အိုးဝကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ယင်းသို့ တိုးမြှင့်ခွင့် ရရှိခဲ့သော်လည်း အခြေခံပညာအလယ်တန်း ကျောင်းသားများအတွက် စာသင်ဆောင်အသစ် ဆောက်လုပ်ပေးခြင်း မရှိသေးဘဲ ယခင်မူလတန်းကျောင်း စာသင်ဆောင်များဖြစ်သော (ပေ ၃၀/ ၂၅ပေ) စာသင်ဆောင်(၁) ဆောင်နှင့် (ပေ ၇၅/၂၅ပေ)စာသင်ဆောင်(၁)ဆောင် စုစုပေါင်း စာသင်ဆောင်(၂)ဆောင်တွင် ရှိသော စာသင်ခန်း(၅)ခန်းတွင်သာ ကြပ်တည်းစွာ သင်ကြားနေကြရပါတယ်။ နောက်ထပ်တိုးချဲ့ဖွင့်လှစ်လိုက်သော အခြေခံပညာ အလယ်တန်းအဆင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသားများအတွက် စာသင်ခန်း(၄)ခန်း လိုအပ်လျက်ရှိနေပါတယ်။ ဒီလိုအပ်နေသော စာသင်ခန်း (၄)ခန်းအတွက် (ပေ ၁၂၀/ပေ ၃၀) သွပ်မိုးအုပ်ညှပ် တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးပါရန် ကျောင်းအုပ်ဆရာကြီးနဲ့ မြို့နယ်ပညာရေးမှူးတို့က ၂၀-၇-၂၀၁၂ နေ့တွင် နည်းလမ်းတကျ လျှောက်ထားတင်ပြ တောင်းခံထားသော်လည်း ယနေ့အထိ အကြောင်းတစ်စုံတစ်ရာ သိရှိရခြင်း မရှိသေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်သည် မာန်အောင်ကျွန်းပေါ်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်သွားလာရေး အလွန်ခက်ခဲသော မြို့နယ်တစ်နယ်ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၀၁/၂၀၁၂ ဖြင့် ထုတ်ပြန်တဲ့ ဝေးလံခေါင်သီမြို့နယ်(၈၇)မြို့နယ်တွင် တစ်မြို့နယ် အပါအဝင် ဖြစ်ပါတယ်။ ဒီလို နယ်ရှိပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထူးဦးစားပေး ဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ အိုးဝကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိတဲ့ (ပေ ၁၂၀/ပေ ၃၀) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိကမည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာဘရွှေ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာဦးဘရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်မှ မေးမြန်းသော မာန်အောင်မြို့နယ်၊ အိုးဝကျေးရွာ အခြေခံပညာလယ်တန်းကျောင်းမှာ ကျောင်းဆောင်သစ် တည်ဆောက်ရေးနဲ့ ပတ်သက်လို့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄

ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေမှနေပြီးတော့ ရခိုင်ပြည်နယ် အတွင်းမှာ ဦးစားပေး အစီအစဉ်အရ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်အတွက် အခြေခံပညာကျောင်းပေါင်း(၁၄၉)ကျောင်းအတွက် ရန်ပုံငွေ ကျပ်သန်းပေါင်း(၆၁၈၈)သန်းကို ခွဲဝေလျာထားပေးပြီး ဖြစ်ပါတယ်။ အဆိုပါ ကျောင်းများအနက်မှ မာန်အောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း(၁၀)ကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရန်ပုံငွေကျပ် သန်းပေါင်း(၂၁၆)သန်းကို ခွဲဝေလျာထားပေးခဲ့ပြီး ဖြစ်တဲ့အတွက် ယခုတင်ပြတဲ့ အိုးဝကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းအား ယခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲအတွင်း သစ်ထုတ်ကုမ္ပဏီများ၏ သစ်ထုတ်လုပ်ခွင့်ရသော သစ်ထုတ်ဒေသများ အတွင်းတွင် ခုတ်လှဲပြီး သစ်လုံးကြီးများ အမြောက်အမြား ကျန်ရှိနေခြင်းနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း က ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲအတွင်း သစ်ထုတ်ကုမ္ပဏီများ၏ သစ်ထုတ်လုပ်ခွင့်ရသော သစ်ထုတ်ဒေသများ အတွင်းတွင် ခုတ်လှဲပြီး သစ်လုံးကြီးများ အမြောက်အမြား ကျန်ရှိနေခြင်းနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲအတွင်း သစ်ထုတ်ကုမ္ပဏီများ၏ သစ်ထုတ်လုပ်ခွင့်ရသော သစ်ထုတ်ဒေသများ အတွင်း၌ ခုတ်လှဲပြီး သစ်လုံးကြီးများ အမြောက်အမြား ကျန်ရှိနေခြင်းနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း မေးခွန်းအား မေးမြန်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းမေးမြန်းရတဲ့ ရည်ရွယ်ချက်က ပြည်သူများအတွက် အကျိုးမရှိဘဲ နိုင်ငံတော်အတွက် အကြောင်းမဲ့ အလေအလွင့်ဖြစ်နေခြင်းကို ကာကွယ်ရန်နှင့် သစ်ထုတ်လုပ်သော ကုမ္ပဏီများအား စနစ်တကျထိန်းကွပ်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းတွင် သစ်ထုတ်လုပ်နေတဲ့ ကုမ္ပဏီများစွာရှိကြပါတယ်။ ကုမ္ပဏီများစွာရှိတဲ့အနက် ကျွန်တော်တို့ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲအတွင်းတွင် သစ်ထုတ်လုပ်နေတဲ့ ကုမ္ပဏီများကို ကိုးကားပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲအတွင်းတွင် MRT သစ်ထုတ်ကုမ္ပဏီ၊ ကောင်းမြတ် သစ်ထုတ်ကုမ္ပဏီ၊ ပေါင်းလောင်းဝ သစ်ထုတ်ကုမ္ပဏီ၊ တာမိုးညဲ သစ်ထုတ်ကုမ္ပဏီ စတဲ့ သစ်ထုတ်ကုမ္ပဏီများ သစ်ထုတ်လုပ်နေကြပါတယ်။ ကုမ္ပဏီများမှာ အခြေအနေအမျိုးမျိုးကြောင့် မိမိတို့ သစ်ထုတ်လုပ်ခွင့်ရရှိသော သစ်ထုတ်ဒေသများမှ သစ်သယ်ယူ၍ မကုန်သော ခုတ်လှဲပြီးသား သစ်လုံးကြီးများ မြောက်များစွာ သစ်ထုတ်ဒေသအတွင်းတွင် ကျန်ရှိနေသည်ကို တွေ့ရှိရပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ထုတ်လုပ်တဲ့ ကုမ္ပဏီများရဲ့ သဘောသဘာဝအရ နှစ်စဉ်သစ်ထုတ်လုပ်တဲ့ဒေသ ပြောင်းလဲနေတဲ့အတွက် ကနဦးနှစ်များတွင် ထုတ်လုပ်ထားသော သစ်ထုတ်ဒေသအတွင်းတွင် ခုတ်လှဲပြီးသား သစ်လုံးကြီးများ ကျန်ရှိနေခြင်း ဖြစ်ပါတယ်။ ဒီလို ကျန်ရှိနေတဲ့အတွက် ခုတ်လှဲပြီးသားသစ်လုံးကြီး အမြောက်အများဟာ ဆွေးမြေ့သွားတဲ့အတွက် နိုင်ငံတော်အတွက်လည်းအကျိုးမရှိ၊ ပြည်သူလူထုအတွက်လည်းအကျိုးမရှိ၊ ကုမ္ပဏီအတွက်လည်း အကျိုးမရှိတဲ့အပြင် သစ်တောပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း အကျိုးများကိုသာ ရရှိခြင်းဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တဲ့ မေးခွန်းကတော့ (က) သစ်ထုတ် ကုမ္ပဏီများ၏ သစ် ထုတ်လုပ်ခွင့်ရသော သစ်ထုတ်ဒေသများအတွင်းတွင် ခုတ်လှဲပြီး သစ်လုံးကြီးများ အမြောက်အများကျန်ရှိနေခြင်းကို သက်ဆိုင်ရာမှ သိရှိခြင်းရှိ/ မရှိ နဲ့ အကယ်၍ သိရှိလျှင် ၎င်းခုတ်လှဲပြီးသား သစ်လုံးကြီးများနှင့် ပတ်သက်၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုပါတယ် ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၁။**

**ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ကျန်းမာရွှင်လန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ရဲ့ သစ်ထုတ်လုပ်သော ကုမ္ပဏီများ၏ သစ် ထုတ်လုပ်ခွင့်ရသော သစ်ထုတ်ဒေသများတွင် ခုတ်လှဲပြီး သစ်လုံး အမြောက်အမြား ကျန်ရှိခြင်းကို သက်ဆိုင်ရာမှ သိရှိခြင်း ရှိ/မရှိ စတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံအတွင်းမှာ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို နှစ်စဉ်လျာထား သတ်မှတ်ပြီးတော့ မြန်မာ့သစ်လုပ်ငန်းမှလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းကိုယ်စား သစ်ထုတ်လုပ်ငန်းဆောင်ရွက်နိုင်သည့် ကုမ္ပဏီများမှလည်းကောင်း အသီးသီးဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ နှစ်စဉ် သတ်မှတ်လျာထားချက်များအတိုင်း သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် တောတွင်းမှ သစ်လုံးများကို သတ်မှတ်

သစ်ဆိပ် အသီးသီးကို အပြည့်အဝ ရောက်ရှိရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီးတော့ သစ်လုံးများ တောတွင်း မကျန်ရှိစေရေးနဲ့ လေလွင့်ပျက်စီးမှု မရှိစေရေးတို့အတွက်လည်း အထူး အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

သစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သစ်ထုတ်လုပ်တဲ့ ဒေသ၏လုံခြုံမှု၊ လမ်းပန်းဆက်သွယ်မှုနှင့် ရာသီဥတု အခြေအနေများအရ အချို့ဒေသများတွင် အချိန်မီ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ တောတွင်း၌ သစ်ကျန်ရှိနေမှုများ ဖြစ်ပေါ်တတ်ပါတယ်။ သို့ရာတွင် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် တောကျန် သစ်များကို အချိန်ကြန့်ကြာမှု မရှိစေဘဲ နောင်နှစ်ပွင့်လင်းရာသီများတွင် ပြန်လည်ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ကုမ္ပဏီများကို အထူးအလေးထား တွန်းအားပေး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ တောကျန်သစ်အများအပြား ကျန်ရှိနေသည့် အနေအထားလည်း မရှိကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဖော်ပြထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲမှာရှိသော လေညှာကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောတို့တွင် ၂၀၁၁-၂၀၁၂ ခုနှစ်ဘဏ္ဍာနှစ် သစ်ထုတ်ရာသီ၌ MRT ကုမ္ပဏီ၊ ကောင်းမြတ်ကုမ္ပဏီ၊ တာမိုးညဲ ကုမ္ပဏီနှင့် ပေါင်းလောင်းဝ ကုမ္ပဏီ တို့အား မြန်မာ့သစ်လုပ်ငန်း ကိုယ်စား သစ်ထုတ်လုပ်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ကောင်းမြတ်နှင့် တာမိုးညဲကုမ္ပဏီတို့သည် သတ်မှတ်လျာထားချက်များ အတိုင်း တောကျန်သစ် မရှိဘဲနဲ့ အပြည့်အဝ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

သို့ရာတွင် MRT ကုမ္ပဏီမှာ သစ်မာ(၁၈၅)တန်ခန့်အထိ ပေါင်းလောင်းဝကုမ္ပဏီမှာ သစ်မာတန်(၈၀) စုစုပေါင်းသစ်မာ(၂၆၅)တန်ခန့် ထုတ်လုပ်ရန်ကျန်ရှိခဲ့ပါတယ်။ MRT ကုမ္ပဏီက လေညှာ ကြိုးဝိုင်းအတွင်း တောကျန်သစ်(၁၈၅)တန်ကို ၂၀၁၂-၂၀၁၃ ခုနှစ်ဘဏ္ဍာနှစ် ပွင့်လင်းရာသီတွင် ထုတ်လုပ်ရန် စီစဥ်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကရင်နှင့် မွန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက်ကြောင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ပေါင်းလောင်းဝကုမ္ပဏီအနေနဲ့လည်း လေညှာကြိုးပြင်တွင် ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာနှစ်တွင် သစ်ထုတ်ခဲ့ရာ ၂၀၁၂ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် မိုးစတင် ရွာသွန်းမှုကြောင့် သစ်တိုက်လမ်းများ ပျက်စီးပြီးတော့ လက်ရှိ ဆက်လက်ပြီးတော့ သစ်ထုတ်နိုင်တဲ့ သစ်ထုတ်လုပ်နိုင်ခြင်း မရှိတာကြောင့် သစ်လုံးတန်(၈၀)ခန့် ကျန်ရစ်ခဲ့ခြင်း ဖြစ်ပါတယ်။ တစ်ဖန် ၂၀၁၂ - ၂၀၁၃ ခုနှစ်ဘဏ္ဍာနှစ်အတွင်းလည်း ဒီလေညှာကြိုးပြင်မှာ ဆက်လုပ်ဖို့ ရန်ဖြစ်သော်လည်းပဲ Myanmar Auto Coperation ၏ ဆီအုန်းစိုက်ပျိုးသည့် ဧရိယာအတွင်းမှာ ကျရောက်သွားတာကြောင့် ဒီ ပေါင်းလောင်းဝကုမ္ပဏီနဲ့ အခြားမိုင်(၁၂၀)ခန့် ကွာဝေးတဲ့ သိမ်ခွန် ကြိုးဝိုင်းကို ပြောင်းရွှေ့ပြီးတော့ လုပ်ငန်းဆောင်ရွက်ခဲ့တာကြောင့် လေညှာကြိုးပြင်မှာ ကျန်ရစ်ခဲ့တဲ့ တန်(၈၀)ကိုလည်းပဲ ထုတ်လုပ်နိုင်ခြင်း မရှိခဲ့တာကို တွေ့ရှိရပါတယ်။ ဖော်ပြပါကာလအတွင်းမှာ ကျန်ရှိသည့် သစ်မာ သစ်လုံးများကို ဆုံးရှုံးမှုမရှိစေရေးအတွက် လာမည့်ပွင့်လင်းရာသီတွင် သစ်ဆိပ်သို့ အရောက် ထုတ်ယူ သွားမှာဖြစ်ပါတယ်။

တာဝန်ရှိ ပုဂ္ဂိုလ်အသီးသီးကလည်း နယ်မြေအရောက် ဆင်းပြီးတော့ ဒီကိစ္စများကို စိစစ်ဆောင်ရွက်တာကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးလည်း နယ်မြေမှာတွေ့ရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကျန်ရှိတဲ့ ဖော်ပြပါ တောကျန်သစ်များကို လာမယ့် ပွင့်လင်းရာသီမှာ ကျွန်တော်

တို့ MRT ကုမ္ပဏီ ရဲ့ တောတွင်းကျန်သစ် (၁၈၅)တန်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၁ ရက်နေ့မှ ၂၇ ရက်နေ့အတွင်းနဲ့ ပေါင်းလောင်းဝုကုမ္ပဏီက တောကျန်သစ်တန်(၈၀)ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၄ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း အပြီးသတ်ထုတ်လုပ်နိုင်ရေးအတွက်ကို စီမံမှုများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အလားတူ အခြားနေရာများတွင်လည်း ဒါကျွန်တော်တို့ ကြပ်မတ်ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ ဒီအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထောက်ပြချက်ဟာ ရည်ရွယ်ထားတဲ့အတိုင်း ကျွန်တော်တို့ သစ်ထုတ်ကုမ္ပဏီများကို နိုင်ငံတော်ရဲ့ သယံဇာတများ ဆုံးရှုံးလေလွင့်မှု မရှိစေရေး ကြပ်မတ်ပေးစေလိုလို့ တင်ပြတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အထူးပင် ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ပြီးတော့ တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရကိုယ်စား စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေမူကြမ်းအား အတည်ပြုနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ထံမှာ အဆို တင်သွင်းခြင်းလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့ အာဆီယံ အဖွဲ့ဝင်နိုင်ငံ ဖြစ်တာနဲ့အညီ အာဆီယံ စီးပွားရေးအသိုက်အဝန်းအောက်မှာ ပါဝင်တဲ့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ရေးဆွဲရခြင်း ဖြစ်ပါတယ်။ စားသုံးသူတို့အနေနဲ့ ၎င်းတို့ရဲ့ အခွင့်အရေးများကို သိရှိနားလည်ပြီး တောင်းဆိုရယူနိုင်ရန်နဲ့ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို သုံးစွဲရာမှာ လိမ်လည်မှုနဲ့ လှည့်စားမှုတို့ မခံရစေဖို့ စားသုံးသူတို့ရဲ့ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်တဲ့ စနစ်တစ်ရပ် ပေါ်ပေါက်လာစေဖို့ စားသုံးသူအား ဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းတဲ့ သတင်းအချက်အလက်များ ဖြန့်ဝေ အသိ

ပေးခြင်းတို့ ပါဝင်တဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအစီအမံ ပေါ်ပေါက်လာစေဖို့နဲ့ စီးပွားရေးလုပ်ငန်းရှင်များက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းအပေါ်မှာ အလေးထား ခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာမှာ ရိုးသားပြီး တာဝန်ယူမှုရှိသော အပြုအမူများ ဖြစ်ပေါ်လာ စေဖို့၊ စားသုံးသူတို့ရဲ့ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ကျန်းမာရေး စိတ်ကျေနပ်မှုရှိစေရေးတို့ အတွက် အာမခံပေးနိုင်တဲ့ အရည်အသွေး မြင့်မားသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဖော်ဆောင် ဖြည့်ဆည်းပေးနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ရေးဆွဲခဲ့ခြင်းဖြစ်တဲ့အတွက် စားသုံးသူ အကာ အကွယ်ပေးရေး ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တင်သွင်းတဲ့ အဆိုကို ကျွန်တော် ဦးထွန်းဇော် က ထောက်ခံပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ စားသုံးသူ ကာကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၅-၇-၂၀၁၃ (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရမယ့် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ဆက်သွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက် များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်သွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးစံထွန်း (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်း ဖြစ်ပါတယ်။ ကော်မတီရဲ့ကိုယ်စား ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ အကြံပြုချက်အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြန်လည် စိစစ်တင်ပြချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားပါ့မယ်။

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ၇-၃-၂၀၁၃ ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သော ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် အစီရင်ခံစာ ဖတ်ကြားခဲ့ပါသည်။ ၇-၃-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၃)ဦးက ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ပါသည်။ ယင်းအကြံပြုချက်၊ ဆွေးနွေးချက်များကို လွှတ်တော်က တာဝန်ပေးချက်အရ ထပ်မံကြားနာ လေ့လာစိစစ်၍ ဥပဒေကြမ်းကော်မတီ၏ ထပ်မံ ဖြည့်စွက် ပြင်ဆင်ချက်များအား အစီရင်ခံ တင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ နှင့် ညှိနှိုင်းသဘောတူညီချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ -

(၁) ဤဥပဒေကြမ်း၏ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)၌ ဖော်ပြထားချက်များအစား အခွင့်အလမ်းတူ ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဖြစ်စေပြီး သုံးစွဲသူများ အကျိုးရှိစေမည့် ဝန်ဆောင်မှုလုပ်ငန်းများကို မှန်ကန်စွာ ရွေးချယ်နိုင်စေရန် အတွက် ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများဖြင့် ပိုမိုပါဝင်ဆောင်ရွက်နိုင်စေခြင်းဖြင့် အရည်အသွေး မြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွက်လာစေရန် ဟု ပြင်ဆင်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ထို့ပြင် အခွင့်အလမ်းတူမျှပြီး ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်လာစေရန် ဦးစီးဌာနသည် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် ရွေးချယ်ခြင်းဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများကို အများသိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည် ဟူသော စာပိုဒ်အား ပုဒ်မ ၈ အဖြစ် အသစ်ဖြည့်စွက်ရန်နှင့် ပုဒ်မ ၈ အရ စိစစ်ရန် လိုအပ်သဖြင့် မူလဥပဒေကြမ်း ပုဒ်မ ၈ ၌ ဖော်ပြထားချက်များတွင် ဦးစီးဌာနသည် ပုဒ်မ ၇ အရ လျှောက်ထားချက်ကို ဟူသော စာသား၏နောက်၌ ပုဒ်မ ၈ အရ စိစစ်ပြီး ဟူသော စာသားအား ဖြည့်စွက်ရန်နှင့် ပုဒ်မ ၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ထို့ပြင် ဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း တည်ထောင် လုပ်ကိုင်ခွင့် ယှဉ်ပြိုင်မှုများ တရားမျှတပြီး လွတ်လပ်၍ အခွင့်အလမ်း တူမျှစေရေးအတွက် မူဝါဒနှင့်အညီ ရွေးချယ်ခြင်း လုပ်ငန်းအရပ်ရပ်ကို ပွင့်လင်းမြင်သာစွာ ကြီးကြပ်ဆောင်ရွက်ရမည် ဟူသော အပိုဒ်အား ပုဒ်မ ၁၀ အဖြစ် အသစ်ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(၂) ဤဥပဒေကြမ်း ပုဒ်မ ၁၇ ၌ ဖော်ပြထားချက်များအစား သုံးစွဲသူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှုရှိစေရန် လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းမှတစ်ဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသော သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် သုံးစွဲသူ ပြည်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ

ခွင့်ပြုထားသည့် ကိစ္စမှအပ သက်ဆိုင်ခြင်းမရှိသူအား ထုတ်ဖော်အသိပေးခြင်း မပြုရ ဟု ပြင်ဆင်ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ထို့ပြင် ဤဥပဒေကြမ်း၏ ပုဒ်မ ၃၇ တွင် ဖော်ပြထားသည့် ပြိုင်ဆိုင်မှုကို သိသာစွာ လျော့နည်းစေသည့် မည်သည့် လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်ခြင်း မပြုရ ဟူသည့် စာသားမှာ တားမြစ်ရန် လုံလောက်မှု မရှိပါသဖြင့် မည်သည့် လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်ခြင်း မပြုရ ဟူသော စာသား၏ ရှေ့တွင် မလျော်ကန်သော နည်းလမ်းများဖြင့် လွတ်လပ်စွာ ပြိုင်ဆိုင်မှုသဘောသဘာဝကို ပျက်ပြားစေသည့် ဟူသော စာသားအား ဖြည့်စွက်ရန်နှင့် ပုဒ်မ ၃၈ အဖြစ် ပြောင်းလဲအမှတ်စဥ်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော်၊ တပ်မတော်သားကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဥ်း၍ -

(၁) ဤဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဈ) ရှင်းလင်းချက်အား ပုဒ်မ ၃၊ ပုဒ်မခွဲ( င) အဖြစ် ပြောင်းလဲဖော်ပြရာတွင် ရှင်းလင်းချက်မှာ ကွန်ရက်နယ်နိတ်မိတ်မှ ရှင်းလင်းချက် မဟုတ်ဘဲ အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်အတွက် ရှင်းလင်းချက် ဖြစ်ပါသဖြင့် စာပိုဒ်အစတွင် ကွန်ရက်နယ်နိမိတ် စာသား၏ ရှေ့တွင် အသုံးပြုသူဘက်ရှိ ဟူသော စာသားအား ဖြည့်စွက်ရန် ညှိနှိုင်းသဘော တူညီခဲ့ပါသည်။ ထို့ပြင် ပုဒ်မ ၃၊ ပုဒ်မခွဲ(ဓ)တွင် ဖော်ပြထားချက်များ၌ လှိုင်းနှုန်းစဥ်များတွင် လျှပ်စစ်သံလိုက်လှိုင်း တစ်ခုထဲသာ မဟုတ်ဘဲ အသံလှိုင်း၊ အလင်းလှိုင်းများပါ ပါဝင်ပြီး ဆက်သွယ်နိုင်ပါသဖြင့် ပြည့်စုံစွာ ဖော်ပြနိုင်ရန် အတွက် လျှပ်စစ်သံလိုက်လှိုင်းနှုန်းစဥ်ကို ဆိုသည် ဟူသော စာသားအစား လျှပ်စစ်သံလိုက်လှိုင်းအပြင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အသံလှိုင်း၊ အလင်းလှိုင်းများလည်း ပါဝင်သည် ဟု ပြင်ဆင်ရန်နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ(ဏ)အဖြစ် ပြောင်းလဲအမှတ်စဥ်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ထို့ပြင် ဤဥပဒေကြမ်း ပုဒ်မခွဲ ၅ ၌ ဖော်ပြထားချက်များတွင် အပြည်ပြည် ဆိုင်ရာ ဆက်သွယ်ရေး ဝင်ပေါက်ထွက်ပေါက်များ တိုးချဲ့အသုံးပြုနိုင်ရေး အတွက် ထိုသို့ သတ်မှတ်ရာတွင်လည်း လုပ်ငန်းလိုင်စင် ရရှိသူများ၊ စီးပွားဖြစ် ကွန်ရက်ပေါ်တွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံတော်၏ ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလို့ငှာ လိုအပ်လျှင် အခြား အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုနိုင်သည် ဟူသော စကားရပ်အား မူလဖော်ပြချက်၏ နောက်တွင် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(၂) ဤဥပဒေကြမ်း၏ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)၌ ဖော်ပြထားချက်များတွင် ကန့်သတ်ချက် များရှိသည့် အချို့သောကိစ္စရပ်များ၌ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်အား ရယူရန် လိုအပ်သဖြင့် ပုဒ်မ ၉ အရ တင်ပြချက်ကို ရရှိသည့်အခါ ပြည်တွင်းမှ လျှောက်ထားချက်ဖြစ်ပါက သတ်မှတ်ချက်များနှင့် ညီညွတ်သော

လျှောက်ထားချက်များကို ဝန်ကြီးဌာနက ခွင့်ပြုနိုင်ပြီး ကန့်သတ်ချက်များရှိ၍ ခွင့်မပြုနိုင်လျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ အတည်ပြုချက် ရယူရန် လိုအပ်သော လုပ်ငန်းမျိုး ဖြစ်လျှင်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်အား ရယူရမည် ဟု ပြင်ဆင်ရန်နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် ညှိနှိုင်းသဘောတူခဲ့ပါသည်။ ထို့ပြင် ကိုယ်ရေးကိုယ်တာသုံး ဆက်သွယ်ရေးပစ္စည်းများ လွယ်ကူစွာထားရှိ အသုံးပြုနိုင် စေရေး လိုင်စင်လျှောက်ထားမှုကို ဖြေလျှော့ပေးနိုင်ရန်အတွက် တစ်ကိုယ်ရေသုံး ဆက်သွယ်ရေးပစ္စည်းများ၊ အသုံးပြုသူဘက်ရှိ ကွန်ရက် နယ်နိမိတ်သုံးပစ္စည်း များအား လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း ဟူသော စကားရပ်အား ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ)အဖြစ် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူခဲ့ပါသည်။

(၃) ထို့ပြင် မလိုအပ်ဘဲ နိုင်ငံတော် ဘဏ္ဍာငွေ ကုန်ကျမှုမရှိစေရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရန် လိုအပ်ချက်များအတွက်ပါ စီမံခန့်ခွဲနိုင်ရန်အတွက် ဦးစီးဌာနသည် လုပ်ငန်းလိုင်စင် ရရှိသူများ၏ ကွန်ရက် အထောက်အကူပြု ပစ္စည်းများ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းတို့တွင် မလိုအပ်ဘဲ ဘဏ္ဍာငွေ ကုန်ကျမှု မရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် ပူးပေါင်း ဆောင်ရွက်မှုများကို စီမံခန့်ခွဲပေးနိုင်သည် ဟူသော စကားရပ်အား ပုဒ်မ ၄၆ အဖြစ် အသစ်ဖြည့်စွက်ဖော်ပြရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ထို့ပြင် ပုဒ်မ ၆၂၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားချက်များ၌ ဆက်သွယ်ရေး ကွန်ရက်အတွင်းသို့ မရိုးမဖြောင့်သော သဘောဖြင့် ဝင်ရောက်ကြည့်ရှုခြင်းအား ဟန့်တားနိုင်စေရန် အတွက် သဘောတူညီချက်မရှိဘဲ ဝင်ရောက်ခြင်း ဟူသော စာသားအစား သဘောတူညီချက်မရှိဘဲ မရိုးမဖြောင့်သော သဘောဖြင့် ဝင်ရောက်ခြင်းဟု ဖြည့်စွက်ပြီး ပုဒ်မ ၆၄၊ ပုဒ်မခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်ရန်နှင့် ပုဒ်မ ၆၆၊ ပုဒ်မခွဲ(ခ) အား မလိုအပ်၍ ပယ်ဖျက်ရန် ညှိနှိုင်းသဘောတူခဲ့ပါသည်။

(၄) ဤဥပဒေကြမ်း ပုဒ်မ ၇၂ ၌ ဖော်ပြထားချက်များတွင် နည်းပညာ စံချိန်စံညွှန်း များကိုစွ ဟူသည့် စာသား၏နောက်၌ လိုင်းနှုန်းစဉ်များ စီမံခန့်ခွဲခြင်းဆိုင်ရာ ကိစ္စများ ဟု ဖြည့်စွက်ပြီး ဤဥပဒေအရ ခွင့်ပြုထားသည့် လိုင်စင်ရရှိသူများ ဟူသော စာသားအား မလိုအပ်၍ ပယ်ဖျက်ပြီး အသုံးပြုသူများ ဟူသည့် စာသား၏ နောက်တွင် ကျွမ်းကျင်သူ ပညာရှင်များ ဟူ၍လည်းကောင်း ဖြည့်စွက်ပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များကို သီးခြားပြဋ္ဌာန်းပေးရန် လိုအပ်သဖြင့် မူလဖော်ပြချက် အဆုံး၌ ကော်မတီ၏ လုပ်ငန်းတာဝန်များကို သီးခြားပြဋ္ဌာန်းပေးရမည် ဟူသော စာသားအား ဖြည့်စွက်ပြီး ပုဒ်မ ၇၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် ညှိနှိုင်းသဘောတူခဲ့ပါသည်။

(၅) ဤဥပဒေကြမ်း၏ ပုဒ်မ ၇၃ ၌ ဖော်ပြထားချက်များအား နိုင်ငံသားတို့၏ မူလ အခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လုံခြုံရေး အတွက် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော မည်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေး အတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးကို မထိခိုက်စေဘဲ ပြည်ထောင်စု အစိုးရက သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက် နိုင်သည် ဟု ပြင်ဆင်ပြီး ပုဒ်မ ၇၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် ညှိနှိုင်း သဘောတူညီခဲ့ပါသည်။

(၆) ဤဥပဒေကြမ်း၏ ပုဒ်မ ၈၀ ၌ ဖော်ပြထားချက်များတွင် ဤဥပဒေအရ ဟူသော စာသား၏ရှေ့တွင် အများပြည်သူအကျိုးငှာ ဟူသော စာသားအား ဖြည့်စွက်ပြီး နိုင်ငံတော်၏ အရေးပေါ် အခြေအနေနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကိစ္စ ရပ်များအား လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် မူလဖော်ပြချက်၏ အဆုံး၌ သို့ရာတွင် နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် ဆက်နွယ်သည့်ကိစ္စရပ် များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင် ခွင့်ပြုချက်ကို ရယူရန်မလိုဘဲ ဆောင်ရွက်နိုင်သည်။ ဆောင်ရွက်ချက်များအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည် ဟူသည့် စကားရပ်အား ဖြည့်စွက်ပြီး ပုဒ်မ ၈၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် ညှိနှိုင်းသဘောတူညီခဲ့ ပါသည်။

(၇) ထို့ပြင် ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်း တာဝန်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေပါလုပ်ငန်း များ၊ တာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်တစ်ရပ်ကို ဤဥပဒေ အာဏာတည်သည့်နေ့မှ (၂)နှစ်အတွင်း ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းပြီးပါက ဦးစီးဌာနလုပ်ငန်းများအား ကော်မတီသို့ လွှဲပြောင်းပေးအပ်ရမည် ဟူသော စကားရပ်အား ပုဒ်မ ၈၇ အဖြစ် အသစ် ဖြည့်စွက်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(ဂ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူ များ၏ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ -

(၁) ဤဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည)၌ ဖော်ပြထားသည့် ဆက်သွယ်ရေးပစ္စည်း အဓိပ္ပာယ် ဖွင့်ဆိုချက်အား ဆက်သွယ်ရေးပစ္စည်း ဆိုသည်မှာ ဤဥပဒေအား အထောက်အကူပြုရန် အလို့ငှာ ဝန်ကြီးဌာနက စာဖြင့် သီးခြားသတ်မှတ်သော

ဆက်သွယ်ရေးပစ္စည်းကို ဆိုသည် ဟု ပြင်ဆင်ပြီး ပုဒ်မ ၃၊ ပုဒ်မခွဲ(ဋ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရန်နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ(ဍ)၌ ဖော်ပြထားသည့် ကွန်ရက် အထောက်အကူပြုပစ္စည်း အဓိပ္ပာယ် ဖွင့်ဆိုချက် စာသားအဆုံး၌ သို့သော် ယင်းစကားရပ်တွင် ဆက်သွယ်ရေးဆိုင်ရာပစ္စည်း မပါဝင် ဟူသော စာသားအား ဖြည့်စွက်ပြီး ပုဒ်မ ၃၊ ပုဒ်မ(ဓ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် ညှိနှိုင်းသဘော တူညီခဲ့ပါသည်။

(၂) ဤဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ(တ)၌ ဖော်ပြထားသည့် ယင်းစကားရပ်တွင် အင်တာနက်လိပ်စာနှင့် အီးမေးလ်လိပ်စာ တို့ ပါဝင်သည် ဟူသော စာသားအား မလိုအပ်၍ ပယ်ဖျက်ရန်နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ(ထ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။ ထို့ပြင် ပုဒ်မ ၃၊ ပုဒ်မခွဲ(ဓ)၌ ဖော်ပြထားသည့် လိုင်စင်အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လုပ်ငန်းလိုင်စင်ကိုသာ ရည်ညွှန်းရန် လိုအပ်သဖြင့် လိုင်စင်ဆိုသည်မှာ မည်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုမဆို ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကို ဆိုသည် ဟု ပြင်ဆင်ပြီး ပုဒ်မ ၃၊ ပုဒ်မခွဲ(န)အဖြစ် ပြောင်းလဲအမှတ်စဉ်ရန်နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ(ပ)၌ ဖော်ပြ ထားသည့် ဦးစီးဌာန အဓိပ္ပာယ်ဖွင့်ဆိုချက်အား ဦးစီးဌာန ဆိုသည်မှာ ဝန်ကြီး ဌာန လက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည် ဟု ပြင်ဆင်ပြီး ပုဒ်မ ၃၊ ပုဒ်မခွဲ(ဖ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရန် ညှိနှိုင်းသဘော တူညီခဲ့ပါသည်။

(ဃ) အမျိုးသားလွှတ်တော်၊ တပ်မတော်သား ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ အနက် ပုဒ်မ ၁၃၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)တို့ကို နည်းဥပဒေ ရေးဆွဲရာတွင် ထည့်သွင်းဖော်ပြရန် ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ (၇-၃-၂၀၁၃) ရက်နေ့က လွှတ်တော်သို့ တင်ပြခဲ့သည့် မူလအစီရင်ခံစာတွင် ပါဝင်သည့် ဖော်ပြထားချက်များနှင့် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းသဘောတူညီခဲ့သည့် ပြင်ဆင်ဖြည့်စွက်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါသည်။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ** ။ ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၆)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၆)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဆက်သွယ်ရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ဆက်သွယ်ရေးဥပဒေ

( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် - အခန်း(၁)၊ အပိုဒ် ၃

၃။ (င) အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် ဆိုသည်မှာ ပုဂ္ဂလိကနေအိမ်တစ်ခုအတွင်းတွင် ဆက်သွယ်ရေးပစ္စည်း ကနဦးချိတ်ဆက်သည့် နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူ တစ်ဦးဦးထံမှ သတင်းအချက်အလက်များကို လက်ခံရရှိသောနေရာကို သော်လည်းကောင်း၊ သုံးစွဲသူထံသို့ သတင်းအချက်အလက် ပေးပို့သော ကွန်ရက် အထောက်အကူပြု ပစ္စည်း၏နေရာကို သော်လည်းကောင်းဆိုသည် ဟု အသစ် ဖြည့်စွက်ထားပါတယ်။

ဒီ အသစ်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၃ အသစ်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

အသစ်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၃(င)သည် ဤဥပဒေ ကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁)၊ အပိုဒ် ၃(ည)(ဍ)(ဎ)(တ)(ဓ)(န)(ပ)

၃။ (ဋ) ဆက်သွယ်ရေးပစ္စည်း ဆိုသည်မှာ ဤဥပဒေအား အထောက်အကူပြုရန် အလို့ငှာ ဝန်ကြီးဌာနက စာဖြင့် သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဎ) ကွန်ရက် အထောက်အကူပြုပစ္စည်း ဆိုသည်မှာ ကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကို သော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော် လည်းကောင်း ဆိုသည်။ သို့သော် ယင်းစကားရပ်တွင် ဆက်သွယ်ရေးဆိုင်ရာပစ္စည်း မပါဝင်။

(ဏ) လိုင်းနှုန်းစဉ် ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ်လိုင်းနှုန်းအထိ ပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်းအပြင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အသံလှိုင်း၊ အလင်းလှိုင်းများလည်း ပါဝင်သည်။

(ထ) အီလက်ထရောနစ် လိပ်စာ လျာထားသတ်မှတ်ချက် ဆိုသည်မှာ သတင်းအချက်အလက်ဆိုင်ရာ စနစ်များအကြား အပြန်အလှန် ဆက်သွယ်ရာတွင် အသုံးပြုရန် အက္ခရာ သို့မဟုတ် ဂဏန်း သို့မဟုတ် အက္ခရာနှင့် ဂဏန်းပေါင်းစပ်၍ အသုံးပြုသော အစီအစဉ်တကျ ဖော်ပြသည့် အီလက်ထရောနစ် လိပ်စာလျာထား သတ်မှတ်ချက်ကို ဆိုသည်။

(န) လိုင်စင် ဆိုသည်မှာ မည်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို မဆို ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(ပ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(ဖ) ဦးစီးဌာန ဆိုသည်မှာ ဝန်ကြီးဌာန လက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၃(ည)(ဍ)(ဎ)(တ)(ဒ)(န)(ပ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၃(ဠ)(ဎ)(ဏ)(ထ)(န)(ပ)(ဖ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂)၊ အပိုဒ် ၄(ခ)(ဂ)( င)

(ခ) ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပမှ အခွင့်အလမ်း တူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှု ပိုမိုပါဝင်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့်မားပြီး

သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွက်လာစေရန်၊

(ဂ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးလုပ်ငန်းများနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက် ဖြန့်ကျက်ပြီး အများပြည်သူ ဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်၊

( င) နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေး အလို့ငှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ကွန်ရက် အထောက်အကူပြုပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄(ခ)(ဂ)(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၄(ခ)(ဂ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အပိုဒ် ၅

၅။ ဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ခေါ်ဆိုမှုနှင့် ချိတ်ဆက်မှုများအတွက် ဆက်သွယ်ရေး ပင်မ ဝင်ပေါက် ထွက်ပေါက်များကို သတ်မှတ်ပေးရမည့်အပြင် ထိုသို့သတ်မှတ်ရာတွင်လည်း လုပ်ငန်းလိုင်စင် ရရှိသူများ စီးပွားဖြစ်ကွန်ရက်ပေါ်တွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နိုင်ငံတော်၏ ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ လိုအပ်လျှင် အခြား အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေ သဘောတူရင် တူတယ်ပြောပါ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် - အခန်း(၄)

၈။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် ရွေးချယ်ခြင်းဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများကို အများသိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည် ဟု အသစ်ဖြည့်စွက်ထားပါတယ်။

၁၀။ ဝန်ကြီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် ယှဉ်ပြိုင်မှုများ တရားမျှတပြီး လွတ်လပ်၍ အခွင့်အလမ်း တူမျှစေရေးအတွက် မူဝါဒနှင့်အညီ ရွေးချယ်ခြင်း လုပ်ငန်းအရပ်ရပ်ကို ပွင့်လင်းမြင်သာစွာ ကြီးကြပ်ဆောင်ရွက်ရမည် ဟု အသစ်ဖြည့်စွက်ထားပါတယ်။

ဒီ အသစ်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄) အသစ်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

အသစ်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈ နှင့် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄)၊ အပိုဒ် ၈၊ ၉(က)(ဂ)၊ ၁၀၊ ၁၂(က)(ခ)

၉။ ဦးစီးဌာနသည် ပုဒ်မ ၇ အရ လျှောက်ထားချက်ကို ပုဒ်မ ၈ အရ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၁။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၉ အရ တင်ပြချက်ကို ရရှိသည့်အခါ ပြည်တွင်းမှ လျှောက်ထားချက်ဖြစ်ပါက သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို ဝန်ကြီးဌာနက ခွင့်ပြုနိုင်ပြီး ကန့်သတ်ချက်များရှိ၍ ခွင့်မပြုနိုင်လျှင်သော် လည်းကောင်း၊ အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူရန် လိုအပ်သော လုပ်ငန်းမျိုး ဖြစ်လျှင်သော် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အား ရယူရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ လုပ်ငန်းလိုင်စင်၏ သက်တမ်းကို တစ်ကြိမ်လျှင် အနည်းဆုံး ငါးနှစ်မှ အများဆုံး ၂၀ နှစ်အထိ လုပ်ကိုင်ရန် ခွင့်ပြုသည့် လုပ်ငန်းလိုင်စင် ထုတ်ပေးရေးအတွက် ဦးစီးဌာနသို့ ညွှန်ကြားရမည်။

၁၂။ ဦးစီးဌာနသည် ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဂ)အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်ရရှိသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများအား သက်ဆိုင်ရာ လုပ်ငန်းအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ ဝန်ဆောင်မှု အမျိုးအစား အလိုက် လုပ်ငန်းလိုင်စင်ဖြင့် ဆောင်ရွက်ရမည့် အမျိုးအစားများကို ခွဲခြားသတ်မှတ်ထုတ်ပေးရမည်။

၁၄။ (က) လုပ်ငန်းလိုင်စင် ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈၊ ၉(က)(ဂ)၊ ၁၀၊ ၁၂(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉၊ ၁၁(က)(ဂ)၊ ၁၂၊ ၁၄(က)(ခ) သည် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၅)၊ အပိုဒ် ၁၃(၁)(၂)၊ ၁၄(က)(ခ)

၁၅။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရယူပြီးမှသာ အသုံးပြုရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိလိုလျှင်ဖြစ်စေ၊ အသုံးပြုလိုလျှင် ဖြစ်စေလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်လျှောက်ထားရန်မလို -

(က) လုပ်ငန်းလိုင်စင်ရရှိသူက မိမိအသုံးပြုရန်ဝယ်ယူရင်းနှီးထားသော ဆက်သွယ်ရေး ပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရရှိသူထံမှ ငှားယူထားသော ဆက်သွယ်ရေး ပစ္စည်းကိုလက်ဝယ် ထားရှိခြင်းနှင့် အသုံးပြုခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဂ) တစ်ကိုယ်ရေသုံး ဆက်သွယ်ရေးပစ္စည်းများ၊ အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သုံး ပစ္စည်းများအား လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း ဟု ဖြည့်စွက်ထားပါတယ်။

၁၆။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၅ အရ သက်ဆိုင်ရာ ဆက်သွယ်ရေးပစ္စည်းအတွက် လိုင်စင်လျှောက်ထား ချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရာတွင် စည်းကမ်းချက်များနှင့် လိုင်စင်သက်တမ်းကို တစ်ပါတည်း သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၃(၁)(၂)၊ ၁၄(က)(ခ) ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၅(က)(ခ)(ဂ)၊ ၁၆(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၅(ဂ)၊ ၁၆(ခ)၊ အပိုဒ် ၁၇

၁၇။ (ဂ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ အသုံးပြုခ၊ ဝန်ဆောင်ခနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုနှင့်အညီ ကောက်ခံမည့် အခြားအခကြေးငွေများကို ပေးဆောင်ရမည်။

၁၈။ (ခ) လုပ်ငန်းလိုင်စင် မရရှိသေးသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို တိုးချဲ့လုပ်ကိုင်လိုလျှင် ဖြစ်စေ၊ အခြားလုပ်ငန်းလိုင်စင် ရရှိသူနှင့် ဖက်စပ်လုပ်ငန်း လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ ပူးပေါင်း၍ လုပ်ကိုင်လိုလျှင်ဖြစ်စေ အခန်း(၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ကို ထပ်မံရယူရမည်။

၁၉။ လုပ်ငန်းလိုင်စင် ရရှိသူသည် မိမိ၏ ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းမှတစ်ဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသော သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် သုံးစွဲသူ ပြည်သူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသည့်ကိစ္စမှအပ သက်ဆိုင်ခြင်း မရှိသူအား ထုတ်ဖော်အသိပေးခြင်းမပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၅(ဂ)၊ ၁၆(ခ)၊ အပိုဒ် ၁၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၇(ဂ)၊ ၁၈(ခ)နှင့် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အပိုဒ် ၂၀(ခ)

၂၂။ (ခ) ဦးစီးဌာနသည် လျှောက်ထားချက်ကိုစိစစ်ပြီး ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခြွင်းချက်။ ဤဥပဒေအရ သတ်မှတ်ထားသည့် ကွန်ရက် အထောက်အကူပြု ဆက်သွယ်ရေးပစ္စည်း အမျိုးအစားမှလွဲ၍ ပြည်သူလူထု သုံးစွဲသည့် တစ်ကိုယ်ရေသုံး ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို ပြည်ပမှ တင်သွင်း

လိုသူ သို့မဟုတ် ပြည်ပသို့ တင်ပို့လိုသူသည် ထောက်ခံချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရန်မလို။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၀(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် - အခန်း(၈)၊ အပိုဒ် ၂၁(ခ)(၁)၊ အခန်း(၉)၊ အပိုဒ် ၂၅(က)၊ အခန်း(၁၀)၊ အပိုဒ် ၂၇ နှင့် အခန်း(၁၉)၊ အပိုဒ် ၆၆(ခ) တို့အား ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၈)၊ အပိုဒ် ၂၁(က)၊ ၂၂

၂၃။ ဝန်ကြီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လိုင်းနှုန်းစဉ်ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး ကွန်ဗင်းရှင်းများနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ခွဲဝေသတ်မှတ်

ပေးထားသော ဂြိုဟ်တုပတ်လမ်းကြောင်း တည်နေရာကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၄။ ဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ် လျာထားချက်ပါ လှိုင်းနှုန်းခွင်များအား ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများထံသို့ စည်းကမ်းချက်များ သတ်မှတ်၍ အသုံးပြုခွင့် ပေးနိုင်သည်။ သို့ရာတွင် နည်းဥပဒေအရ သတ်မှတ်ထားသည့် လှိုင်းနှုန်းခွင်များအတွက် ဦးစီးဌာနသို့ ခွင့်ပြုချက်တောင်းခံရန် မလို။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၁(က)၊ ၂၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၃၊ ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၉)၊ အပိုဒ် ၂၅(ခ)

၂၇။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူက ဆက်သွယ်ရေးနံပါတ်နှင့် အီလက်ထရောနစ်လိပ်စာတို့ကို ပုဒ်မ ၂၅ အရ ညွှန်ကြားချက်နှင့်အညီ အသုံးပြုခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း တို့ကို ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီနေရာမှာ နံပါတ်မှာ မောက်ချမပါဘူးနော်။ ဆရာဦးဝင်းမောင် မောက်ချမပါဘူး နံပါတ်မှာ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၅(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မြန်မာသဒ္ဒါ ရေထုံးနဲ့ ဝါကျဖွဲ့စည်းပုံ၊ သတ်ပုံ မှားရင်တော့ ဆရာဦးဝင်းမောင် တာဝန်ပဲ။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၂၈၊ ၂၉၊ ၃၀

၂၉။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို လိုင်စင်ရရှိသူများက လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲရမည်။

၃၀။ ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း တစ်မျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုမည့် ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်း အမျိုးအစား၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်း ထောက်ခံချက်ရရှိရန် သတ်မှတ်ထားသည့်အတိုင်း ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းထောက်ခံချက် လျှောက်ထားလာခြင်းကို စိစစ်ပြီးထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၈၊ ၂၉၊ ၃၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၉၊ ၃၀၊ ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၁)၊ အပိုဒ် ၃၁(ခ)၊ ၃၃(က)(ခ)

၃၂။ (ခ) ဦးစီးဌာနသည် အဆိုပြု တင်ပြသည့် ဝန်ဆောင်ခ နှုန်းထားများကို စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးရမည်။

၃၄။ (က) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင် ရရှိသူသည် အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၁(ခ)၊ ၃၃(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၂(ခ)၊ ၃၄(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၃)၊ အပိုဒ် ၃၇၊ ၄၀

၃၈။ လုပ်ငန်းလိုင်စင် ရရှိသူသည် ဆက်သွယ်ရေးကွန်ရက်အတွင်း မလျော်ကန်သော နည်းလမ်းများဖြင့် လွတ်လပ်စွာ ပြိုင်ဆိုင်မှု သဘောသဘာဝကို ပျက်ပြားစေသည့် မည်သည့် လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်ခြင်း မပြုရ။

၄၁။ ဦးစီးဌာနသည် ပုဒ်မ ၃၈၊ ၃၉၊ ၄၀ တို့တွင် တားမြစ်ထားသော ဆက်သွယ်ရေး ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကို ဟန့်တားသည့် လုပ်ဆောင်မှုများဖြစ်ပေါ်လာပါက ဝန်ကြီးဌာန၏ သဘောတူ ခွင့်ပြုချက်ရယူကာ လုပ်ငန်းလိုင်စင် ရရှိသူအား ယင်းလုပ်ဆောင်မှုများကို ရပ်စဲရန် ညွှန်ကြားနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၃၇၊ ၄၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၃၈၊ ၄၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၄)၊ အပိုဒ် ၄၂၊ ၄၃(က)

၄၃။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူ အချင်းချင်း အငြင်းပွားမှုနှင့် စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးရန် ပုဒ်မ ၄၂ အရ တင်ပြချက်ကိုသော်လည်းကောင်း၊ ထိုသို့ တင်ပြခြင်းမရှိသော်လည်း အငြင်းပွားမှုများမှာ အများပြည်သူ အကျိုးစီးပွားကို ထိခိုက်နစ်နာစေနိုင်လျှင်သော်လည်းကောင်း စေ့စပ်ညှိနှိုင်း ဆုံးဖြတ်ပေးရမည်။

၄၄။ (က) ပုဒ်မ ၄၃ အရ ဦးစီးဌာနက စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးချက်နှင့် စပ်လျဉ်း၍ မကျေနပ်သူသည် -

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၄၂၊ ၄၃(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၄၃၊ ၄၄(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ဖြည့်စွက်ချက်- အခန်း(၁၅)

၄၆။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင် ရရှိသူများ၏ ကွန်ရက်အထောက်အကူပစ္စည်းများ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းတို့တွင် မလိုအပ်ဘဲ ဘဏ္ဍာငွေကြေး ကုန်ကျမှု မရှိစေရန်နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို စီမံခန့်ခွဲပေးနိုင်သည် ဟု ဖြည့်စွက် ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၅) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၄၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း (၁၅)၊ အပိုဒ် ၄၅၊ ၄၉၊ ၅၀(က)

၄၇။ ပုဒ်မ ၄၅ ပါ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရန် သဘောတူညီမှု ရရှိထားသည့်မြေနှင့် အဆောက်အအုံပိုင်ရှင် ပြောင်းလဲမှု ဖြစ်ပေါ်ပါက လုပ်ငန်းလိုင်စင် ရရှိသူသည် အဆိုပါ မြေနှင့် အဆောက်အအုံတွင် ကွန်ရက် အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူညီမှု ရယူထားရမည်။

၅၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ ကွန်ရက်အထောက်အကူပြု ပစ္စည်းတပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်းပြုရာတွင် ပေါ့လျော့ခြင်း သို့မဟုတ် တမင်ပျက်ကွက်ခြင်းကြောင့် တစ်ဦးတစ်ယောက်သောသူအား ထိခိုက်ဒဏ်ရာ ရရှိစေခြင်း၊ သေဆုံးခြင်း သို့မဟုတ် ထိုသူ၏ ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးစေခြင်းဖြစ်လျှင် ထိုသူသည် လုပ်ငန်းလိုင်စင် ရရှိသူထံမှ သတ်မှတ်ချက်နှင့်အညီ လျော်ကြေးရထိုက်ခွင့်ရှိသည်။

၅၂။ (က) အရင်းအနှီးစိုက်ထုတ်သူ သို့မဟုတ် အဆောက်အအုံနှင့် မြေပိုင်ရှင်အား ၎င်း၏ အဆောက်အအုံအတွင်း သို့မဟုတ် အပေါ်တွင်ဖြစ်စေ၊ မြေကွက်တွင်ဖြစ်စေ ကွန်ရက် အထောက် အကူပြုပစ္စည်းများကို သတ်မှတ်ထားသည့် အချိန်အတွင်း တပ်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၄၅၊ ၄၉၊ ၅၀(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၄၇၊ ၅၁၊ ၅၂(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၆)၊ အပိုဒ် ၅၄၊ ၅၅

၅၆။ ဦးစီးဌာနသည် ပုဒ်မ ၅၅ အရ တည်ထောင်ထားသည့် ရန်ပုံငွေကို အသုံးပြု၍ အများပြည်သူ အကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း အစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ရမည်။

၅၇။ ဦးစီးဌာနသည် ပုဒ်မ ၅၄ ပါ အောက်ပါအစီအစဉ်များ ချမှတ်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည် -

(က) ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့် နယ်မြေဒေသများကို သတ်မှတ်ခြင်း၊

(ခ) အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာ ရည်မှန်းချက် (universal target) ချမှတ်ခြင်း၊

(ဂ) လိုင်စင်ရသူများမှ လိုက်နာဖြည့်ဆည်းပေးရမည့် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ (universal service obligation) သတ်မှတ်ခြင်း။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၆)၊ အပိုဒ် ၅၄၊ ၅၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၆)၊ အပိုဒ် ၅၆၊ ၅၇(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၇)၊ အပိုဒ် ၅၇(ခ)

၅၉။ (ခ) ပုဒ်မ ၅၈၊ ပုဒ်မခွဲ(ဂ)အရ ဖွဲ့စည်းသည့် စစ်ဆေးရေးအဖွဲ့သည် ဦးစီးဌာန၏ လွှဲအပ်တာဝန်ပေးချက်အရ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)၊ (၂)နှင့်(၃)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၇)၊အပိုဒ်၅၇(ခ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၇)၊ အပိုဒ် ၅၉(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၈)၊ အပိုဒ် ၅၈၊ ၅၉(က)

၆၀။ ဦးစီးဌာနသည် လိုင်စင်ရရှိသူက ဤဥပဒေအရပြစ်ဒဏ် တစ်ရပ်ရပ် ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခန်း(၆)ပါ လိုင်စင်ရရှိသူ၏ တာဝန်တစ်ရပ်ရပ်ကိုလိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆက်သွယ်ရေးဈေးကွက်အတွင်း ပြိုင်ဆိုင်မှုကို ဟန့်တားသည့် လုပ်ဆောင်မှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၁ အရ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုတွင် ပုဒ်မ ၄၃ အရ ဦးစီးဌာန၏ စေ့စပ်ညှိနှိုင်းဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(ခ) အရ ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

၆၁။ (က) ဦးစီးဌာနက ပုဒ်မ ၆ဂ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃ဂ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၈)၊ အပိုဒ် ၅၈၊ ၅၉(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၈)၊ အပိုဒ် ၆ဂ၊ ၆၁(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၉)၊ အပိုဒ် ၆ဂ၊ ၆၂(က)၊ ၆၅(ဂ)၊ ၆၆(ဃ)၊ ၆၈၊ ၇၁

၆၂။ မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ရာတွင်ဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်းကို အသုံးပြု၍ဖြစ်စေ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ခုနစ်နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

၆၄။ (က) ဆက်သွယ်ရေး ကွန်ရက်အတွင်းသို့ ယင်း၏ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မရှိဘဲ မရိုးမဖြောင့်သော သဘောဖြင့် ဝင်ရောက်ခြင်း၊ ကြည့်ရှုခြင်း၊ ဝင်ရောက်အသုံးပြုခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်ကို ဖြစ်စေ၊ မူလအနေအထားကိုဖြစ်စေ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

၆၇။ (ဂ) မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ စာပေအနုပညာ လက်ရာကိုဖြစ်စေ၊ မူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ စီးပွားရေးအလို့ငှာ မူပွားခြင်း၊ အရုပ်နှင့် အသံတို့ကို ပေါင်းစပ်ထည့်သွင်းခြင်း၊ ရောင်းချခြင်း၊ ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ကျူးလွန်ခြင်း။

၆၈။ (ဂ) ဦးစီးဌာန၏ သဘောတူညီချက်ဖြင့် တားမြစ်ထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် နေရာအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

၇၀။ လိုင်စင်ရရှိသူ မည်သူမဆို သတ်မှတ်ထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု မရှိသော ကွန်ရက်အထောက်အကူပြု ပစ္စည်းကိုဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်းကိုဖြစ်စေ အသုံးပြုကြောင်း၊ လက်ဝယ်ထားရှိကြောင်း၊ ဖြည့်ဆည်းပေးကြောင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်း ကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ် ခြင်းခံရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၆၀၊ ၆၂(က)၊ ၆၅(ဂ)၊ ၆၆(ဃ)၊ ၆၈၊ ၇၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၆၂၊ ၆၄(က)၊ ၆၇(ဂ)၊ ၆၈(ဂ)၊ ၇၀၊ ၇၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် - အခန်း(၂၀)

၈၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် တစ်ရပ်ကို ဤဥပဒေ အာဏာတည်သည့် နေ့မှ (၂)နှစ်အတွင်း ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းပြီးပါက ဦးစီးဌာန လုပ်ငန်းများအား ကော်မရှင်သို့ လွှဲပြောင်းပေးအပ်ရမည်။

ဟု အသစ် ဖြည့်စွက်ထားပါတယ်။

ဒီ အသစ်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၂၀) အသစ်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

အသစ်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂၀)၊ အပိုဒ် ၈၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂၀)၊ အပိုဒ် ၇၂၊ ၇၃၊ ၇၅၊ ၇၆၊ ၇၈(က)၊ ၇၉၊ ၈၀၊ ၈၁၊ ၈၃၊ ၈၅(က)(ခ)၊ ၈၆(က)(ခ)

၇၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် နည်းပညာ စံချိန်စံညွှန်းများကိစ္စ၊ လှိုင်းနှုန်းစဉ်များ စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စများ၊ အသုံးပြုသူကို ကာကွယ်ပေးခြင်းကိစ္စများ၊ နိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍတိုးတက်စေရေးအတွက် မဟာဗျူဟာများ ချမှတ်ခြင်း စသည့်ကိစ္စရပ်များတွင် အကြံပြုပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်၊ ကြေညာချက် ထုတ်ပြန်ပြီး ဝန်ကြီး သို့မဟုတ် ဝန်ကြီးမှ တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ အသုံးပြုသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဦးစီးဌာန စသည်တို့မှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် အမျိုးသားဆက်သွယ်ရေး အကြံပေးကော်မတီကို ဖွဲ့စည်းရမည်။ ကော်မတီ၏ လုပ်ငန်းတာဝန်များကို သီးခြားပြဋ္ဌာန်းပေးရမည်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အသုံးပြုသူကို ကာကွယ်ပေးခြင်း ဆိုတာ အကာအကွယ်ပေးခြင်း မဖြစ်သင့်ဘူးလား ဆရာဦးဝင်းမောင်။ ဟုတ်တယ်နော်။ အကာအကွယ် ဆိုတာ အဲဒီတော့မှ နာမ်ဖြစ်မှာပေါ့။

၇၅။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော မည်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာ အဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် အခြေအနေ ပေါ်ပေါက်သည့်အခါ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ်မှု အမျိုးအစားတစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ယာယီထိန်းချုပ်သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

၇၉။ လိုင်စင်ရရှိသူသည် ပုဒ်မ ၇၇ ပါ ကိစ္စရပ်များအနက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား လုံခြုံရေးဆိုင်ရာကိစ္စအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ကြိုတင်စီမံ ဆောင်ရွက်ထားရှိရမည်။

၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၁။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ လှိုင်းနှုန်းစဉ် အသုံးပြုခ၊ ဆက်သွယ်ရေးနံပါတ် သတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ သတ်မှတ်ချက်တို့အတွက် အခကြေးငွေနှင့် ရက်လွန်ကြေးတို့ကို သတ်မှတ်ရမည်။

၈၂။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင်နှင့် ထောက်ခံချက်တို့ကို ရယူရခြင်းမှလည်းကောင်း ------

**ဥက္ကဋ္ဌ**။ ။ ရယူခြင်း မဟုတ်ဘူးလား။ ရယူရခြင်းလား။ ရ တစ်လုံးဖျက်။ အပေါ်က နံပါတ်မှာလည်း မောက်ချ ပါလိုက်သေးတယ်။

------- အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးပင်မ ဝင်ပေါက် ထွက်ပေါက် သတ်မှတ်ချက်ကို လည်းကောင်း၊ လိုအပ်ပါက အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကင်းလွတ်ခွင့် ပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်အရေးပေါ် အခြေအနေနှင့် ဆက်နွယ်သည့် ကိစ္စ ရပ်များ၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန်မလိုဘဲ ဆောင်ရွက် နိုင်သည်။ ဆောင်ရွက်ချက်များအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၃။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ၊ လုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့် လိုအပ်သော စံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၈၅။ The Myanmar Telegraph Act, 1885 နှင့် The Myanmar Wireless Telegraphy Act, 1934 တို့အရ -

၈၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၈၉။ အောက်ပါ ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Myanmar Telegraph Act,1885.

(ခ) The Myanmar Wireless Telegraphy Act,1934.

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၂၀)၊ အပိုဒ် ၇၂၊ ၇၃၊ ၇၅၊ ၇၆၊ ၇၈(က)၊ ၇၉၊ ၈၀၊ ၈၁၊ ၈၃၊ ၈၅(က)(ခ)၊ ၈၆(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂၀)၊ အပိုဒ် ၇၄၊ ၇၅၊ ၇၇၊ ၇၈၊ ၈၀(က)၊ ၈၁၊ ၈၂၊ ၈၃၊ ၈၅၊ ၈၈(က)(ခ)(ဂ)၊ ၈၉(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၈၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၈၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆက်သွယ်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ ဆက်သွယ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုအစိုးရ အဖွဲ့ ကိုယ်စား ကျွန်တော် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆက်သွယ်ရေး ဥပဒေမူကြမ်းကို အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ကို အဆို တင်သွင်း အပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တင်သွင်းသွားသော ဆက်သွယ်ရေး ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုအား ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးကျော်သူဦး က ထောက်ခံအပ်ပါတယ်ခင်ဗျာ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆက်သွယ်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ဆက်သွယ်ရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဆက်သွယ်ရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်း တစ်ပိုဒ်ချင်းစီ အတည်ပြုတဲ့အခါမှာ သဘောတူရင် တူကြောင်း ပြောဖို့၊ သဘောမတူရင်လည်း မတူကြောင်းပြောဖို့၊ ဥက္ကဋ္ဌက မေးတဲ့အခါမှာ ဖြေဖို့ တာဝန်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ စောင်းပါးရိပ်ခြည်နဲ့ အကြိမ်အကြိမ် သတိပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကလည်း သိလို့ပါ။ အဲဒီတော့ အုပ်စုလိုက်ဖွဲ့ပြီးတော့ ဘာမှ မဖြေဘူးဆိုရင် ဥက္ကဋ္ဌက အဲဒီအုပ်စု တစ်စုလုံး ဒီအစီအစဉ်မှာ လွှတ်တော်ပြင်ပ ထွက်စေလို့ အမိန့်ချလို့ ရပါတယ်။ ဒါကြောင့်မို့လို့ မေးတဲ့အခါမှာ ဖြေဖို့လိုတယ်။ အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းတွေကို အတည်ပြုတဲ့အခါမှာ အကြေအလည် အပြင်မှာ အပြန်အလှန် ဝန်ကြီးဌာနနဲ့၊ ဥပဒေကြမ်းကော်မတီနဲ့၊ ဆွေးနွေးတဲ့ ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးပြီးသား ဖြစ်တဲ့အတွက် ဒီထဲမှာ အကြိတ်အနယ် ဆွေးနွေးစရာ မရှိအောင် ဒါလုပ်ထားတာ ဖြစ်တယ်။ ယခင် ဒီ လွှတ်လပ်ရေး ရပြီးကာစ လွှတ်တော်တွေမှာလည်း Select ကော်မတီဆိုတာ ရှိပါတယ်။ ဒီကော်မတီက ကြီးကြပ်ပြီးတော့မှ၊ အပြင်မှာ အကြေအလည် ဆွေးနွေးပြီးတော့မှ အဲဒီ ကြေလည်ပြီးသားကိုပဲ ဒီထဲမှာ ဆွေးနွေးခွင့်ပြုတယ်။ ဆွေးနွေးခွင့်ပြုပြီး တော့မှ ဆုံးဖြတ်ပြီးသားကို ဆုံးဖြတ်တဲ့ပုံစံပါ။ ဒီလို လုပ်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ TV မှတ်တမ်းတွေလည်း ရှိတဲ့အတွက်ကြောင့် ဘယ်သူဖြေတယ်၊ ဘယ်သူမဖြေဘူး ဆိုတာ သိပါတယ်။ ဒါကြောင့် အကြိမ်ကြိမ် သတိပေးခဲ့တာဖြစ်တဲ့အတွက် နောက်နောင်ကို သဘောတူ/မတူ ဖြေပါဆိုလို့ ရှိရင် အားလုံးဖြေဖို့လိုပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ နေ့လယ်စား ထမင်းသုံးဆောင်ဖို့ (၁)နာရီ ရပ်နားပါမယ်။

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၂း၁၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃း၁၅) နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ၏ ထုတ်ပြန် ပြဋ္ဌာန်းပြီး၊ အာဏာ တည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူ ဆောင်ရွက် သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ တင်သွင်းထားသည့် ထုတ်ပြန်ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၈။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ

လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင် ဖြစ်ပါတယ်။ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ဒီနေ့ အခုပေါ့လေ၊ ဒါ ဆွေးနွေးမယ့် အကြောင်းအရာကတော့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ တင်သွင်းထားတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို တိကျစွာ လိုက်နာကျင့်သုံးရေး အတွက် လိုအပ်တဲ့ အစီအမံများနဲ့ အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီလို ထောက်ခံဆွေးနွေးရတာကလည်း ရည်ရွယ်ချက် ကောင်းမွန်တဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒီဥပဒေကို ပြဋ္ဌာန်းကတည်းက ရည်ရွယ်ချက်မှာ ပြည်သူတို့၏ အနာရောဂါကင်းရှင်း၍ အသက်ရှည် ကျန်းမာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် ရှေးရှုပြီးတော့ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ပဲ ဒီအဆိုကို တင်သွင်းခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် ဒါ ထောက်ခံပါတယ်။ မူအားဖြင့် ကောင်းတယ်။ ရည်ရွယ်ချက်လည်းကောင်းတယ်ဆိုတိုင်း ကျွန်တော်တို့ ဇွတ်အတင်း လုပ်လို့ရတဲ့သဘောတော့ မရှိပါဘူး။ ဒီအစီအမံတွေ ချမှတ်တဲ့အခါမှာ လက်တွေ့ ဖော်ဆောင်တဲ့အခါမှာ သတိပြုစရာတွေ အများကြီးရှိမှာ ဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးကို ရည်ရွယ်ပြီးတော့ ရှေးရှုဆောင်ရွက်တယ်ဆိုသော်လည်း တခြားသော ပြည်သူတွေကို ဘယ်လို ထိခိုက်သွားစရာ ရှိသလဲ၊ နိုင်ငံ့အကျိုးစီးပွားတွေမှာလည်း ဘာတွေ ထိခိုက်သွားစရာ ရှိသလဲ၊ အဲဒီလို ထိခိုက်သွားရင် နိုင်ငံတော်ရဲ့ နိုင်ငံရေးမှာလည်း ဘယ်လို ထိခိုက်လာနိုင်သလဲ၊ နှိုင်းနှိုင်းချိန်ချိန် ဆောင်ရွက်သင့်တာတွေကို သုံးသပ်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီဆေးလိပ်သောက်သုံးမှုကို ထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးမယ်ဆိုတဲ့အခါ ကျွန်တော်တို့ ရပ်ရွာဓလေ့အရ ကျွန်တော် ငယ်ငယ်တုန်းက ဒီ ဆေးလိပ်သောက်သုံးမှုလေး တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ရပ်ရွာမှာတော့ ဒီဆေးဗန်းနဲ့ ဧည့်သည်လာလို့ရှိရင် ဧည့်ခံပါတယ်။ ဒီဆေးဗန်းမှာ ဆေး၊ ဆေးရိုးကြီး သနပ်ဖက်၊ အပ်ချည်လုံး၊ အပ်ချည်လုံးကအစပါ ပါတယ်။ ဒီအစီခံ ရောပေါ့။ ဧည့်သည်လာလို့ရှိရင် ဒီဆေးဗန်းနဲ့ ဧည့်ခံလို့ရှိရင် ဒီဆေးလိပ် လိပ်ပြီးတော့ စကားပြောကြတာပေါ့။ အဲဒီတုန်းကကြည့်ရတာ အပန်းလည်း ပြေပါတယ်။ နောက် ကျွန်တော်တို့ ရပ်ရွာမှာ အပျို သွားလှည့်ကြတယ် ဆိုရင်လည်း အဲဒီ အပျိုက လူပျိုကို ဆေးဗန်းပဲ ဧည့်ခံတာပါ။ ဒီဆေးဗန်းမှာ ဆေးကိုလိပ်ပြီးတော့ စကားပြောကြပါတယ်။ ဒါကတော့ ရပ်ရွာဓလေ့ကို ကျွန်တော် တင်ပြတဲ့ သဘောပါ။ အဲဒီတုန်းက ဒီ အပန်းဖြေရုံ၊ အပန်းပြေတယ်။ နောက်တစ်ခါ စကားပြောလို့ ကောင်းတယ်၊ နောက်တစ်ခုက သူက စည်းကမ်းရှိတယ်။ နောက် ကိုယ့်အိမ်မှာပဲ ကိုယ် သောက်ကြတယ်။ အဲဒီ အတိုင်းဆိုလို့ရှိရင် ဘာမှ ဆေးလိပ်စွဲစရာတောင် မရှိလောက်ဘူး။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆေးလိပ်သောက်တဲ့ ဓလေ့လေးကို ကျွန်တော် သတိရတာပါ။

အခု ကျွန်တော်တို့ ဒီ ဆေးလိပ်သောက်သုံးမှုကို တိတိကျကျ အရေးယူတော့မယ်ဆိုတဲ့ အခါ ဒီဥပဒေထဲမှာ အခန်း(၄)ပေါ့လေ။ အခန်း(၄)မှာ ဆေးလိပ်သောက်ခွင့်မရှိတဲ့ နေရာများဆိုပြီးတော့လည်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ဆေးလိပ်သောက်ခွင့်မရှိတဲ့ နေရာတစ်နေရာ ကျွန်တော်တို့ ဘတ်စ်ကားပေါ်မှာပေါ့၊ ကျွန်တော်တို့ကြည့်မယ်ဆိုလို့ရှိရင် ဒီ ခရီးသည်ဆေးလိပ် သောက်လို့ရှိရင် ယာဉ်မောင်းနဲ့ စပယ်ရာက ဒါ ဒဏ်တပ်ပြီးတော့ ရိုက်ပါတယ်။ ဒါကတော့ စစ်ဆေးရေးအဖွဲ့တွေ၊ ဒီ

ဒဏ်ရိုက်မခံရအောင် ဒီ ယာဥ်မောင်းနဲ့ စပယ်ရာတို့ကနေပြီးတော့ ခရီးသည်ကို တားမြစ်ရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ငါ ခံတွင်းချဥ်လို့ပါကွာ စသည်ဖြင့် ပြောလို့ရှိရင်လည်း ဒါ ခွင့်လွှတ်ရ အခက်၊ အတင်းအကြပ် ပြောရခက်နဲ့ ဒီလိုပြဿနာလေးတွေလည်း ရှိပါတယ်။ Complain တွေ ကတော့ အများကြီးပေါ်လာမှာပဲ ဖြစ်ပါတယ်။

ဒါတွေကို ကြည့်လို့ရှိရင် ဥပမာ(၁) တကယ်တိတိကျကျ အရေးယူဆောင်ရွက်ကြတော့မယ့် ပြည်သူ့ရဲတို့၊ နောက် တရားရေး တရားသူကြီး၊ အုပ်ချုပ်ရေး၊ ဌာနဆိုင်ရာတွေ၊ ဝန်ထမ်းတွေ၊ ခုနက ပြောတဲ့ ယာဥ်မောင်း၊ စပယ်ရာကို ပမာထားပြီး ပြောလိုက်သလိုပေါ့။ တကယ်ပဲ ဆင်းရဲချမ်းသာ မရွေး အယုတ်အလတ် အမြတ်မရွေး တိတိကျကျ ဆောင်ရွက်ကြမယ်လို့ ယုံကြည်ရပါမလား။ ယုံကြည် ရပါပြီလား။ ထိပ်ဆုံးက အဲဒီ အရေးယူဆောင်ရွက်မယ့်သူတွေ အရင် ပညာပေးရလိမ့်မယ်လို့ထင် ပါတယ်။ နောက် နံပါတ်(၂) ပြည်သူတွေ လှုညွှန့်တုံးစေနိုင်တယ်လို့ ဒါ တိတိကျကျ ဖမ်းဆီးအရေးယူ ဆောင်ရွက်ရတဲ့ မူးယစ်ဆေးဝါး သုံးစွဲမှုတွေ၊ လောင်းကစားမှုတွေလို တစ်တန်းတစ်စားတည်း ဒီ ဆေးလိပ်သောက်သုံးမှုတွေကိုလည်း တိတိကျကျ အရေးယူလောက်အောင် လိုမှာလား။

နံပါတ်(၃) ဥပဒေတိုင်းမှာ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေ ပြဋ္ဌာန်းထားပြီး အရေးယူနည်းတွေလည်း ဖော်ပြထားပါတယ်။ ဥပဒေတွေ အများကြီးထဲမှ ဒီ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ဦးစားပေးပြီး တိတိကျကျ အရေးယူဆောင်ရွက်ရမှာလား။ နောက်ဆုံး လက်တွေ့ ပကတိအခြေအနေ အရ ကျင့်သုံးဆောင်ရွက်တဲ့အခါမှာ ရနိုင်ပါ့မလား စသည်ဖြင့် ဒါ သုံးသပ်ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါတော့ အစိုးရကို ဥပဒေအတိုင်း တိတိကျကျ လုပ်ပါဆိုရင် အစိုးရဖြစ်တဲ့အတွက် ဖြစ်နိုင်သမျှ အစီအမံတွေ ချပြီးတော့ လုပ်နိုင်မှာပဲ ဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်တဲ့အခါမှာ ဘယ်လိုအကျိုး ဆက်တွေ ဖြစ်လာနိုင်သလဲ၊ နံပါတ်(၁) ဆေးလိပ်သောက်ကြတဲ့ သူတွေရော၊ ဆေးလိပ်ခုံတွေ၊ ဆေးလိပ် သမတွေ၊ စီးကရက်စက်ရုံတွေ၊ ဆေးလိပ်စီးကရက် ရောင်းတဲ့ ဆိုင်ကြီး၊ ဆိုင်ကလေး၊ နောက်ဆုံး လမ်းဘေးဈေးသည်တွေအထိ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအရ ထိထိရောက်ရောက် အရေးယူတော့မယ်ဆိုပြီးတော့ အထိတ်တလန့်တော့ ဖြစ်မသွားစေချင်ပါဘူး။ သူတို့ စိုးရိမ်ပူပန် သလို ထိခိုက်မှုတွေရှိလာရင် အဲဒီလူတွေကလည်း ပြည်သူတွေပဲ ဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့ အကျိုးစီးပွားဘက်ကို သေသေချာချာ ပြန်ကြည့်ရမှာ ဖြစ်ပါတယ်။

နောက် နံပါတ်(၂) နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါ့၊ ကျွန်တော် တစ်နေ့က သတင်းကို ဂျာနယ်တွေထဲမှာ ဖတ်ရှုရပါတယ်။ ကမ္ဘာကျော် နိုင်ငံခြားစီးကရက် ကုမ္ပဏီတစ်ခု တာဝန်ခံ ကနေ ပြီးတော့ မြန်မာနိုင်ငံမှာ စီးကရက်စက်ရုံတည်မယ်၊ ထုတ်လုပ်ပြီးတော့ ပြည်ပကို စီးကရက်တွေ တင်ပို့သွားမယ်လို့ဆိုပါတယ်။ ဒါ ကျွန်တော်တို့ ပြည်သူတွေ အလုပ်အကိုင်တွေ ရကြဖို့ရှိ ပါတယ်။ အဲဒီလို ပြည်ပကနေလာပြီးတော့ ရင်းနှီးမြှုပ်နှံမယ့်သူတွေရော အဟန့်အတား ဖြစ်သွား နိုင်သလား။ ဒါတွေလည်း ပြန်ကြည့်စေလိုပါတယ်။ နောက် တိတိကျကျ အရေးယူပြီဆိုတာနဲ့ ဆေးလိပ် စီးကရက် ဈေးကြီးသွားမလား၊ ရှားပါးသွားမလား။ ဒါတွေလည်း ပြန်ပြီးတော့ ကြည့်ရမှာဖြစ်ပါတယ်။

ဒီ ဆေးလိပ်မီးခိုးကြောင့် ပတ်ဝန်းကျင် ကလူတွေလည်း လူတွေထိခိုက်နိုင်တာကြောင့် အဲဒီလို ရှားပါးသွားတာ၊ ဈေးကြီးသွားတာ ကောင်းတာပေါ့လို့ ထင်ကောင်း ထင်နိုင်ပါတယ်။ နမူနာ ထားပြီး ပြောရလို့ရှိရင်တော့ အရက်သောက်သုံးမှု နည်းသွားအောင် အရက်ဈေးတွေကြီးပြီး ရှားပါး

အောင် လုပ်လိုက်ရင် အရက်ရှားပါးလို့ အရက်ဖြတ်မယ့်သူက အနည်းငယ်ပဲ ရှိပါမယ်။ မရမက ရှာရလို့ ဒုက္ခရောက်မယ့် ပြည်သူတွေ အရေအတွက်က ပိုများသွားမယ့် သဘောမျိုးပဲ ဖြစ်ပါတယ်။ ဒါဆိုရင် အဆိုကို မထောက်ခံတာလားလို့မေးရင် ရည်ရွယ်ချက် ကောင်းပါတယ်။ မူအားဖြင့် ကောင်းပါတယ်။ ဒါ ထောက်ခံရမှာပဲ၊ ထောက်ခံရမယ့် အကြောင်းအရာပဲ ဖြစ်ပါတယ်။

အဲဒီတော့ လက်တွေ့ အစီအမံတွေ ချမှတ်တဲ့အခါမှာ ဆင်ခြင်စဉ်းစားသင့်တာလေးတွေ ပြည့်စုံသွားအောင် သုံးသပ်ဆောင်ရွက်သွားဖို့ တင်ပြလိုတာပဲ ဖြစ်ပါတယ်။ နောက် ဆွေးနွေးမယ့်သူတွေရဲ့ အချိန်ကို ငဲ့သောအားဖြင့် တိုတိုနဲ့ လိုရင်းကိုပဲ ချုံ့ပြီးတော့ တင်ပြသွားပါမယ်။ ဒီ ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းထားတဲ့အတိုင်း အသိပညာပေး စည်းရုံးလှုံ့ဆော်ခြင်း အစီအစဉ်တွေကို ဌာနအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ ကဏ္ဍစုံကနေ တိုးမြှင့်ဆောင်ရွက်သွားဖို့ လိုပါတယ်။ အဲဒီလို တိုးမြှင့်ဆောင်ရွက်ပြီဆိုရင် ဘာလိုမလဲဆိုတော့ ဘဏ္ဍာငွေအပိုင်းကလည်း တိုးမြှင့်ပြီးတော့ သုံးစွဲသွားဖို့ မလွဲမသွေ ဆောင်ရွက်သင့်တယ်လို့ ထင်ပါတယ်။ စံနမူနာပြ ပညာပေး အရေးယူမှုတွေလည်း စနစ်တကျနဲ့ တိုးမြှင့်ဆောင်ရွက်သွားသင့်ပါတယ်။

ဒါပေမဲ့ ဒီလို အရေးယူဆောင်ရွက်တဲ့အခါ ကျွန်တော်တို့ရဲ့ ပြည်သူတွေပဲ ဖြစ်ပြီးတော့ မူးယစ်ဆေး၊ လောင်းကစား၊ လုယက်မှု အစရှိတဲ့ မှုခင်းတွေနဲ့ ဘယ်လိုမှ မတူညီတဲ့အတွက် ကျွန်တော်တို့ စိတ်ရှည်ကြရမှာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ဆန္ဒနဲ့လည်း ကိုက်ညီစွာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို အသိပညာပေး စည်းရုံးလှုံ့ဆော်မှု အစီအစဉ်တွေကို တိုးတက်လုပ်ဆောင်ရင်းနဲ့ တစ်ဖက်ကလည်း အရေးယူမှုတွေကို တဖြည်းဖြည်း တိုးမြှင့်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ အဲဒီတော့ ပြည်သူလူထုရော၊ ဌာနဆိုင်ရာ တာဝန်ရှိကြတဲ့ ပုဂ္ဂိုလ်တွေရော၊ အသိစိတ်ဓာတ်ပိုင်း တဆတဆ တိုးတက်မြင့်မားလာပြီးတော့ ဆေးလိပ်သောက်သုံးမှု စနစ်တကျ လိုက်နာကြလာပြီးတော့ နောက်ဆုံး ကျွန်တော်တို့ ခုနကပြောတဲ့ ဘတ်စ်ကားပေါ်၊ နောက် မီးရထားပေါ်၊ နောက် ရုပ်ရှင်ရုံထဲ ဒီလို ဆေးလိပ်သောက်တာ ရှက်စရာလို့ သိမြင်ပြီးတော့ သောက်တဲ့သူတွေကို ရှာလို့တောင် မတွေ့ရတော့တဲ့ အချိန်ကို ရောက်ရှိလာနိုင်မှာပဲ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အားဖြင့် ပြည်ထောင်စုအစိုးရအနေနဲ့ ယခု ကိုယ်စားလှယ် ဦးခင်မောင်ရီ တင်ပြတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပါအတိုင်း အသိပညာပေးမှုနဲ့ အရေးယူဆောင်ရွက်မှုတွေကို ဘဏ္ဍာငွေကြေးအပါအဝင် အစီအမံများ စနစ်တကျ ချမှတ်ပြီး တိုးမြှင့်ဆောင်ရွက်သွားသင့်ပါကြောင်း အလေးအနက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၃။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေးမယ့် အဆိုကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်ရီ တင်သွင်းထားတဲ့ ထုတ်ပြန်ပြဋ္ဌာန်း၊ အာဏာတည်ပြီးဖြစ်တဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် ဆိုတဲ့ အဆိုပဲ ဖြစ်ပါတယ်။ ကျွန်တော် ဒီအဆိုကို ထောက်ခံရတဲ့ ရည်ရွယ်ချက်ကတော့ ဒီတကယ့် ဥပဒေထဲမှာပါတဲ့ ကျွန်တော် ကြိုက်နှစ်သက်တဲ့ ရည်ရွယ်ချက်ကတော့ ကလေးသူငယ်နဲ့ လူငယ်အများ ပြည်သူများ၊ ကျန်းမာရေးနဲ့ သူတို့ရဲ့ လူမှုစီးပွားရေး အဆင့်အတန်း မြှင့်တင်ဖို့ဆိုတဲ့ အချက်တစ်ချက်က ကျွန်တော် အင်မတန် ကြိုက်နှစ်သက်တဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံဟာ အပြည်ပြည်ဆိုင်ရာကွန်ဗေးရှင်းပေါ့၊ ကျွန်တော်တို့ FCTC နဲ့ သဘောတူ လက်ခံပြီးတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ဒီအချက်ကလည်းပဲ သူအတိုင်း တိတိပပ မလိုက်နိုင်စေဦးတော့တောင်မှပဲ Framework Convention on Tobacco Control ထဲမှာ ပါတဲ့ အချက်အလက် များကလည်းပဲ ဘာပဲဖြစ်ဖြစ် အများပြည်သူအတွက်ကတော့ ဒါ သင့်လျော်တဲ့ Convention ဖြစ်တဲ့အတွက်ကြောင့် ဒီအဆိုကို ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော် ဒီလက်ရှိ ဆေးလိပ်သောက်သုံးသူတစ်ယောက် ဖြစ်သည်သာမကဘဲနဲ့ ကျွန်တော့်ရဲ့ စီးပွားရေးလုပ်ငန်းကလည်းပဲ ဆေးလိပ်နဲ့ ဆေးရွက်ကြီးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတဲ့ လူတစ်ယောက် ဖြစ်ပေမယ့်လည်းပဲ ကျွန်တော် ဒီအဆိုကို နှစ်ခြိုက်တဲ့အတွက် ကျွန်တော် ထောက်ခံရခြင်းပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီ ဆေးလိပ်သောက်သုံးတဲ့ ဓလေ့ဆိုတဲ့ဥစ္စာကလည်း ကျွန်တော်တို့ ရှေးဟောင်းသုတေသနတွေ တူးဖော်တဲ့အခါမှာ မြေဆေးတံတွေ တွေ့လို့ပဲဖြစ်စေ၊ ခေတ်အဆက်ဆက်က စာဆိုတွေ စပ်ဆိုသွားခဲ့တဲ့ မဝယ်ဘူး၊ မယ်ခူးမယ့်ဖက်စို မီးမကူ နေပူမှာ မကင်အားသောကြောင့် ထားရတယ် အိပ်ယာအောက်မှာ မင်းသောက်ဖို့ကို အင်မတန်မှ ရသမြောက်ပါတယ်။ တံတားဦးက ကွင်းနုဝါ၊ ငမြာက ဆေး၊ ကွမ်းသီးတောင်ငူနဲ့ ကိုင်းထုံးဖြူ ကျွန်တော်တို့ ပြည်ရှားပေါ့၊ သာဝါးလို့ထွေး၊ နောက်တစ်ခါကျတော့ ဆေးတံကို တစ်ညိုလောက်၊ ရော့သောက်တော့ပေး၊ မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်က ကြိုက်လို့ထင် စသည်ဖြင့် ဒီစာဆိုလေးတွေဟာ ရသမြောက်ပြီးတော့ ဆေးလိပ်တောင်မှ သောက်ချင်စိတ် ပေါက်လောက်အောင် အင်မတန် ရသမြောက်တဲ့ အဖွဲ့အနွဲ့လည်း ရှိခဲ့ပါတယ်။

ခုနက အထက်က ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလိုပေါ့။ ကျွန်တော်တို့ရဲ့ ဓလေ့ထုံးတမ်း စဉ်လာတွေထဲမှာ အိမ်တိုင်းအိမ်တိုင်းမှာ ကွမ်းအစ်နဲ့ ဆေးလိပ်ခွက်၊ မင်္ဂလာဆောင်၊ အလှူအတန်း တွေမှာ ဆေးလိပ်ကမ်းတယ် ဆိုတဲ့စနစ် ကနေ့ထိ ကျေးလက်ဒေသတွေမှာ ကျွန်တော်တို့

ပြောင်းဖူးဖက်ကို ဆေးရိုးနဲ့ ကိုယ်တိုင်လိပ်ပြီး သောက်နေတဲ့ လူတန်းစား၊ ကျွန်တော်တို့က ရောင်းချတဲ့ လူတန်းစား ဖြစ်သည့် အတွက်ကြောင့် ဒါတွေဟာလည်း လက်ရှိ ရှိနေဆဲပဲ ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်တော်တို့ ဒီခေတ်ဒီအခါမှာ ဆေးလိပ်နဲ့ ဆေးရွက်ကြီးရဲ့ ဆိုးကျိုးတွေကို ရှာဖွေတွေ့ရှိလာတဲ့ အခါကျတော့ ဒါတွေကို ဥပဒေအရ တားမြစ်သင့်တယ်ဆိုတဲ့ အချက်ကလည်းပဲ ငြင်းပယ်လို့ မရနိုင်တဲ့အချက်ပဲ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော့်အနေနဲ့ကတော့ ဒီဥစ္စာကို နိဂုံးချုပ်အနေနဲ့ပဲ ကျွန်တော်ပြောပါမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ ဒီဥစ္စာ ဒီ ဆေးလိပ်သောက်သင့်သည်၊ မသောက်သင့် သည်ဆိုတဲ့ Debate လဲ မဟုတ်သလို၊ ပညာပေးဟောပြောပွဲလည်း မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော် လက်ရှိ ဆေးလိပ်သောက်သုံးသူများ ကျွန်တော် အပါအဝင် မေးမြန်းလိုတဲ့ အချက်လေး တစ်ချက်ရှိပါတယ်။ ဒါက ဘာလဲဆိုလို့ ရှိရင် လူငယ်လူရွယ်တွေ၊ ကလေးသူငယ်တွေကနေပြီးတော့ ဆေးလိပ်သောက်တာ ကောင်းပါသလားလို့၊ ကျွန်တော်တို့ကို လာမေးခဲ့သည်ရှိသော် ကျွန်တော်တို့ ဘယ်လိုဖြေမလဲ၊ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့သည် ဆေးလိပ်သောက်သုံးသူများကို မသောက်ပါနဲ့လို့ တားမြစ်ခြင်း မဟုတ်ပါ။ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုတာကတော့ ဆေးလိပ်သောက်သုံးသူများသည် တရားဥပဒေနဲ့အညီ သောက်သုံးသွားကြပါ၊ ဒီကြားထဲမှာမှ ဆေးလိပ်ဖြတ်လိုသူများ ရှိခဲ့မယ်ဆိုလို့ရှိရင်လည်း ကျွန်တော် မေတ္တာဖြင့် ဒီ ကျွန်တော်တို့ ကူးယူဖြန့်ဝေထားတဲ့ အခြေခံပညာသင် ကျောင်းများ အတွက် ဆေးလိပ်ကင်းဝေးရေး လက်စွဲ စာအုပ်ထဲမှာပါတဲ့ ၄၅၄ ဆိုတဲ့ စာရွက်ကလေးများကို အသုံးပြုကြပါလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၈။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးခင်မောင်ရီ ရဲ့ ထုတ်ပြန်ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ ၄-၅-၂၀၀၆ က နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၅/၂၀၀၆ နဲ့ ထုတ်ပြန်ခဲ့ပြီး တစ်နှစ်တိတိပြည့်တဲ့ ၃-၅-၂၀၀၇ နေ့မှာ အာဏာတည်ပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မနေ့ညကပဲ ကျွန်တော် မြန်မာ့အသံသတင်း မလာခင်မှာ ဥပဒေပညာရှင် မျိုးလေး ကနေပြီးတော့ ဒီဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း

သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ကျွန်တော်တို့ လူထုကိုရှင်းလင်း တင်ပြသွားတာကိုလည်း ကြားလိုက်ရပါတယ်။ ကျွန်တော်တို့ လယ်ယာစီးပွား ပြီးခဲ့အပတ်ကဝေတဲ့ အမှတ်စဉ် ၆၀၄ မှာလည်း ကမ္ဘာတစ်ဝှမ်းမှာ ဆေးလိပ် သောက်သုံးမှုကြောင့် နှစ်စဉ် လူ(၆)သန်းခန့် သေဆုံးနေတဲ့ အဲဒီမှာ ဆေးလိပ်သောက်သုံးသူတစ်ဝက်က ကျွန်တော်တို့ သေဆုံးနေတယ်လို့ WHO က ထုတ်ပြန်တဲ့ ဆေးလိပ်သောက်သုံးမှု ဆန့်ကျင်ရေးနေ့ အခမ်းအနားမှာ ထုတ်ပြန်ကြေညာသွားတာကိုလည်း ဖတ်လိုက်ရပါတယ်။ ဆေးလိပ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ယခင်က ကျွန်တော်တို့ရဲ့ သမိုင်းများ ကိုလည်း အကျဉ်းမျှ တင်ပြပါရစေ။ ကုန်းဘောင်ခေတ်နှောင်းမှာ သီပေါမင်းဟာ သူ့ရဲ့အစ်မ တစ်ဝမ်းကွဲတော်တဲ့ ကနောင်မင်းရဲ့ သမီးတော် ဒုတိယ ရန်အောင်မြေ ထိပ်ခေါင်တင် လိပ်တဲ့ ဆေးပေါ့လိပ်ကိုမှ သောက်တယ်လို့ အဆို ရှိခဲ့ပါတယ်။ အလားတူပဲ ပါတော်မူတဲ့အချိန်မှာ ဘီရိုလှည်း ပေါ်မှာ ကျွန်တော်တို့ မိဖုရားကြီးဟာ ဆေးလိပ် သောက်ချင်တဲ့အတွက် ဘေးက ဂေါ်ရာစစ်သား တွေကို မီးခြစ်လှမ်းတောင်းတယ်ဆိုတဲ့ ဒီမှတ်တမ်းမှတ်ရာတွေလည်း တွေ့ရှိရပါတယ်။ H. Fielding Hall ရေးတဲ့ Thibaw's Queen မှာလည်း ဒါကျွန်တော်တို့ အဝေးရောက် မြို့ဝန်ပေါ့နော်၊ မိုးကောင်း မြို့ဝန်သမီး (၉)နှစ်လောက်ရှိတဲ့ မယ်မြဟာ ဒါ စီးကရက်လိပ်တဲ့ ရွှေသေတ္တာကို ပိုက်ပြီးတော့ အမြဲလိုက်ရနေတယ် ဆိုတာတွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အစဉ်အလာမှာ ကျွန်တော်တို့ ဆေးလိပ်သောက်မှုတွေဟာ ခိုင်ခိုင်မာမာရှိနေပြီ ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။

အလားတူပဲ ကိုလိုနီခေတ်၊ ကုန်းဘောင်ခေတ်ကို ရောက်တဲ့အခါမှာ ဒါနန်းတော်ရှေ့ ဆရာတင်ရဲ့ သာစည်သူမမြရင်ရဲ့ ဆေးလိပ်လေးနဲ့မူဆိုတဲ့ ကျွန်တော်တို့ သီချင်းတွေထွက်နေပြီးတော့ အဲဒီခေတ်မှာ ဘီအေမလှမေတို့၊ ကြည်တင်တို့၊ ယိုးဒယားမယ် ရှင်ဆေးလိပ်တွေဟာလည်း မန္တလေးမှာ ပြန့်နှံ့နေပါပြီ။ ဟိုခေတ်ကတော့ ကျွန်တော်တို့ ကွမ်းသီးဖက်၊ ပြောင်းဖူးဖက် ဆေးလိပ်တွေကို လိပ်ပြီး သောက်ခဲ့ပေမယ့် ကိုလိုနီခေတ်မှာတော့ ကျွန်တော်တို့ သနပ်ဖက်ဆေးလိပ်တွေ တွင်တွင် ပေါ်နေပါပြီ။ ပြီးခဲ့တဲ့ မကြာခင်က တပ်မတော်အရာရှိတစ်ဦး ရေးတဲ့ ရှေ့တန်းအတွေ့အကြုံတွေမှာ ကျွန်တော်တို့ ရိုက္ခာကလည်း ပြတ်လပ်သွားပြီ။ အဲဒီအခါမှာ တပ်မတော်စာစဉ်တွေကလည်း ကုန်သွားပြီ။ ဒီအခါမှာ ထီတစ်သိန်းဆု ပေါက်တဲ့လက်မှတ်ကို ဆေးပေါ့လိပ်လိပ်သောက်လိုက်တဲ့ အတွက် သိန်းဆုကြီးနဲ့ လွဲသွားတဲ့အဖြစ်ကို လည်း ကျွန်တော်တို့ ဖတ်မိလိုက်ရပါတယ်။ ဒါကြောင့် ဆေးပေါ့လိပ်ဟာ ဘာပဲပြောပြော အစဉ်အလာ တစ်ရပ်အနေနဲ့ရှိခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးဆယ်ခန့်က ဒါကျွန်တော်တို့ မြန်မာအိမ်တွေမှာ အိမ်ရှင်ကလည်း ကွမ်း၊ ဆေး၊ လက်ဖက်ကို နှစ်ခြိုက်စွာ သုံးဆောင်သလို ဧည့်သည်လာရင်လည်းဒါ ဧည့်ဝတ်ပြုတဲ့စနစ်ဟာ ရှိခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ အထူးသဖြင့် ကျွန်တော်တို့ရဲ့ ပဲခူးမြို့ဟာ ကျွန်တော်တို့ ဆေးလိပ်မြို့တော်၊ ကပ်ကြေးမြို့တော်လို့တောင်မှ ဒါခေါ်ဝေါ်တဲ့အထိ ဆေးလိပ်ခုံတွေအမြောက်အများရှိပါတယ်။ သူတို့ရဲ့ ဥစ္စာခနေတွေကြီးပွားလာတာနဲ့အမျှ အလှူဒါနတွေကလည်း လက်ညှိုးထိုးလို့ မလွဲ ဖြစ်ခဲ့ရတဲ့အထိ စီးပွားရေးမှာ ကောင်းပါတယ်။ ကျွန်တော့်အိမ်မှာဆိုရင် ဒါကျွန်တော်ဖခင်ဟာ ဆေးတံရယ်၊ ဆေးပြင်း လိပ်ရယ်၊ ခပေါင်းစီးကရက်ကို ကျွန်တော်တို့ စွပ်တံစွပ်ပြီးသောက်တာကို တွေ့ရပါတယ်။ မိခင်ကတော့ ဒါ ဆေးပြင်းလိပ်ကို အမြဲသုံးဆောင်ပါတယ်။ ပဲခူးမြို့က ဆရာဝန်ကြီးရဲ့၊ ဒေါက်တာဘသင် ရဲ့ ညွှန်ကြားချက်အရ ကျွန်တော်တို့ သွားဖုံးရေစီးကမ်းပြို လိုက်တာတွေ၊ သွားနာသွားကိုက် ပျောက်

အောင်လို့ ဆေးပြင်းလိပ်ကို သောက်တယ်လို့တော့ ကျွန်တော့် မိခင်က ပြောပါတယ်။ ဒီဆေးပြင်းလိပ်တွေကို အော်ဒါမှာတဲ့ အခါမှာလည်း ကျွန်တော်တို့ ထိပ်တွေမှာ ပျားရည်ကိုသုတ်ပြီးတော့ အော်ဒါမှာတာကိုတော့ ကျွန်တော်မှတ်မိနေပါတယ်။ အလားတူပဲ ကျွန်တော့်ရဲ့ ကြီးဒေါ်ကတော့ နဂါးဆေးလိပ်ကို အမြဲသောက်ပါတယ်။ ဧည့်သည်တွေအတွက်ကတော့ ကျွန်တော်တို့ မြို့ကထုတ်တဲ့ ပူစီဆေးလိပ်(၅)ပြားတန်လေးတွေကို တည်ပါတယ်။ ဘာကြောင့် ဒီလို ဧည့်သည်တွေကို ခွဲပြီး တည်သလဲလို့ မေးတော့ လူဆိုတာကိုယ်ကြိုက်တဲ့ တံဆိပ်ကိုပဲ စွဲမြဲတာပါ။ ဒီဧည့်သည်တွေကလည်း ခံတွင်းချဉ်လို့လာတဲ့ အတွက် တစ်ဖွာနှစ်ဖွာဖွာ၊ ဖွာပြီးလို့ရှိရင်ဒါ ပြီးအောင်သောက်တာမဟုတ်ပါဘူး။ ဒါကြောင့် အဲဒီခေတ်ကတော့ (၅)ပြားလောက်တန်တဲ့ ဒါပူစီဆေးလိပ်ကို ကျွန်တော်တို့အိမ်မှာ သုံးပါတယ်။ အိမ်ရှင်များ၊ ကျွန်တော့်ကြီးဒေါ်များကတော့ နဂါးဆေးလိပ်ကြီးတွေကို ကျွန်တော်တို့ အပတ်စဉ် (၁၀)ရက်တစ်ခါ၊ (၇)ရက် တစ်ခါ၊ ဒါ၀ယ်ပေးရပါတယ်။ ဒီဆေးလိပ်ခုံဟာ ကျွန်တော်တို့ မြန်မာတစ်ပြည်လုံး ဖြန့်ချိတာဟာဆိုရင် ခုံပေါင်း(၂၇)ခုံ၊ ဆေးလိပ်လုပ်သား(၅၅၀၀)နဲ့ တစ်နေ့ကို (၂၇)သိန်းခွဲ ဖြန့်ချိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။

ကျွန်တော့်အတွေ့အကြုံအရ ဒါ အမည် မဖော်လိုတဲ့ပေါ့နော်၊ ကျွန်တော်တို့ ၀န်ကြီးအဆင့်အထိ တာ၀န်ထမ်းဆောင်တဲ့ သူတစ်ဦး ပြောကြားဖူး ပါတယ်။ ကျွန်တော်တို့ လမ်းစဉ်ပါတီခေတ်က ကျွန်တော်တို့ ဗဟိုကော်မတီ၀င် အမျိုးသမီးကြီးတစ်ဦးဟာ ဒါမန္တလေးမြို့မှာ နဂါးဒေါ်ဦး ရဲ့ ဆေးလိပ်ခုံတွေကို သိမ်းဖို့အတွက်၊ ပြည်သူပိုင်သိမ်းဖို့အတွက် ရောက်ရှိလာပါတယ်။ အဲဒီအချိန်မှာ အဲဒီပုဂ္ဂိုလ်ကြီးက အစ်မကြီးဒေါ်ဦး ဆေးလိပ်ခုံတွေကိုသိမ်းရင် ဗန်းအချပ်(၅၀၀၀)နဲ့ ကပ်ကြေးအလက်(၅၀၀၀)ပဲ ရမှာပေါ့။ ဒီလူတွေရဲ့ စား၀တ်နေရေးကို အစ်မကြီးဘယ်လိုဖြေရှင်းမှာလဲလို့ ပြန်မေးတဲ့အခါ မရဘူး သိမ်းမယ်ဆိုပြီးလုပ်ပါတယ်။ဘူတာကို လိုက်ပို့တဲ့အခါမှာ မောင်ရင် မင်းခဏလာဦး။ မင်း အိပ်ယာလိပ်ပြင်ထားတော့ဆိုပြီး ကြိမ်း၀ါးသွားခဲ့ဖူးပါတယ်။ သို့သော်လည်း ဒီဖြစ်စဉ်ဟာ ထိုခေတ်က ပါတီဥက္ကဋ္ဌကြီးဆီကိုရောက်တဲ့အခါမှာ ဒေါ်ဦးလို မြန်မာအမျိုးသမီးလုပ်ငန်းရှင်တွေကို အားပေးရမယ်ဆိုတဲ့ မှတ်ချက်ကြောင့် သူဟာ အဆင့်ဆင့် တက်လာပြီး သူဟာ၀န်ကြီးတာ၀န်အထိရောက်ရှိလာတာကို ကျွန်တော်မှတ်သားဖူးပါတယ်။ ကျွန်တော့် အနေနဲ့ ဆေးလိပ်အန္တရာယ်ကို ကျွန်တော် ထောက်ခံရတဲ့ အကြောင်းအရာကတော့ စောစောက တင်ပြသလိုပဲ ကျွန်တော့်အိမ်မှာ ကျွန်တော့်အဖွားက ဆေးပေါ့လိပ်ကြီးတွေကို သောက်ပါတယ်။ ကျွန်တော် (၃)နှစ်သားလောက်ကတည်းက ဆေးလိပ်သောက်တတ်နေပါပြီ။ နှာခေါင်းကထုတ်တာ၊ ပါးစပ်က ထုတ်တာ ဒါတွေက ဧည့်သည်တွေအတွက် အံ့သြဘနန်း ဖြစ်ခဲ့ရပါတယ်။ ၁၉၆၄ မှာ အဖွားဆုံးတော့ ဒါ(၄) နှစ် သားလောက် အထိပဲ ကျွန်တော် ဆေးလိပ်သောက်တာပါ။ အဲဒီအကျိုးဆက်က ကျွန်တော်တို့က ဆေးလိပ်ခွက်ထဲမှာ ဆေးလိပ်အတိုတွေ မြင်ရင်ကောက်သောက်တယ်။ အခြားသူတွေ ပစ်ထားတဲ့ ဆေးလိပ်တွေ ကောက်သောက်တဲ့အတွက် ဒါလူကြီးသူမတွေရဲ့ ဟန့်တားတာတွေ၊ ကြိမ်းမောင်း တာတွေ ခံခဲ့ရပါတယ်။ အကျိုးဆက်ကတော့ ကျွန်တော်သိတဲ့အရွယ်မှာ ရင်ကြပ်ရောဂါ စွဲတာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရန်ကုန်၊ ပဲခူးမှာ X rays တွေ ရိုက်ရ၊ သလိပ်စစ်ရ၊ ကျွန်တော်တို့ အမိုင်နိုတို့၊ အက်ဖီဒရင်းတို့၊ ဗင်တိုလင် ဆိုတဲ့ ဆေးပြားတွေ ဖင်ဆီဒိုင်းတို့၊ ကော်မာသာဇင် တို့ဆိုတဲ့ သောက်ဆေးရည်တွေဟာ တန်းစီပြီးတော့ နေခဲ့ပါတယ်။ အခြား ဗမာဆေးတွေဆိုရင်လည်း ကျွန်တော်တို့

ရှောက်ရည်၊ ပျားရည် စသည်ဖြင့် သောက်ရတဲ့ဆေးတွေအများကြီးရှိသလို ရင်လူးဆေးတွေကလည်း အမျိုးမျိုးဖြစ်ပါတယ်။ ကျောင်းမသွားခင် ဒါမောင်နှမတွေရဲ့ ထမင်းဝိုင်းကို ဝင်လိုက်တဲ့အခါမှာ ဒီမောင်နှမတွေက ဆေးနံ့တွေကြောင့်မို့လို့ နှာခေါင်းရှုံ့မှု၊ မလိုလားမှု ဒီအပြုအမူတွေကိုလည်း ခံခဲ့ရပါတယ်။ ကိုယ်တိုင်လည်း အသက်ရှူမဝ ရင်ကြပ်တဲ့အတွက် လူကြီးသူမတွေမှာ ကျွန်တော့် အတွက် ကြောင့်ကြခဲ့ရတဲ့ ဝေဒနာတွေ၊ ကျွန်တော့်မှာလည်း မသက်မသာ ခံစားခဲ့ရပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ဒီလိုအရွယ်မတိုင်မီမှာ ဆေးပေါ့လိပ်ကို (၃)နှစ်လောက်က စပြီးတော့ သောက်ခဲ့ရတယ်၊ ရှူခဲ့ရတယ်ဆိုတဲ့အတွက် ဒါရောဂါတွေရတယ်။ အာရောဂျံပရမံလာဘံ ဆိုတဲ့အတိုင်းပဲ မကျန်းမာတဲ့အခါမှာ ကျန်းမာတဲ့တန်ဖိုးကို သိရှိတာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီး ဌာနအနေနဲ့ကလည်း ပြည်သူတွေ အသက်ရှည်ဖို့၊ အနာကင်းဖို့၊ လူတိုင်းသက်တမ်းစေ့ နေနိုင်ဖို့ အတွက်ကို စီမံပြီးတော့ ကျွန်တော်တို့ ဒီဥပဒေတွေထုတ်ပြန်ခဲ့ခြင်းဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကိုယ်တွေ့အပေါ်မှာ တင်ပြရင်း ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က ကနောင်မင်းသားကြီး ဆွေးနွေးပြီးတဲ့နောက်မှာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည် တော်များခင်ဗျာ။ ဦးစွာပထမ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ဦးခင်မောင်ရီရဲ့ အဆိုကိုထောက်ခံဆွေးနွေးသွားမယ့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က ဦးစောအုန်း ဖြစ်ပါတယ်။ ဒီအဆိုကို ဘာကြောင့် ကျွန်တော်ထောက်ခံသလဲဆိုတာ အကြောင်း အချက်(၂)ရပ် ရှိပါတယ်။ ပထမအကြောင်းအရင်းကတော့ ဒီ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်မှ ထုတ်ပြန်ပြဋ္ဌာန်းပြီး အတည်ပြုပေးတဲ့အတွက် ကြောင့် ဖြစ်ပါတယ်။ ဒုတိယအကြောင်းအရင်းကတော့ ဒီဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံသားများအတွက် ကျန်းမာရေးနဲ့ စီးပွားရေးကို မြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်တဲ့ အတွက်ကြောင့် ဒီအကြောင်း(၂)ချက်အပေါ်မူတည်ပြီးတော့ ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြောင်းအရင်းကို ဆွေးနွေးတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နေပါတယ်။ ဒီလိုတည်ဆောက်နေတဲ့အခါမှာ နိုင်ငံ အတွင်းမှာရှိတဲ့ တရားဥပဒေ စိုးမိုးရေးဟာ လွန်စွာအရေးကြီးပါတယ်။ အဲဒီတော့ ထုတ်ပြန်ပြီးသား ဖြစ်တဲ့ တရားဥပဒေဟာလည်း စိုးမိုးနိုင်မှ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံကို ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်မှာဖြစ်ပါတယ်။ ဥပဒေပြုသူများ၊ အုပ်ချုပ်သူများ၊ တရားစီရင်ရေး ပြုသူများ အပါအဝင် နိုင်ငံသားတိုင်းဟာ တရားဥပဒေကို လေးစားလိုက်နာကြမှသာလျှင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံသားတိုင်းက နိုင်ငံအတွင်းမှ ပြဋ္ဌာန်းပေးတဲ့ ဥပဒေကို လိုက်နာရန် တာဝန်ရှိတယ်။ မလိုက်နာရင်ဥပဒေပါအတိုင်း အရေးယူခံရမယ် ဆိုတာ သိကြပါတယ်။

ပြဋ္ဌာန်းပြီးတဲ့ တရားဥပဒေကိုမသိလို့ ကျူးလွန်မိတယ်ဆိုပြီးတော့ ဆင်ခြေပေးလို့မရပါဘူး။ ဒါဟာလည်း အများသိပါတယ်။ ဒီလိုသိရက်နဲ့ပင် ဒီကနေ့ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ လွယ်လင့်တကူ တရားဥပဒေကို ချိုးဖောက်နေကြတာကို ဝမ်းနည်းစွာ တွေ့မြင်နေကြ ရပါတယ်။ ကျွန်တော်ပြောချင်တာကတော့ ပြစ်မှုကြီးဥပဒေတွေမဟုတ်ပါဘူး။ ဥပမာ- လူသွားစင်္ကြံ လမ်းမှာ ဈေးရောင်းတာတို့၊ မော်တော်ယာဉ်ကို သတ်မှတ်တဲ့ မိုင်နှုန်းထက် ကျော်မောင်းတာတို့ အသေးအဖွဲ ကအစ ဥပဒေကို ချိုးဖောက်နေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ဒါကြောင့်လည်းပဲ တရားဥပဒေစိုးမိုးရေး Rule of Law အရ ကျွန်တော်ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒုတိယထောက်ခံဆွေးနွေးရခြင်း အကြောင်း အရင်းကို ရှင်းလင်းတင်ပြပါမယ်။ ဒီဆေးလိပ်နဲ့ ဆေးရွက်ကြီးသောက်သုံးမှုကြောင့် လူတွေရဲ့ ကျန်းမာရေး ကို ထိခိုက်တယ်ဆိုတာကို ကျွန်တော်တို့ အစ လွန်ခဲ့တဲ့ နှစ်ပေါင်း လေး၊ ငါး၊ ခြောက်ဆယ်ကတော့ သိလိမ့်မယ် မထင်ဘူး။ ကျွန်တော့်မှတ်တမ်းတစ်ခုအရဆိုလျှင် ၁၉၆၄ ခုနှစ်မှာ အမေရိကန် သမားတော်ချုပ်က ဒီဆေးလိပ်သောက်သုံးခြင်းက ကင်ဆာရောဂါနဲ့ အခြား ရောဂါများ အတွက် ဖြစ်စေပြီး၊ အခြားရောဂါများ၏ အကြောင်းရင်းတစ်ခုဖြစ်တယ်လို့ သတိပေး နှိုးဆော်ခဲ့ ပါတယ်။ ဒီကနေ့ ကမ္ဘာပေါ်မှာ နှစ်စဉ်နှစ်တိုင်း လူဦးရေ သုံးသန်းခန့် ဒီဆေးလိပ်နဲ့ ဆေးရွက်ကြီး ကြောင့် သေဆုံးနေ ကြပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ကျွန်တော်တို့ တစ်နေ့မှာ လူရှစ်ထောင် ကျော်လောက်က ကမ္ဘာပေါ်မှာ ဒီအတွက် ဆေးလိပ်သောက်သုံးမှုကြောင့် ကျွန်တော်တို့ သေဆုံး နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်သုံးမှုကို လျှော့ချနိုင်မယ်၊ ထိန်းချုပ် နိုင်မယ်ဆိုရင် ကျွန်တော်တို့ အသေအပျောက်နှုန်းကလည်း ကျဆင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ကမ္ဘာပေါ်မှာ ဆေးလိပ်အများဆုံးသောက်သုံးသော နိုင်ငံဟာ ပိုလန်နိုင်ငံဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်စာရင်းအရ သူ့မှာလူဦးရေ သန်းလေးဆယ်လောက် ရှိပါတယ်။ လူတစ်ဦးရဲ့ ပျမ်းမျှတစ်နေ့ စီးကရက်သောက်နှုန်းဟာ (၉)လိပ်လောက်ရှိမယ်လို့ သိရပါတယ်။ အဲဒီ နိုင်ငံရဲ့သေနှုန်းဟာ လူ(၁၀၀၀)မှာ(၁၀)ဦးဖြစ်ပြီးတော့ မွေးကင်းစကလေးသေနှုန်းကတော့ ကလေး (၁၀၀၀)မှာ (၉)ဦးဖြစ်ပါတယ်။ သူနဲ့ ကပ်နေတဲ့ ဂျာမဏီနိုင်ငံကိုကြည့်မယ်ဆိုရင် မွေးကင်းစ သေနှုန်းက လူ(၁၀၀၀)မှာ (၄.၂)ဦးသာ ရှိတဲ့အတွက်ကြောင့် ဒီဆေးလိပ်သောက်သုံးမှု ဟာလည်း အမျိုးသားရော အမျိုးသမီးပါ သောက်သုံးနေတဲ့အတွက်ကြောင့် ဒီ မိခင်ရဲ့ ဆေးလိပ်သောက်သုံး မှုဟာ ကလေးသန္ဓေသားမှာသွားပြီးတော့ ထိခိုက်တယ်လို့ ကျွန်တော်ယူဆမိပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ ဆေးလိပ်သောက်သုံးမှုဟာ အမျိုးသားက (၄၇) ရာခိုင်နှုန်းရှိပြီး တော့ အမျိုးသမီးက (၄၂) ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့်ဆေးလိပ်သောက်သုံးမှုဟာ ကျန်းမာရေး ကို ထိခိုက်စေတဲ့အတွက်ကြောင့် ဦးခင်မောင်ရီရဲ့ အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒီဥပဒေပိုင်းကို ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင်တော့ ရည်ရွယ်ချက် အလွန်ကောင်း ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီဥပဒေပြဋ္ဌာန်းခြင်းကြောင့် ကျွန်တော်တို့ ဆေးလိပ်နဲ့ဆေးရွက်ကြီး သောက်သုံးမှုဟာ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်တယ် ဆိုတာ နားလည်ပြီးတော့ ရှောင်ကြဉ်ကြဖို့ ဒါအဓိကရဲ့ အကြောင်းအချက်ပါပဲ။ အပြစ်ဒဏ်ပေးဖို့ဘာဖို့ကတော့ ဒါဥပဒေဆိုတာ အပြစ်ဒဏ် တော့ ပါလာရစမြဲဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေဆိုတာ ကျွန်တော်တို့ အကြောက်တရားကို အခြေခံ

ပြီးတော့ ပြဌာန်းတာထက်ကို အသိတရားကို အခြေခံပြီး ပြဌာန်းတာက ပိုပြီးတော့ အဆင်ပြေလိမ့်မယ်လို့၊ အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီမှာ ငွေဒဏ်တို့၊ ထောင်ဒဏ်တို့လည်း ကျွန်တော် တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာ ဒီကနေ့ ဆေးလိပ်သောက်သုံးမှုကို ထိန်းချုပ်တဲ့ ဆောင်ရွက်ချက်တွေဟာ အားရကျေနပ်မှု မရှိပါဘူး။ ဟိုမှာ ကြော်ငြာတို့၊ လက်ကမ်းစာစောင်တို့၊ ရေဒီယို၊ တီဗွီ၊ သတင်းစာ၊ ဂျာနယ်တွေမှာ ဒီလိုကြော်ငြာမျိုးတွေမတွေ့ရပါဘူး။

သို့သော်လည်းပဲ ဒီမှာ တစ်ခုရှိတာကတော့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးအမှတ်တံဆိပ်ပါသော ပစ္စည်းများကို အခမဲ့ ဖြန့်ဖြူးခြင်း၊ လက်ဆောင်ပေးခြင်း မပြုရဘူးဆိုပေမယ့် ဒီဆေးလိပ်သောက်သုံးမှုနဲ့ ဆက်စပ်နေတဲ့ မီးခြစ်တွေမှာ ဆေးလိပ်ရဲ့ L၀၉၀ တံဆိပ်တွေ၊ ပြာခွက် တွေမှာ L၀၉၀ တံဆိပ်တွေ ဒီလိုပစ္စည်းတွေကို လက်ဆောင်ပေးနေတာတော့ တွေ့နေရပါတယ်။ ဒီအတွက် တကယ်လို့ ဒါကို ကျူးလွန်လို့ရှိရင် ပထမအကြိမ်မှာ ဒဏ်ငွေ(၂၀၀၀၀)ကနေ(၅၀၀၀၀)၊ ဒုတိယအကြိမ်မှာ (၂)နှစ်ထက် မပိုသော ထောင်ဒဏ်၊ ဒါမှမဟုတ် ငွေဒဏ်(၅၀၀၀၀)ကနေပြီးတော့ (၂၀၀၀၀၀)အထိ ရိုက်နိုင်တယ်လို့ ကျွန်တော်တွေ့ရပါတယ်။ သို့သော်လည်းပဲ ဒီအပိုင်းမှာတော့ အရေးယူမှု အားနည်းနေတာကို တွေ့ရပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အဓိကကတော့ ဆေးလိပ်သောက်သုံးမှုကို လျှော့ချမယ်ဆိုရင် ဒီဥပဒေအရအားဖြင့် ဆောင်ရွက်ပေမယ့်လည်း စည်းရုံးရေး၊ ပညာပေးရေးအနေနဲ့ ဆောင်ရွက်တာ အသင့်တော်ဆုံးဖြစ်မယ်လို့ ယူဆပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပညာရေးဌာနမှာ မူလတန်းကျောင်းမှာလည်းပဲ ဒီဆေးလိပ်နဲ့ အန္တရာယ်ကို သင်ကြားနေတာ ကျွန်တော်တွေ့ရပါတယ်။ ဒါကလည်း ယူနီဆက်က ထုတ်ပေးတာ အခမဲ့ ဆရာကိုင်၊ ကျောင်းသားကိုင်လက်စွဲစာအုပ်တွေမှာလည်း တွေ့ရပါတယ်။ ဥပမာ - မောင်လူမွေးကို အကြောင်းပြုပြီးတော့ ကျွန်တော်တို့ ဆေးလိပ်ကို မိဘတွေက တစ်ဖွာ၊ နှစ်ဖွာ ဆေးလိပ် မီးညှိခိုင်းတာက ဒီကလေးက ဆေးလိပ်စွဲလာပြီးတော့ နောက်ဆုံးတော့ ဆေးလိပ်သောက်သုံးသမားဖြစ်လာပြီးတော့ ကျန်းမာရေးညံ့လာတယ်။ စာမေးပွဲကျလာတယ်။ ဒါတွေကို ကလေးတွေကို သင်ပေးနေတာ တွေ့ရ ပါတယ်။ အဲဒီတော့ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် မူလတန်း ကလေးမှာကတော့ ကျွန်တော် ပြောရပါတယ်။ မူလတန်းအဆင့် စတုတ္ထတန်းကလေး မှာတော့ ကျွန်တော်တို့ နိုင်ငံမှာ ဆေးလိပ်သောက်သုံးမှုဟာ မရှိပါဘူး။ ကျွန်တော်တို့ အဓိကထားရမှာက အလယ်တန်းနဲ့ အထက်တန်း ကျောင်းသားတွေ၊ အဲဒီမှာလည်း ကျွန်တော်တို့ ဆေးလိပ်နဲ့ပတ်သက်တဲ့ ဒီပညာပေးဟောပြောပွဲတွေ ဘာတွေ ကျွန်တော်တို့ လုပ်နေတာလည်းရှိပါတယ်။ စာစီစာကုံးပြိုင်ပွဲတို့၊ ဘာတို့ လုပ်နေတာတွေ စာစောင်တို့၊ လက်ကမ်း စာစောင်တို့ ဒါတွေ ကောင်းပါတယ်။ ဒီအတွက် ကျွန်တော်တော့ ဒီထိန်းချုပ်တဲ့ဟာကို ဥပဒေအရ ပီပီပြင်ပြင် မဆောင်ရွက်နိုင်သော်လည်းဘဲ ကျွန်တော်တို့နိုင်ငံမှာ ဆေးလိပ်သောက်သုံးခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေတယ်ဆိုတဲ့ စီးကရက်ဘူးတွေမှာလည်း ဆောင်ပုဒ်တွေ ကျွန်တော်တို့ ပေးရတယ်။ ဆေးလိပ်နဲ့ ဆေးလိပ်ပစ္စည်းတွေ ရောင်းချတဲ့ဆိုင်တွေမှာလည်း ဒီလို စာတမ်းတွေ ရေးထားတာတွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဒါ ကျေနပ်အားရမှု ရှိပါတယ်။

လူတိုင်း၊လူတိုင်းဟာလည်း ဆေးလိပ်ကို မဖြတ်နိုင်လို့သာ သောက်သုံးနေရတယ်ဆို ပေမယ့် ကျန်းမာရေးကို ထိခိုက်တယ်ဆိုတာ လူတိုင်းသဘောပေါက်ပါတယ်။ သောက်သုံးသူများ

လည်း သဘောပေါက်တဲ့အပြင်ကို မသောက်သုံးသေးသူများလည်း သဘောပေါက်လျက်ရှိပါတယ်။ ဒါကြောင့်လည်းပဲ ဒီလိုနှုန်းနဲ့သွားရင် ကျွန်တော်တို့ နိုင်ငံမှာ ဆေးလိပ်သောက်သုံးမှုဟာ ကျဆင်းသွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျာ။ ဥပဒေတစ်ရပ် ပြဋ္ဌာန်းတယ်ဆိုတာကတော့ အဲဒီဥပဒေကိုချိုးဖောက်လျှင် ဟုတ်လား ပြစ်ဒဏ်နဲ့အရေးယူဆောင်ရွက်နိုင်တယ်ဆိုတဲ့ဟာကတော့ ဒါပါပြီးသားဖြစ်ပါတယ်။ ဒါပေမယ့်လည်း အကြောက်တရားကို အခြေခံပြီးတော့ ဆောင်ရွက်နေခြင်းထက် အသိတရားကို အခြေခံပြီးတော့ ပြဋ္ဌာန်းတာက ပိုပြီးတော့ ကောင်းလိမ့်မယ်လို့ထင်တယ်။ ဒါကြောင့် ဒီမှာဆိုရင် ကျွန်တော်တို့ ဥပဒေမှာ ထောင်ဒဏ်အများဆုံး (၂)နှစ်အထိ ချရမယ့် ကိစ္စတွေကျတော့ ထောင်ဒဏ်ဟာ များလွန်းပါတယ်။ အများဆုံး(၆)လအထိပဲ ချသင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့ လာမယ့် (၁၀)နှစ်၊ အနှစ်(၂၀) အတွင်းမှာ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဆေးလိပ်သောက်သုံးမှုကို နည်းနိုင်သမျှ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အဲဒီလို လိုအပ်တဲ့ အချိန်မှာ ကျွန်တော်တို့ ဥပဒေအားဖြင့် အရေးယူဆောင်ရွက်ခြင်းထက် တစ်ဖက်ကလည်း ပညာပေးခြင်းဖြင့် ယခုထက်ပိုပြီးတော့၊ အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်ပေးကြရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်းပြောကြားရင်းနဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၃း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၆။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အာဏာတည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဖြစ်သင့်ဖြစ်ထိုက်သော အဆိုအဖြစ် ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ တစ်ပါတည်း ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်အနည်းငယ်ကို တင်ပြဆွေးနွေးလိုပါတယ်။ ဆေးလိပ်ဆေးရွက်ကြီးဥပဒေအရ ကျွန်တော်တို့ နိုင်ငံမှာ ၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေရှိခဲ့ပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေအရ အနည်းဆုံးပြစ်ဒဏ်ဟာ (၁၀၀၀)ကျပ်ဖြစ်ပြီး အမြင့်ဆုံးပြစ်ဒဏ်ကတော့ ထောင်ဒဏ်(၂)နှစ်နဲ့ ငွေကျပ်(၁)သိန်း ဖြစ်ပါတယ်။ အနည်းငယ်တင်ပြလိုတာကတော့ ကျွန်တော်တို့

ပုဒ်မ ၁၁ မှာ ဒုတိယအကြိမ် ကျူးလွန်ရင် ထောင်ဒဏ်(၂)နှစ် အပေါင်း ငွေဒဏ်(၅၀၀၀၀)ကျပ်ကနေ (၂၀၀၀၀၀)သိန်းကျပ်အထိရှိပါတယ်။ ဒါက ကြော်ငြာနဲ့ ပတ်သက်ပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ပုဒ်မ ၁၂ မှာတော့ ကျွန်တော်တို့ တာဝန်ရှိသူကိုနှောက်ယှက်လို့ရှိရင် ထောင်ဒဏ်(၂)နှစ်ထက်မပိုသော ပြစ်ဒဏ်နဲ့ ငွေဒဏ်အချို့ကို သတ်မှတ်နိုင်ပါတယ်။ ပုဒ်မ ၁၃ အရ ကျွန်တော်တို့ ဖြန့်ဖြူးခြင်းနဲ့ ပတ်သက်ပြီးတော့ ထောင်ဒဏ်(၁)နှစ် အပေါင်း ကျပ်(၃၀၀၀၀)မှ (၁၀၀၀၀၀)အထိရှိပါတယ်။ ပုဒ်မ ၁၄ အရ ရောင်းချခြင်းနဲ့ ပတ်သက်ပြီးတော့ ပြစ်ဒဏ်(၁)နှစ်အပေါင်း ကျပ်(၃၀၀၀၀)မှ (၁၀၀၀၀၀)အထိရှိ ပါတယ်။ ပုဒ်မ ၁၅ ကတော့ လက်လီရောင်းချခြင်း ဥပမာ (၁၈)နှစ်အောက်ကလေးများ မဝယ်ရဆိုတဲ့ သတိပေးစာတမ်းမျိုးဖော်ပြရန် ပျက်ကွက်ခြင်းရှိခဲ့ရင် ငွေဒဏ်(၃၀၀၀)ကျပ်မှ (၁၀၀၀၀)ကျပ်အထိ ရှိပါတယ်။ ပုဒ်မ ၁၇ မှာတော့ ကျွန်တော်တို့ မီးညှိထား တဲ့ဆေးလိပ်ကိုသောက်ခွင့်မရှိတဲ့နေရာမှာ ကိုင်ဆောင်ထားရင် ကျပ်(၁၀၀၀)ကနေ (၅၀၀၀)ကျပ်အထိ ပြစ်ဒဏ်ရှိပါတယ်။ ဒါက ကျွန်တော် အကြမ်းဖျဉ်းတင်ပြခြင်းပါ။ ကျွန်တော်တို့နိုင်ငံမှာဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူဦးရေကို အမျိုးမျိုးခန့်မှန်းလျက်ရှိကြပြီးတော့ အထူးသဖြင့် ဆေးပညာရှင်များက ကြောက်စရာကောင်းလှတဲ့ ဆင့်ပွားရောဂါ ဝေဒနာတွေကို ကိန်းဂဏန်းများနဲ့တကွ အမြဲမပြတ် အသိပညာပေးခဲ့ကြပါတယ်။ ဒါဟာ အလွန်ကောင်းမွန်တဲ့ အသိပညာပေး၊ စေတနာ ပြဋ္ဌာန်းချက်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါ့ထက်ပိုပြီး ဥပဒေအရပါ ပြဋ္ဌာန်းပြီးအရေးယူဖို့ တွန်းအားပေးခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံ အနေနဲ့လည်း အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာမှာ ဒီဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ကြလို့ ကျွန်တော်တို့ နိုင်ငံမှာလည်း ပြဋ္ဌာန်းခဲ့ကြရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြဋ္ဌာန်းပြီးဥပဒေအတိုင်း တိကျစွာ လိုက်နာစေရေး ကိစ္စကို ဖြစ်မြောက်စေရန်အတွက် နိုင်ငံရေးရှုထောင့်မှ စဉ်းစားသုံးသပ်ပေးကြပါရန် ဖြည့်စွက်ဆွေးနွေး ခြင်းသာဖြစ်ပါတယ်ခင်ဗျာ။ ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးသူဦးရေကို ရေဘူဃျတွက်စရာမှာ တစ်နှစ်ကို စက်ရုံအလုပ်ရုံမှ ထုတ်လုပ်သော စီးကရက်ဆေးလိပ်ဦးရေကို (၃၆၅)ရက်နဲ့စားပါတယ်။ တစ်ရက်အတွက်ရလာတဲ့ သောက်သုံးတဲ့ ဆေးလိပ်အရေအတွက်ကို လူတစ်ဦး တစ်နေ့တာ သောက်သုံးဖွယ်ရာရှိတဲ့ အလိပ်ရေနဲ့စားရင် သောက်သုံးသူဦးရေကို ပျမ်းမျှရရှိမှာ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဆေးလိပ်သုံးစွဲသူ (၁၅)သန်းတစ်နည်းအားဖြင့် တစ်နိုင်ငံလုံး ဦးရေရဲ့ (၄)ပုံ(၁)ပုံ ရှိတယ်လို့ ဆိုထားပါတယ်။ တကယ်တော့ ဒါထက်ပိုနိုင်ပါတယ်။ မြန်မာ့ဆေးပေါ့လိပ်နဲ့ လက်ဖြစ်ဆေးလိပ်ပုံစံအမျိုးမျိုးကို မြန်မာနိုင်ငံအနှံ့ကျေးလက် တောရွာတိုင်းမှာ အသုံးပြုနေကြတာဖြစ်ပါတယ်။ ဒါဟာ ဆေးရွက်ကြီးကို အခြားနည်းဖြင့်အသုံးပြုမှုဖြစ်တဲ့ ကွမ်းယာနဲ့ တွဲဖက်အသုံးပြုမှု မပါသေးပါဘူး။ ဒီ(၂)မျိုးလုံးကိုသာ ရေတွက်မယ်ဆိုရင် သုံးစွဲသူဦးရေ အရေအတွက်ဟာ မြို့တိုင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းရဲ့ လူများစုအရေအတွက် ဖြစ်နေတယ်ဆိုတာ ထင်ရှားလှပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို လူများစုကြီးရဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးအသုံးပြုမှုဟာ နှစ်ပရိစ္ဆေဒ အလွန်ကြာမြင့်ခဲ့ပြီဖြစ်လို့ နိုင်ငံရေးအမြင်နဲ့ တင်ပြရရင် ရိုးရာယဉ်ကျေးမှုကြီးတစ်ခုအသွင်ဆောင်နေခဲ့ပြီလို့ ဆိုလိုတာဖြစ်ပါတယ်။ တကယ်တော့ လူသားတွေမှာ ဒီအလေ့အကျင့်ဟာ မီးကိုစတင်အသုံးပြုခဲ့တဲ့ ကျောက်ခေတ်ဦးကတည်းက တစ်ပါတည်းပါလာတဲ့ ဓလေ့တစ်ခု ဖြစ်ပါ

တယ်။ မီးခိုးကို အသုံးပြုပြီး မှက်၊ ခြင်၊ ယင်များကို အနိုင်ယူခဲ့တဲ့ ဓလေ့ဟောင်း၊ ယဉ်ကျေးမှု ဟောင်းကြီးတစ်ခုရဲ့ ပြယုဂ်လည်း ဖြစ်ပါတယ်။ တကယ်တော့ ဒီ ယဉ်ကျေးမှုဟောင်းကြီးကို မနေ့တစ်နေ့ကမှ အသစ်တွေ့ရှိလာတဲ့ ဆေးပညာတွေ့ရှိချက်၊ ဥပဒေပြဌာန်းချက်တွေနဲ့ ယဉ်ကျေးမှု အသစ်နဲ့ တိုက်ဖျက်ဖို့ဆိုတာ လက်တွေ့မှာ မဖြစ်နိုင်တဲ့ အကောင်းမြင်ဝါဒတစ်ခုအသွင်ကို ဆောင်နေ တယ်လို့ ကျွန်တော်ယူဆ ပါတယ်။ နိုင်ငံရေးအမြင်အရ ဆိုပါလျှင် ဝါဒသစ်တစ်ခု၊ စနစ်တစ်ခုဆီကို ပြောင်းလဲကျင့်သုံးခြင်းဆိုတာဟာ ယဉ်ကျေးမှုအဟောင်းကနေ၊ ယဉ်ကျေးမှု အသစ်တစ်ခုဆီကို ပြောင်းလဲတဲ့ ဖြစ်စဉ် တစ်ခုဖြစ်လို့ လိုက်ပါပြောင်းလဲတဲ့ လူ့အသိုက်အဝန်းကြီးမှာ လုံလောက်တဲ့ အသိပညာသက်ဝင်နေဖို့ လိုအပ်ပါတယ် ခင်ဗျား။ အတိုချုံးတင်ပြရပါလျှင် အသစ်ဖန်တီးသူများကို အဟောင်းလက်ခံသူများက အနိုင်ယူလွှမ်းမိုးသွားခဲ့မယ်ဆိုရင် နိုင်ငံရေးဖြစ်စဉ်တစ်ခု ကျရှုံးခြင်း မည်ပါတယ်။ ဒါကို နိုင်ငံရေးလောကမှာ မဖြစ်နိုင်သော အကောင်းမြင်ဝါဒလို့ ကင်ပွန်းတပ်ပြီး နိုင်ငံရေးသမားများဟာ အဲဒီ ဝေါဟာရကို သတိထား ရှောင်ကျဉ်ကြလေ့ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်တော်သာ စီမံကိန်းရယ်လို့ ပြီးခဲ့တဲ့ ပါလီမန်ဒီမိုကရေစီခေတ်က လူတိုင်းဟာ လူတစ်ယောက် တိုက်တစ်လုံး၊ ကားတစ်စီးပိုင်ရမယ်ဆိုပြီး ကျင့်သုံးခဲ့ရမှာ အများရဲ့ အထင်အမြင်သေးမှုကို ခံခဲ့ရပါတယ်။ မဖြစ် နိုင်သော ဒီ အကောင်းမြင်ဝါဒကြောင့် ရှိရင်းစွဲ ယဉ်ကျေးမှုဟောင်းဖြစ်တဲ့ ပါလီမန်ဒီမိုကရေစီ နေရာမှာ လူအများစုဟာ အဲဒီအချိန်က ယဉ်ကျေးမှုအသစ်ဖြစ်တဲ့ ဆိုရှယ်လစ်ဝါဒကို လက်ခံရန် မျှော်ကိုးခဲ့ကြဖူး ပါတယ်။ တစ်ခါ ဆင်းရဲသူ အခြေခံလူတန်းစား လူအများစုကြီးရဲ့ လောကနိဗ္ဗာန်ကို တည်ဆောက် ပေးမယ်ဆိုတဲ့ ဆိုရှယ်လစ်ဝါဒဟာလည်း အတ္တကို အခြေခံတဲ့ လူ့ဓလေ့စရိုက်ကို မကျော်လွှန်နိုင်ဘဲ အတ္တအပြုအမူယဉ်ကျေးမှုဟောင်းရဲ့ ဝါးမျိုခြင်းကို ခံရပြီး ဇာတ်သိမ်းမလှ ဖြစ်ခဲ့ရပါတယ်။ ဒါဟာ မဖြစ်နိုင်သော အကောင်းမြင်ဝါဒကို နိုင်ငံရေးသမားတွေ ဘာကြောင့် သတိထားနေရသလဲ ဆိုတဲ့ သမိုင်းပေးသင်ခန်းစာလည်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ လူဦးရေ (၇၀)ရာခိုင်နှုန်း ကျော်ဖြစ်တဲ့ ကျေးလက်နေလူထုနဲ့ မြို့နေလူထုရဲ့ ထက်ဝက်ကျော်ဟာ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကို လိုအပ်ချက်ကြီး တစ်ရပ်အနေနဲ့ သုံးစွဲနေကြတာ တွေ့မြင်ရပါတယ်။ လိုအပ်ချက်ကြီးလို့ ဆိုရတာ ကတော့ ကျွန်တော်တို့ ကလေးဘဝတစ်လျောက် ပုခက်အတွင်းမှာ အိပ်စက်ရင်း ကွပ်ပျစ် ပေါ်မှာ မှေးစက်ရင်းနဲ့ မှက်၊ ခြင်၊ ယင်တွေ မသန်းရအောင်လို့ မိဘရဲ့ မေတ္တာနဲ့ ဖွာရှိုက်ပေးခဲ့တဲ့ ဆေးလိပ်မီးခိုးတွေနဲ့ ကြီးပြင်းခဲ့ ရတာဖြစ်ပါတယ်။ တောထဲ ထင်းခုတ်၊ ဝါးခုတ်သွားတဲ့ ဖခင်ကို မှက်၊ ခြင်၊ ယင်တွေ မသန်းရအောင်၊ လယ်ထဲကောက်စိုက်ဆင်းတဲ့ မိခင်ကို မှက်တွေ၊ မျှော့တွေ မသန်းရ အောင် ဆေးပေးမီးယူလုပ်ခဲ့ရတဲ့ ကျွန်တော်တို့ တစ်တွေဟာ ဒီကိစ္စမှာ ယဉ်ကျေးမှုကြီးတစ်ရပ်လို ဖြစ်နေခဲ့တာ ကြာပါပြီ။ ဒီ ယဉ်ကျေးမှု အဟောင်းကြီးကို ဆေးပညာအသစ်၊ ဥပဒေအသစ်တွေ ချက်ခြင်းပြဌာန်းပြီး တိကျစွာလိုက်နာဖို့၊ မလိုက်နာရင် ဥပဒေအရ လိုအပ်တဲ့ အစီအမံတွေချမှတ် အရေးယူဖို့ဆိုတာ လက်တွေ့ဖြစ်နိုင်ပါ့မလား လို့ စိုးရိမ်မိပါတယ်ခင်ဗျား။ ဥပဒေဆိုတာ ပြဌာန်းပြီးရင် လက်တွေ့အရေးယူနိုင်ပါမှ ဥပဒေမည်ပါတယ်။ တစ်ချိန်က ကွမ်းယာဆိုင်တွေ ပြည်သူပိုင်သိမ်းတဲ့ မဟာစီမံချက်ကြီးလိုမျိုး၊ ဒီကနေ့ ကွမ်းယာဆိုင်တွေ သိမ်းရုံမက ဥပဒေအရ မဖြစ်မနေ အရေးယူရဖို့

ကိန်းဆိုက်နေတာကို နိုင်ငံရေးအမြင်ရှုထောင့်မှ ဖြည့်စွက်ထည့်သွင်း စဉ်းစားပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ ဒီကနေ့မဏ္ဍိုင်ကြီး(၃)ရပ်ဟာ တစ်ကျော့ပြန် ယဉ်ကျေးမှုအသစ်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကို အလျင်အမြန် သွတ်သွင်းရုန်းကန်ရင်းနဲ့ စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်နေရချိန်ဖြစ်လို့ အခုတင်ပြချက်တွေကို ထည့်သွင်းစဉ်းစားပေးပါလို့ မေတ္တာရပ်ခံ တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၄။**

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ပါမောက္ခ ဒေါက်တာမြဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့်ကိစ္စကတော့ ဦးခင်မောင်ရီ တင်သွင်းသွားတဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီး သောက်သုံးမှုကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနဲ့ အရေးယူဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ ဆေးလိပ်သောက်တာကို စောစောကကိုယ်စားလှယ်တော်ကြီးများလည်းပဲ ဆွေးနွေးသွားပါတယ်။ အဲဒီတော့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေလည်း ပြောသွားပါတယ်။ ဗဟုသုတတွေလည်း တင်ပြသွားပါတယ်။ ဒီနေ့ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေဟာ ဘာကြောင့် ဒီ ဆေးလိပ်ထိန်းချုပ်ရေးကို လုပ်ပြီးတော့ ဖွံ့ဖြိုးဆဲနိုင်ငံကြီးကို ဘာကြောင့် ဆေးလိပ်တွေ ပို့နေသလဲဆိုတဲ့ သဘောတရားကိုလည်း ကျွန်တော်တို့ မြင်ဖို့လိုပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာ ဆေးလိပ်သောက်သုံးမှုနဲ့ အဆုတ်ကင်ဆာဖြစ်မှုကို ၁၉၅၂ ခုနှစ်မှာ သိတာပါ။ အဲဒီလို သိလာခဲ့တဲ့အတွက် ဒီအဆ(၂၀)ခန့် အဆုတ်ကင်ဆာဖြစ်မယ်လို့ သိတယ်။ အဲဒီတော့ ဒီလိုသောက်သုံးမှုနည်းအောင် အဲဒီအချိန်ကစပြီး စတင်ခဲ့ပါတယ်။ ဆေးလိပ်သောက်သုံးမှုဟာ အဆုတ်ကင်ဆာသာမက နှလုံးသွေးကြော၊ ဦးနှောက်သွေးကြော၊ ခြေထောက်သွေးကြောပိတ်ရောဂါများဖြစ်ပြီး ဆေးလိပ်မသောက်သူထက် (၄)ဆခန့် ခုနက နှလုံးရောဂါတွေထက် ပိုမှာ၊ အခြားကင်ဆာရောဂါတွေလည်း ဖြစ်ပါတယ်။ အမျိုးသမီးများဟာဆိုရင်လည်း သားအိမ်ကင်ဆာတွေ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်တာတွေဟာ ထင်ကြေးနဲ့ မဟုတ်ဘဲနဲ့ သုတေသန အဖြေများသာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝက ဒီကိစ္စတွေကို မသိခဲ့ပါဘူး။ နှလုံးရောဂါဖြစ်တာလည်း မသိဘူး။ ကိုလက်စထရော အကြောင်းလည်း ကျွန်တော်တို့ မသိခဲ့တဲ့အချိန်က အခုလို သိလာတဲ့အချိန်မှာ ကိုလက်စထရော လျှော့ပါ။ ဆေးလိပ်မသောက်ပါနဲ့ သွေးတိုးကို ထိန်းပါ။ ဒါတွေပြောတာက သုတေသန အရ ပြောင်းလဲလာသော အခြေအနေနဲ့ ကောင်းတဲ့ ဟာတွေကို ကျွန်တော်တို့ လက်ခံပြီး ကျင့်သုံးသွားဖို့ လိုပါတယ်။ အဲဒီတော့ ဒီနေ့ ဆေးလိပ်ကို ကြည့်တဲ့အခါမှာ အမြင်က ကျန်းမာရေး အမြင် သက်သက်နဲ့ မြင်လို့လည်း မရဘူး။ ကျွန်တော်တို့ လက်ခံပါတယ်။ နောက်ပြီးတော့ စီးပွား

တိုးတက်ရေး၊ ဆင်းရဲမှု၊ နွမ်းပါးမှု တိုက်ဖျက်ရေး ဒါတွေနဲ့လည်း ဆက်စပ်ပြီးတော့ ကြည့်ရပါမယ်။ နောက်ပြီးတော့ ခုနဆွေးနွေးသွားတဲ့ နိုင်ငံရေးအမြင်နဲ့လည်း ကျွန်တော်တို့ ဆွေးနွေးလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ စောစောက ဆေးလိပ်သောက်သုံးမှုဟာ သေဆုံးတဲ့သူတွေဟာ (၆)သန်းခန့် ဖြစ်ခဲ့ပြီးတော့ ကျွန်တော်တို့ အဲဒီထဲမှာ ရှုရှိုက်လို့ဖြစ်တာ (၆)သိန်းလောက်ရှိပါတယ်။ အဲဒီတော့ ဟိုဘက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ထိန်းချုပ်မှုအရ ဆေးလိပ်သောက်မှုလည်း ကျလာတယ်။ ရောဂါဘယလည်း သက်သာလျော့နည်း လာတယ်။ ဒါပေမယ့် ၂၀၃၀ ခုနှစ်မှာ ကျွန်တော်တို့ ဒီအတိုင်းသွားနေလျှင် (၈၀)ရာခိုင်နှုန်းသော ဆေးလိပ်သောက်သုံးမှုနဲ့ သေဆုံးမှုဟာ ကျွန်တော်တို့ ဝင်ငွေနည်းပါးတဲ့၊ ဝင်ငွေအလယ်အလတ်ရှိတဲ့ နိုင်ငံတွေမှာပဲ ဖြစ်မယ်လို့ ကမ္ဘာ့ပညာရှင်တွေက သုံးသပ်ထားတယ်။ အဲဒီတော့ ဖွံ့ဖြိုးပြီး နိုင်ငံတွေဟာ ထိန်းချုပ်မှု ကောင်းတဲ့အတွက်ကြောင့် စီးကရက်ကုမ္ပဏီကြီးတွေဟာ နည်းမျိုးစုံနဲ့ ရောင်းအားမြှင့်တင်ပါတယ်။ အခုဆိုရင် အင်တာနက်ကနေပြီး e - Cigarette ဆိုတာ ကြော်ငြာပြီးတော့ ဒီလိုလုပ်လာတာ တွေ့ရှိပါတယ်။ ဒါတွေဟာ ကျွန်တော်အမြင်နဲ့ မဟုတ်ဘဲနဲ့ စာအုပ်စာတမ်းတွေ အကုန်လုံးနဲ့ ကျွန်တော် လေ့လာပြီးတော့မှ ဒီ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကုမ္ပဏီများဟာ သူတို့လျော့နည်းသွားတဲ့ ဈေးကွက်ကို ကျွန်တော်တို့လို နိုင်ငံမျိုးတွေမှာလာပြီး မြှုပ်နှံမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကမ္ဘာ့ပညာရှင်တွေ စာတမ်းတွေအရဆိုရင် ဒီလိုဆေးလိပ် ထိန်းချုပ်မှုကို နှောင့်နှေးကြန့်ကြာအောင် အစိုးရတွေ၊ ပါလီမန်အမတ်တွေ၊ နိုင်ငံရေးသမားတွေကို အမျိုးမျိုးအဖုံဖုံ ဆွဲဆောင်ပြီးတော့၊ နည်းလမ်းတွေ အမျိုးမျိုးသုံးပြီးတော့ လုပ်ခဲ့တာ ဒါ လွန်ဆွဲပွဲပါပဲ။ လွန်ဆွဲပွဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလွန်ဆွဲပွဲကိစ္စမှာ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ တရုတ်နိုင်ငံနဲ့ ဆေးလိပ်လုပ်ဖို့၊ ယိုးဒယား၊ ဘရာဇီး ဒီလိုလုပ်တဲ့နေရာမှာ သက်ဆိုင်ရာနိုင်ငံတွေက ထိန်းချုပ်မှုကို ပိတ်ပင်တဲ့အခါမှာ အမေရိကန်နိုင်ငံက ဒါကို သူတို့ နိုင်ငံမှာတော့ မလုပ်ရဘူး။

သို့သော် ဒီပြင့်နိုင်ငံတွေမှာတော့ လုပ်မယ်။ ဒါကို Section (301) ဆိုတဲ့ ပိတ်ပင်ခွင့်နဲ့ Ban လုပ်မယ်၊ Quota လျှော့မယ်၊ Sanction လုပ်မယ်ဆိုပြီး ဒါတွေဟာ စာအုပ်တွေ၊ စာတမ်းတွေ၊ ကမ္ဘာ့ခုံရုံးမှာ ဒါတွေပါပါတယ်။ WTO အနေနဲ့လည်း ပါပါတယ်။ အဲဒီတော့ ကျွန်တော် တို့ နိုင်ငံက ဒါတွေကို လုပ်တဲ့ အခါမှာ WTO ရဲ့ ဆုံးဖြတ်ချက်က ဘာလဲဆိုတော့ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံ အကျိုးစီးပွားအတွက် ကျန်းမာရေးနဲ့ ဒီအသက်အန္တရာယ်ကို ကာကွယ်နိုင်ခွင့်ရှိတယ်။ သို့သော် နိုင်ငံခြားကုမ္ပဏီတွေနဲ့ ပြည်တွင်းကုမ္ပဏီကို တန်းတူဆက်ဆံခွင့် National Treatment Nondiscrimination ဆိုတာရှိရမယ်။ ဒါကြောင့် ခုနနိုင်ငံတွေလိုမျိုး ဒီထိုင်းနိုင်ငံကလည်းပဲ ဒီအပေါ်မှာ မူတည်ပြီးတော့ လက်လျှော့လိုက်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ မနက်ကရော၊ အခု စီမံစီးပွားရော နောက်ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးတွေ အနေနဲ့က ကျွန်တော်တို့ AFTA - ASEAN Free Trade Area တွေ၊ လုပ်တဲ့နေရာမှာ လွတ်လပ်စွာကုန်သွယ်မှုကို ကျွန်တော်အဆင့်မြင့် တာဝန်တစ်ခု၊ ကျန်းမာရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်စဉ်က ကျွန်တော် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမြင် အဲဒီ Multi Lakeral Trade Agreement တွေဟာ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော် အခုဝန်ကြီးဌာနတော့ မဟုတ်တော့ပါဘူး

ပေါ့။ အဲဒီတော့ ကျန်းမာရေးနဲ့ပတ်သက်တာတွေကတော့ (၄)ခုရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က ကမ္ဘာကလည်းပဲ ဒီအတိုင်းပဲ လမ်းညွှန်ပါတယ်။ ကမ္ဘာ့ ပညာရှင်တွေကရော၊ WHO ကရော၊ အဲဒီအထဲမှာ ကိုယ့်နိုင်ငံ အကျိုးစီးပွား၊ ကိုယ့်နိုင်ငံရဲ့ ကျန်းမာရေးကိစ္စကို လုပ်နိုင်တဲ့ Clause တွေ ရှိတယ်။ ဒီ Clause တွေကို မလုပ်ဘဲ နဲ့ အားလုံးကို Free Trade, Free Trade နဲ့ ဆိုပြီးတော့ လက်ခံလိုက်လျှင် ကျွန်တော်တို့နိုင်ငံရဲ့အကျိုး ယုတ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒါကြောင့် ဥပဒေတွေ ပြဋ္ဌာန်းတဲ့အခါမှာ ဒီနေ့ ကျန်းမာရေးဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေရော၊ နောက် ပြီးတော့ ဥပဒေပညာရှင် တွေရော၊ ကုန်သွယ်ရေးဘက်ကရော ကျွန်တော်တို့ ဒီ ASEAN Free Trade Agreement တွေမှာ အရက်၊ ဆေးလိပ် ဒါတွေဟာ သေသေချာချာကို လေ့လာပြီးမှ သဘောတူညီမှုကို ရယူသင့်တယ်လို့ ကျွန်တော် ဟိုတုန်းကလည်းပြောခဲ့ပါတယ်။အခုလည်း ကျွန်တော်ပြောခဲ့ပါတယ်။

အဲဒီတော့ ဒီနေ့ အဲဒီလိုလုပ်လို့ ကျွန်တော်တို့ နိုင်ငံမှာ ယခင်တပ်မတော်အစိုးရ လက်ထက်ကတည်းက ၂၀၀၀ ခုနှစ်ကတည်းက ဆေးလိပ်ထိန်းချုပ်ရေးကိုစပါတယ်။ ဥပဒေက ၂၀၀၆ ခုနှစ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၀၆ ခုနှစ်မှာလုပ်ပြီး၊ တောက်လျှောက် ၂၀၀၀ ခုနှစ်ကနေ လုပ်လိုက်တဲ့အတွက် အမျိုးသားများ ဟာ သုတေသနစာတမ်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ UN နဲ့ ပူးပေါင်းပြီးလုပ်တာ အမျိုးသားမှာ (၄၃)ရာခိုင်နှုန်းကနေ ၂၀၀၇ ခုနှစ်မှာ (၃၃)ကျလာတယ်။ အမျိုးသမီးများဟာ (၂၂)ကနေ (၁၅)ကို ကျသွားတယ်။ ဒါပေမယ့် ဆေး၊ ကွမ်း သုံးစွဲမှု ကွမ်း၊ ဆေး သုံးစွဲမှု ဘာကြောင့်လဲဆိုတော့ ဆေးရွက်ကြီးပါတဲ့ ကွမ်း၊ ဆေးရွက်ကြီးမပါတဲ့ ကွမ်း၊ ဒီလိုသုံးစွဲမှုဟာ အမျိုးသားမှာ (၂၄)ရာခိုင်နှုန်းရှိပြီးတော့ အခု ၂၀၀၇ ခုနှစ်မှာ (၃၂)ရာခိုင်နှုန်းကို တက်လာတယ်။ အမျိုးသမီးများကလည်း (၁၂)ရာခိုင်နှုန်းကို တက်လာတယ်။ အဲဒီတော့ ကျောင်းသူ/ကျောင်းသားတွေ ခုနကပဲ ကျွန်တော့်ကို အပြင်ဘက်မှာ မေးသွားတယ်။ ဆရာကြီး ကျောင်းသူ/ကျောင်းသားတွေ ကွမ်းစားတာ အခု ကျွန်မတို့တွေ့တာ များလာပြီ။ တကယ်လည်း မှန်ပါတယ်။ အဲဒီတော့ ကျောင်းသူ/ကျောင်းသား၊ လူငယ်လူရွယ်တွေဟာ ဒီနေ့ ဆေးလိပ်သောက်သုံးမှုကို ဆေးကျောင်းသား တွေရော၊ သွားကျောင်းသားတွေရော (၂၀)ရာခိုင်နှုန်းလောက်ရှိတယ်။ ကွမ်းစားတာတွေလည်း အဲဒီနီးနီး ရှိတယ်။ အဲဒီတော့ ဒီဥစ္စာတွေကို ဒီနေ့ ထိန်းချုပ်ရေးလုပ်ငန်းတွေကို လုပ်တဲ့နေရာမှာ ကျွန်တော်တို့ဟာ လူငယ်လူရွယ်တွေကို ဦးတည်ရပါမယ်။

ဒါကြောင့် လူကြီးတွေ သောက်သုံးနေတယ်။ သောက်တယ်။ သူ့ဆုံးဖြတ်ချက်နဲ့ သူလုပ်တာ။ ဒါ လူ့အခွင့်အရေး သူနားလည်နေပြီ။ ဒီနေ့ စောစောက ဆေးလိပ်ကြောင့် သေဆုံးသွားတဲ့ နေရာမှာ အစားထိုးလာမယ့် မျိုးဆက်သစ် ဆေးလိပ်သောက်မယ့်ဟာ ဖြစ်မယ့်လူငယ်တွေကို အဓိကထား လုပ်ရမှာ။ အဲဒီတော့ ခုန အရေးယူမှုဆိုတဲ့အပိုင်းမှာလည်းပဲ ဒီဥပဒေကို ကျွန်တော်တို့ ဦးဆောင်ပြီးတော့ ဆွဲခဲ့တာပါ။ ဒါပေမဲ့ အရေးယူမှုကို Graded ဆင့်ကဲဆင့်ကဲ ပြုလုပ်ထားတာ ဖြစ်ပါတယ်။ အရေးအကြီးဆုံးက ဆေးလိပ်ကုမ္ပဏီကြီးတွေက ကြော်ငြာတွေကို အဓိကထားတယ်။ အဲဒီတော့ ဝမ်းနည်းစရာ တစ်ခုက အခု သင်္ကြန်မှာ ၂၀၁၃ ခုနှစ်မှာ မဏ္ဍပ်တစ်ခုမှာ စီးကရက်တွေ ဝေတယ်။ ကတယ်၊ ခုန်တယ် တီဗွီကနေ လွှင့်တယ်။ အဲဒီဟာတွေဟာ ကျွန်တော်တို့ ဘယ်လိုလုပ်မှာလဲ။ ဥပဒေဆိုတဲ့ဟာက ဥပဒေအတိုင်း မကြိုက်ချင်ရင် ကျွန်တော်တို့ ဒီဥပဒေကို ပြင်ချင်ရင် ပြင်နိုင်ခွင့် ရှိပါတယ်။ သို့သော် ဒီလိုခွင့်ပြုတဲ့ဟာတွေကတော့ ရဲရဲတင်းတင်း ခွင့်ပြုတာ၊ အဲဒါကို ထောက်ပြီးတော့ ကျွန်တော်

တို့ ကျန်းမာရေးဝန်ကြီးဌာနက အစိုးရအဖွဲ့ရုံးကို ရေးတာကို ကျွန်တော်လေ့လာမိပါတယ်။ လေ့လာမိတော့ အခုတော့ အစိုးရအဖွဲ့ရုံးကနေ ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရတွေကိုရော ဝန်ကြီးဌာနတွေရော လိုအပ်တဲ့ ဆောင်ရွက်မှုတွေ လုပ်ဖို့ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းပြီးရင် ကျွန်တော်တို့ မလိုက်နိုင်ဘူးဆိုရင်၊ မကြိုက်ဘူးဆိုရင် ကျွန်တော်တို့ လွှတ်တော်ထဲက ပြင်ဆင်နိုင်ခွင့်လည်းပဲ ရှိတယ်လို့ ကျွန်တော်နားလည်ပါတယ်။

အဲဒီတော့ တစ်ခါ စီးပွားရေးအမြင်နဲ့ တွက်ကြည့်ရင် ဒီနေ့ ဝင်ငွေနည်းပါးတဲ့ နေ့စားအလုပ်သမားတွေ (ကျွန်တော် အသေးစိတ် မပြောတော့ပါဘူး) တွေဟာ ဆေးလိပ်သောက်သုံးမှုဟာ တစ်ဦးချင်းဝင်ငွေရဲ့ (၆)ရာခိုင်နှုန်း၊ ကွမ်းဆေးစားသူရဲ့ ဝင်ငွေဟာ (၉)ရာခိုင်နှုန်း၊ (၂)မျိုးစလုံးစားရင် ဝင်ငွေရဲ့ (၁၅)ရာခိုင်နှုန်းဟာ ကုန်ကျနေပြီ။ အဲဒီတော့ ဆင်းရဲတဲ့ ပုဂ္ဂိုလ်ဟာ ဒီ ဥစ္စာတွေကို စားသောက်နေပြီးတော့ သူ့ရဲ့ ကလေးတွေရဲ့ ပညာရေးဥစ္စာကို မသင်နိုင်ဘူး။ လျော့နည်းတယ်။ နောက်တစ်ခါ ဆေးကွမ်းကြောင့် ပညာသင်ကြားရေးအတွက် သုံးစွဲနေကြတဲ့ ဟာတွေဟာ (၂.၄)ခန့် ပိုနေတယ်။ သဘောကတော့ ကလေးတစ်ယောက် ကျောင်းထားဖို့ ကုန်ကျစရိတ်ထက် သူက တစ်လဆိုလည်း တစ်လ၊ တစ်နှစ်ဆိုလည်း တစ်နှစ်၊ သူက စုစုပေါင်းလိုက်ရင် ကလေးကို ကျောင်းမထားနိုင်ဘူး။ အဲဒီလိုဟာမျိုးတွေဖြစ်တော့ ဆင်းရဲတဲ့ သူတွေဟာ ပိုပြီးဆင်းရဲတယ်။ စောစောက ကျွန်တော် တင်ပြခဲ့သလို (၈၀)ရာခိုင်နှုန်းဟာ ဆင်းရဲတဲ့ နိုင်ငံဆို၊ ဒီနေ့ နိုင်ငံတစ်ခုခြင်းမှာလည်းပဲ ဆင်းရဲတဲ့ သူတွေဟာ ပိုပြီး ခံရပါတယ် ဆိုတာကိုလည်းပဲ ကျွန်တော်တို့ သဘောပေါက်ဖို့ လိုပါတယ်။ အဲဒီတော့ ကမ္ဘာ့ဘဏ်တို့၊ ADB တို့ရဲ့ Quotation တွေလည်း ရှိပါတယ်။ ဒီဟာ တိုက်ဖျက်ခြင်းသည် နိုင်ငံတော်ရဲ့ စီးပွားရေး၊ နိုင်ငံတစ်ခုရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေသည်ဆိုတဲ့ ဥစ္စာကို ဒီသုံးသပ်ချက်တွေလည်းပဲ၊ အထောက်အထားတွေလည်းပဲ ရှိပါတယ်။ အဲဒီတော့ တစ်ဦးချင်း ဝင်ငွေတင် မဟုတ်ဘဲနဲ့ ကုန်ထုတ်တဲ့နေရာမှာ ပိုပြီးတော့ ထုတ်လာနိုင်တယ်။ နိုင်ငံတော်ရဲ့ GDP ပိုတက်လာမယ်၊ တစ်ဖက်က ဒါကို တွေးရမှာက ဗားဂျီးနီးယား စိုက်နေတဲ့သူတွေ ဘယ်လိုလုပ်မှာလဲ၊ ဟိုဟာတွေ ဘယ်လိုလုပ်မှာလဲ ကျွန်တော်တို့ ဒါတွေ စဉ်းစားရပါမယ်။

ဒါတွေကိုစဉ်းစားပြီးတော့ လုပ်ရမယ့်ဟာက ရေရှည်လုပ်ရမဲ့ လုပ်ငန်းနဲ့ ရေတိုလုပ်ရမဲ့ လုပ်ငန်း၊ နောက်ပြီးတော့ ကွမ်းယာဆိုင်မှာ လက်လီရောင်းနေတဲ့ဆိုင်တွေကို ဥပဒေအရ အရေးယူဖို့ မဟုတ်ပါဘူး။ အရေးယူဖို့ မဟုတ်ဘူး။ ဒီဥစ္စာကို ဒီနေ့ ပညာပေးပြီးတော့ ဆိုင်းဘုတ်ကလေး အသက်အရွယ် (၁၈)နှစ်အောက် မရောင်းပါ။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းဆေး၊ ဆေးကွမ်း၊ ကွမ်းယာ စားတာ မဟုတ်ဘူး ဆေးကွမ်းစားခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်နိုင်သည်၊ ဒီဆိုင်းဘုတ်လောက်ကလေးပဲ ချိတ်ပေး။ ဘာမှ အရေးမယူဘူး။ ဒီထဲမှာ ဥပဒေထဲမှာဆိုရင် တစ်ဦးတစ်ယောက် သွားပြီးတော့ မလုပ်နိုင်အောင် Team နဲ့ သွားပြီးတော့မှ လုပ်ရမယ်လို့ရေးထားပါတယ်။ အဲဒီတော့ ထောင်ချတာဘာတွေလည်း မရှိပါဘူး။ ဆေးလိပ်ရုံတွေဖျက်ပစ်ဖို့လည်းပဲ မရှိပါဘူး။ ဒါတွေ ကိုမှ မလုပ်ဖူးဆိုရင်တော့ ကျွန်တော်တို့ နောက် ကျွန်တော်တို့လည်း မရှိတော့ပါဘူး။ ဒီအချိန်မှာ လူငယ်တွေရဲ့ အခန်းကဏ္ဍက အင်မတန် ရင်လေးစရာ ရှိပါတယ်။ နောက်တစ်ခုက Tax ကို အစိုးရအနေနဲ့ လုပ်ထားတာက Tobacco ကို ၂၀၁၃ ခုနှစ်မှာပဲ (၁၀၀)ရာခိုင်နှုန်း တိုးလိုက်ပါပြီ။ အခြားဆေးရွက်ကြီးကိစ္စကို (၅၀) ပေးလိုက်။ သို့သော် ဒါတွေလုပ်ဖို့ဆိုရင် သုံးစွဲမှု လျော့လာမယ်။

နောက် တစ်ဖက်က မှောင်ခိုဆေးလိပ် (၃၀)ရာခိုင်နှုန်းသော ကမ္ဘာမှာ တွက်ထားတာ ဆေးလိပ် စီးကရက်တွေဟာ မှောင်ခိုလမ်းကဝင်တယ်။ ဆေးဝါးဥစ္စာတွေ ဝင်တယ်။ ဒါတွေကို တိုက်ဖျက်ဖို့ လိုပါမယ်။ အခု ဆေးလိပ်တွေ ထုတ်တာမှာ အဲဒီတော့ လုပ်တဲ့နေရာမှာ Lable တွေကို အခြားနိုင်ငံတွေ နဲ့ တူအောင်လုပ်ဖို့ လိုပါ့မယ်။

ဥပမာ ဒီပြင် နိုင်ငံတွေလုပ်ပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံက ဘာဖြစ်လို့ မလုပ်တာလဲ။ အစဉ်အလာပြောတယ်ဆိုရင် ဆွစ်ဇာလန်မှာ နာရီလုပ်တဲ့သူက ခေါင်းကိုက်တဲ့အတွက် ဧည့်သည် လာရင် Phanecetin ဆိုတဲ့ ဆေးကို အမြဲတမ်းပေးတယ်။ ခေါင်းကိုက်ပျောက်ဆေး နောက်ကြာတဲ့ အခါမှာ ကျောက်ကပ်ပျက်ရောဂါတွေဖြစ်ပြီးတော့ Phanecetin Nephropathy ဆိုပြီးတော့ ဒီ ဆေးတွေကို ဖျက်ပစ်ရတယ်။ အဲဒီလိုဟာကို လက်ခံပြီးတော့ လုပ်တဲ့ဟာတွေ၊ အခြားဟာတွေလည်း ရှိပါတယ်။ ကျွန်တော်ပြောချင်တာတွေ အကုန်မပြောရမှာစိုးလို့ ကျွန်တော်မပြောတော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဒီလို လုပ်တဲ့နေရာမှာ ဆေးဆိုင်တွေမှာ၊ ခုန ကျွန်တော်ပြောပြီးပါပြီ။ အဲဒီတော့ ယခု တင်ပြတဲ့ အချက်အလက်တွေ အပေါ်မှာ ကျွန်တော်နောက်ဆုံးပိတ် ပြောချင်တာကတော့ ကျွန်တော်တို့မှာ Multilateral Trade Agreement ဆိုရင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ မိမိနိုင်ငံ အကျိုးစီးပွားအတွက်ကို ကျွန်တော်တို့ ကျန်းမာရေးဘက်က လုပ်တဲ့သူတွေရော အားလုံး လေ့လာပြီးတော့ ကိုယ့်နိုင်ငံ အကျိုးစီးပွားကို လုပ်ဖို့ ကျွန်တော်အမြင် မဟုတ်ပါဘူး။ ကမ္ဘာက ပြောတဲ့ အမြင်ကို ကျွန်တော် တစ်ဆင့်ခံ ပြန်ပြောတဲ့ဥစ္စာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီနေ့ ဆေးရွက်ကြီးနဲ့ ဆေးလိပ် ထိန်းချုပ်မှုကို ဒီ No Tobacco Day လောက်ပဲ လုပ်ပြီးတော့ ကျန်တဲ့ ဟာမှာ မရှိဘဲနဲ့ နယ်တွေ၊ မြို့နယ်တွေ အားလုံးမှာ ဝန်ကြီးရဲ့ စာကို ဖတ်တယ်၊ မိန့်ခွန်းကို ဖတ်တယ်၊ ပြတယ် ဒီလောက်ပဲ ပြီးသွားတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဒါကို Momentum နဲ့ လုပ်ဖို့ လိုပါမယ်။ ဒါတွေမှာ ထောင်ချတာတွေ၊ အရေးယူတာတွေ တစ်ခုမှ မပါပါဘူး။ လူငယ် အားလုံးကို ဦးတည်ပြီးလုပ်ဖို့ လိုပါမယ်။ နောက်ပြီးတော့ ဌာနပေါင်းစုံဆိုတော့ ယခု ဝန်ကြီးဌာန၊ အစိုးရဌာနက ထိရောက်စွာ ပါဝင်ဆောင်ရွက်ဖို့ လမ်းညွှန်ထားပါပြီ။ နောက်တစ်ခုက Civil Society ဆိုတဲ့ ခေါ်တဲ့ အဖွဲ့အစည်းများကလည်း ဆေးလိပ်နဲ့ ဆေးရွက်ကြီး ထိန်းချုပ်ရေးကို ကျွန်တော် တို့ စောစောက တင်ပြသွားတဲ့ အစားအသောက်လုံခြုံစိတ်ချရေး ကာကွယ်ရေးအဖွဲ့ဆိုတာ စောစောက ဆွေးနွေး သွားတယ်။ အဲဒီ ဥစ္စာမျိုးလိုပဲ ဆေးလိပ်နဲ့ ဆေးရွက်ကြီးလည်း Protection Society အနေနဲ့ Civil Society လုပ်ဖို့ လိုပါတယ်။ နောက်ပြီးတော့ ခုနကလို စီးကရက် ကုမ္ပဏီကြီးတွေ၊ စီးကရက်ကို ထုတ်နေတဲ့ လူတွေကတော့ ကိုယ့်ရဲ့သားသမီး၊ လူငယ်လူရွယ်တွေပေါ်မှာ ဆေးလိပ်ကို သောက်ခွင့် ပြုမလား။ တစ်ခါတုန်းက ကျွန်တော်တို့ ဟိုဒင်းမှာ ရှိပါတယ်။ ဇီးပြားရောင်းတယ်။ ထမ်းစင်နဲ့ ရောင်းတယ်၊ ဆင်းရဲသား အဲဒီတော့ သားက ဇီးပြား စားချင်တယ်၊ စားချင်တယ် ပြောတယ်။ ဟဲ့ ကောင်လေး နင်မစားနဲ့၊ မဟုတ်ဘူး အဖေ စားချင်တယ်ပြောတော့ ဇာတ်လမ်းပမာထဲမှာ ဒီထဲမှာ ဘာတွေ ဘာတွေ ပါတယ်။ မစားရဘူးဆိုပြီး ကလေးကို ရိုက်တယ်။ အဲဒီတော့ ကိုယ့်သားသမီးကိုတော့ မဖြစ်စေ၊ သူများသားသမီးကိုတော့ ဖြစ်စေဆိုတဲ့ စိတ်မျိုး မဟုတ်ဘဲနဲ့ လူသားတွေရဲ့ ကျန်းမာရေး၊ စီးပွားရေး ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအတွက်သော်လည်းကောင်း၊ စီးပွားရေး တိုးတက်မှု အတွက်သော်လည်းကောင်း၊ လူသားချင်း ကိုယ်ချင်းစာနာမှုစိတ်နဲ့ မိမိအကျိုးစီးပွားလည်း မလျော့ အောင်၊ အများအကျိုးလည်း မထိအောင် ကိုယ့်အတွက် သတ်မှတ်ထားတဲ့ ဥပဒေတွေကိုတော့

လိုက်နာဖို့ လိုပါတယ်။ အာဆီယံနိုင်ငံများအဖွဲ့ကလည်းပဲ လွတ်လပ်စွာ ကုန်သွယ်မှု ကိစ္စမှာ ဆေးလိပ်နဲ့ အရက်ကို ခြွင်းချက်အဖြစ် မပါဝင်စေရန်နှင့် မှောင်ခိုစီးကရက် ဆေးဝါး အရက်ကို မပြုလုပ်ရေး အတွက် အာဆီယံမှာ ကျွန်တော်တို့ သဘော တူညီချက်ကို တစ်နိုင်ငံကနေ တစ်နိုင်ငံ မှောင်ခိုမလုပ်ဖို့ မူးယစ်ဆေးဝါးကဲ့သို့ပဲ ကျွန်တော်တို့ လုပ်ဖို့၊ နောက်တစ်ခုက ကုလသမဂ္ဂအဖွဲ့အစည်း စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးအဖွဲ့ UN Ecosoc ကော်မတီက ဆေးလိပ်ရယ်၊ အရက်ရယ် ဥစ္စာတွေကို ဖွံ့ဖြိုးပြီး နိုင်ငံငယ်များက ဖွံ့ဖြိုးဆဲနိုင်ငံများကို ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ Sanction လုပ်တာတို့ ဘာတို့ကို ထိန်းသိမ်းပေးဖို့ အင်တာနက်က e - Cigarette ကိစ္စများကို လိုအပ်သလို စီစဉ်ဆောင်ရွက်သင့်တယ်လို့ ပြောပါတယ်။ လုပ်သင့် ပါတယ်လို့ ကျွန်တော် အကြံပြု ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့နောက်ဆုံး နိဂုံးချုပ်ကတော့ ဒီနေ့ ကျွန်တော်တို့က ကျန်းမာရေးသက်သက် အမြင်မဟုတ်ဘဲနဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအမြင်နဲ့ လုပ်သွားမှာ Policy အရ Firm ဖြစ်ပြီးတော့ လုပ်နည်းလုပ်ဟန်တွေမှာ Flexibility ရှိပြီးတော့ လုပ်သွားရပါမယ်။ ကျွန်တော်တို့က ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကို လုပ်နေခြင်းလည်း ဖြစ်ပါတယ်။ စီးပွားဖွံ့ဖြိုး တိုးတက်ရေးကိုလည်း လုပ်နေခြင်း ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ အစိုးရအဖွဲ့တစ်ခု ပြောတာ မဟုတ်ဘူး။ အစိုးရတိုင်းက ရတဲ့ ဘဏ္ဍာငွေလေးနဲ့ လုပ်တော့ အမေရိကန်နိုင်ငံမှာ ဒီနေ့ Two Hundred Billion တစ်နှစ်တစ်နှစ်ကို ဆေးလိပ်အတွက် ကုန်ကျနေတာ၊ လူ(၄)သိန်းလောက် သေနေတယ်။ ဒါတွေနဲ့ လုပ်နေတယ်။ ဒီလိုနိုင်ငံကြီးတွေက လုပ်နေတာကို ကျွန်တော်တို့က ဘာကြောင့် မလုပ်ချင်ရသလဲတော့ နားမလည်ဘူး။ အများစုကတော့ ထွက်သွားလိုက်ရင် ပြောရင်တော့ လုပ်ချင်တဲ့ လူတွေချည်းပဲ ဒီဆေးလိပ် ထိန်းချုပ်ရေးကို ကျွန်တော်တို့ ပြတ်သားဖို့တော့ လိုပါမယ်။ သန္နိဋ္ဌာန် ချဖို့တော့ လိုပါမယ်။ သို့သော် တစ်ဖက်က ဆင်းရဲသားတွေအတွက် အလုပ်မရှိတာတွေ မဖြစ်ရအောင် Crops Substitution လို ဟာမျိုးတွေ ရေရှည်မှာ ဆောင်ရွက်ဖို့ လိုမယ်လို့ ပြောရင်းနဲ့ အားလုံး မြန်မာနိုင်ငံရှိ နိုင်ငံသားများ အထူးသဖြင့် လူငယ်များ ဆေးလိပ်နဲ့ ဆေးရွက်ကြီး အန္တရာယ်မှ ကင်းဝေး ကြပါစေ၊ ချမ်းသာသုခ ရှိကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၄း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၄။**

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ခညောင်းပြီးတော့ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်း ပြည့်စုံပါစေ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆန္ဒပြုရင်းနဲ့ လေးလေး စားစား နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ ဆွေးနွေးမှာကတော့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၆) က လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ထုတ်ပြန်ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်တဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို တိကျစွာ လိုက်နာကျင့်သုံးရေး အတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်ကြီးတွေများ ကလည်း ဘက်စုံထောင့်စုံမှ စုံစုံလင်လင် ဆွေးနွေးသွားကြတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ကတော့ ကျန်းမာရေးဝန်ထမ်း တစ်ယောက်အနေနဲ့ ကျန်းမာရေးရှုထောင့်အနေနဲ့ကပဲ အနည်းငယ် ဖြည့်စွက် ဆွေးနွေးလိုပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်မှာ ကိန်းဂဏန်းတွေ အနည်းငယ် ပါရှိ ပြီးတော့ အင်္ဂလိပ်အသုံးအနှုန်းလည်း ပါရှိတဲ့အတွက်ကြောင့် တချို့သင့်တော်တဲ့ အချိန်မှာ ကျွန်တော့် ကို ဖတ်ကြားတင်ပြခွင့်ပြုပါလို့ ကြိုတင်မေတ္တာ ရပ်ခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းများ သောက်သုံးမှုကြောင့် ရောဂါများ၊ မသန်မစွမ်းမှုများ၊ သေဆုံးမှုများ ကမ္ဘာတစ်ဝှမ်းမှာ ဖြစ်ပေါ်လျက်ရှိပါတယ်။ အခု လေ့လာတွေ့ရှိချက် အရ ကျွန်တော်တို့ ကမ္ဘာပေါ်မှာ လူဦးရေ(၆)ဘီလီယံကျော် ရှိတဲ့အနက်မှာ ဆေးလိပ်သောက်သုံးသူ ဦးရေက (၁.၁)ဘီလီယံခန့် ရှိတယ်။ သန်း(၁၁၀၀)ခန့် ရှိပါတယ်။ အဲဒီမှာ သန်း(၉၀၀)ကျော်က အမျိုးသားတွေ ဖြစ်ပြီးတော့ သန်း(၂၀၀)လောက်က အမျိုးသမီးများ ဖြစ်ပါတယ်။ နောက်ပြီး သန်း(၈၀၀)သော ဆေးလိပ်သောက်သူများဟာ ဖွံ့ဖြိုးဆဲနိုင်ငံများက ဖြစ်ပြီးတော့ သန်း(၃၀၀)ကတော့ ဖွံ့ဖြိုးပြီးနိုင်ငံများက ဖြစ်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ အခု ပညာရှင်များ ခန့်မှန်းသုံးသပ်ချက် အရ ၂၀၃၀ မှာတော့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးပစ္စည်းများ သောက်သုံးခြင်းကြောင့် လူသန်းပေါင်း (၅၀၀)ခန့် သေဆုံးမယ်လို့ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။

အခု လက်ရှိအခြေအနေမှာ ဆေးလိပ်နဲ့ ဆေးရွက်ကြီးပစ္စည်းများ သောက်သုံးမှုကြောင့် ကမ္ဘာတစ်ဝှမ်းလုံးမှာ နှစ်စဉ် လူ(၆)သန်းခန့် သေဆုံးနေတယ်ဆိုတာ ကိုယ်စားလှယ်တော်ကြီးများက လည်း တချို့ ပြောသွားတာ ရှိပါတယ်။ အဲဒီ ကိန်းဂဏန်းအရ ကြည့်မယ်ဆိုရင်တော့ အရွယ်ရောက် လူ(၁၀)ဦးမှာ တစ်ဦးသေဆုံးနှုန်းနဲ့တူသလို (၆)စက္ကန့်တိုင်း၊ (၆)စက္ကန့်တိုင်းမှာ လူတစ်ဦး သေဆုံး နေတယ်ဆိုတာ ဒါ တွက်ကြည့်လို့ရပါတယ်။ ဒါကြောင့်မို့ လူသားတွေအတွက် ကြီးမားတဲ့ ကျန်းမာရေး အန္တရာယ်ကြီးတစ်ခုဖြစ်ကြောင်း ထင်ရှားပါတယ်။ ဒါကြောင့်မို့လို့ ဒီအကြောင်းအရာကို ကျွန်တော် အခြေခံပြီး ထောက်ခံဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ လေ့လာတွေ့ရှိချက်အရ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက် ပစ္စည်းများကြောင့် ဖြစ်ပေါ်တဲ့ ရောဂါ The Preventable Cause of Death ရောဂါများထဲမှာ ဆေးလိပ်နဲ့ ဆေးရွက်ကြီး သောက်သုံးတဲ့ ရောဂါက ရှေ့တန်းကနေ၊ ထိပ်တန်း ကနေ နေနေပါတယ်။ ဒါကြောင့်လည်း နိုင်ငံတကာမှာ ဆေးလိပ်နဲ့ ဆေးရွက်ကြီးပစ္စည်းများ သောက်သုံးမှု များကို လျှော့ချရန် နည်းအမျိုးမျိုးနဲ့ ကြိုးစားဆောင်ရွက်နေကြပါတယ်။ အမေရိကန်နိုင်ငံမှာ ဆေးလိပ် သောက်တဲ့လူတွေကို ကြည့်မယ်ဆိုရင် ဆေးလိပ်သောက်ပြီးတော့ သေဆုံးတဲ့လူတွေက (၄၄၃၀၀၀)ခန့် ရှိပြီးတော့ ဒါသေဆုံးမှုဟာလည်း သက်တမ်းစေ့ သေဆုံးတာမဟုတ်ဘဲနဲ့ သက်တမ်းစေ့

မနေရဘဲနဲ့ သေဆုံးခြင်းကို တွေ့ရပါတယ်။ နောက်ပြီးတော့ (၈.၆)သန်းခန့်သော သူများဟာလည်း ရောဂါဝေဒနာမျိုးစုံ ခံစားပြီးတော့ ဒုက္ခိတဘဝနဲ့ အသက်ရှင်နေရတာ တွေ့ရပါတယ်။ နောက်ပြီးတော့ ဆေးလိပ်သောက်သူများ၊ နောက်ပြီးတော့ ဆေးလိပ်မသောက်ပေမယ့် ဆေးလိပ်အငွေ့ကို ရှူနေသူများ၊ ဒါတွေက အခု အမေရိကန်မှာ (၄၀.၆)သန်းခန့် ဆေးလိပ်သောက်သုံးနေပြီးတော့ (၈.၁)သန်းဟာ ဆေးလိပ်မသောက်ဘဲ ဆေးလိပ် အခိုးအငွေ့ကို ရှူနေရပါတယ်။ အဲဒီ(၈.၁)သန်းခန့်အထဲကနေမှ လေ့လာမယ်ဆိုရင် (၅၄)ရာခိုင်နှုန်းက အသက်(၃)နှစ်မှ (၁၁)နှစ်အရွယ်ကလေးများဖြစ်ကြောင်း တွေ့ရပါတယ်။ ဆေးလိပ်များထဲကနေ ထွက်လာတဲ့ အခိုးအငွေ့ကို လေ့လာကြည့်ရှုတဲ့အခါမှာ  အခု နောက်ဆုံး သူတို့ ခန့်မှန်းချက်အရကတော့ ဓာတုဓာတ်ပစ္စည်း(၇၀၀၀) ကျော် ပါရှိကြောင်း တွေ့ရပါတယ်။

နောက်ပြီးတော့ အဲဒီဓာတုပစ္စည်းများထဲကနေပြီးတော့ အမျိုးပေါင်း(၁၀၀)ဟာ အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းများ ဖြစ်ကြောင်းလည်း တွေ့ရပါတယ်။ အဲဒီမှာ (၆၉)မျိုးပါဝင်တဲ့၊ ကင်ဆာကို ဖြစ်စေတဲ့ ဓာတ်ပစ္စည်းတွေက (၆၉)မျိုးပါဝင်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီတော့ ဒီပစ္စည်းတွေဟာ လေ့လာချက်အရ ရောဂါအမျိုးပေါင်း(၂၀)ကျော်ကို ဖြစ်စေ နိုင်ကြောင်း တွေ့ရှိရပါတယ်။ နောက်ပြီး တစ်ကမ္ဘာလုံးမှာ လေ့လာမယ်ဆိုရင် အဆုတ်ကင်ဆာ ကြောင့် သေဆုံးမှု (၇၀) ရာခိုင်နှုန်း၊ အသက်ရှူ လမ်းကြောင်းရောဂါကြောင့် သေဆုံးမှု (၄၂) ရာခိုင်နှုန်း၊ နှလုံးသွေးကြောရောဂါကြောင့် သေဆုံးမှု၏ (၁၀)ရာခိုင်နှုန်းဟာ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခုက ဆေးလိပ်ငွေ့ရဲ့ အန္တရာယ်ဟာ အငွေ့ ဘယ်လောက် အတိုင်းအတာရှိမှ အန္တရာယ်ရှိတယ်/မရှိ ဆိုတာ မရှိပါဘူး။ နည်းသည် ဖြစ်စေ၊ များသည်ဖြစ်စေ၊ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အင်္ဂလိပ်လိုကတော့ There is no risk free level ဆိုတာ ဒီမှာ မှတ်ချက်ချထားပါတယ်။ အသက်တစ်ခါ ရှူတိုင်းရှူတိုင်း ဆေးလိပ်ငွေ့တွေဟာ ကိုယ်ခန္ဓာထဲကို ပျံ့နှံ့သွားတဲ့ အနေအထားရှိပါတယ်။ အဲဒီမှာ ပျံ့နှံ့သွားပြီးတော့ ဆဲလ်များရဲ့ ဗီဇတည်ဆောက်မှု (Genetic make up) များကို ဖျက်ဆီးစေတဲ့အပြင် Tissue များကိုလည်း ရောင်ရမ်းစေခြင်း၊ နောက် Oxidative Stress, Injury တွေနဲ့ Prothrombotic သွေးခဲနှုန်း စွမ်းအား မြင့်တင်ခြင်းအားဖြင့် သွေးကြောများ အတွင်းဆုံးအလွှာ ဆဲလ်များဖြစ်တဲ့ Endothelial Cell များကို ပျက်ပြားစေပြီးတော့ စွမ်းဆောင်မှုများကို ဗရမ်းဗတာ ဖြစ်စေပါတယ်။ အဲဒီကနေမှ ရောဂါအမျိုးမျိုးဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုံတွေကတော့ ကျွန်တော်တို့ ဆေးလိပ်သောက်တဲ့ လူနဲ့ ဆေးလိပ် မသောက်သော်လည်း ဆေးလိပ်ငွေ့ရှူတဲ့ ပုဂ္ဂိုလ်တွေမှာ ဖြစ်နေတဲ့ ရောဂါတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဆေးလိပ်သောက်တဲ့ လူတွေမှာ ကင်ဆာဖြစ်တဲ့ ရောဂါတွေရှိသလို ကင်ဆာ မဟုတ်ဘဲနဲ့ Chronic Diseases လို့ ခေါ်တဲ့ နာတာရှည် ရောဂါတွေ ရှိတာကိုလည်း တွေ့ရပါတယ်။ အဲဒီမှာ ဆေးလိပ်သောက်တဲ့ ပုဂ္ဂိုလ်တွေမှာ တစ်ဖက်က ကင်ဆာဖြစ်တဲ့ အင်္ဂါအစိတ်အပိုင်းတွေကို ဒီမှာ ပြထားပါတယ်။ ကျွန်တော်တို့ ဒီ နှုတ်ခမ်းတို့၊ အာခေါင်တို့ ကျွန်တော်တို့ရဲ့ အသံအိုးတို့၊ လေပြွန်ချောင်းတွေ၊ အစာအိမ်တွေ၊ Pancreas တွေ၊ ကျောက်ကပ် တွေ နောက်ပြီးတော့ အမျိုးသမီးမှာ ကျွန်တော်တို့ရဲ့ သားအိမ်တွေ၊ သားအိမ်ခေါင်းတွေမှာ အကုန်လုံး ကင်ဆာရောဂါတွေ ဖြစ်ကြောင်း

တွေ့ရှိရပါတယ်။ တစ်ဖက်ကလည်း Chronic Diseases လို့ ခေါ်တဲ့ နာတာရှည်ရောဂါတွေက ဒီဘက်မှာ နောက်မှာ သွေးကြောတွေပေါက်၊ သွေးကြောတွေခဲ အဲဒါမျိုးကြောင့် ဗမာလိုခေါ်တော့ လေဖြတ်တဲ့ရောဂါတွေ Cataracts တွေ ဖြစ်ပြီးတော့ မျက်စိကွယ်သွားတဲ့ကိစ္စတွေ၊ သွားဖုံးယောင်တဲ့ကိစ္စတွေ၊ သွေးကြောကြီးတွေမှာ သွေးကြောနံရံ ပျော့ပြီးတော့ ဖောင်းပွလာပြီး အဲဒါတွေပေါက်ပြီး သေသွားတဲ့ လူနာတွေ အများကြီး ရှိသလို နှလုံးမှာရှိတဲ့ သွေးကြောလေးတွေ ကျဉ်းပြီးတော့ နှလုံးသွေးကြောကျဉ်း ရောဂါတွေ ဖြစ်တယ်။ အဆုတ်မှာ ရောဂါတွေ အများကြီး ဖြစ်ပါတယ်။ နောက် အရိုးပွရောဂါလည်း ဖြစ်တဲ့အတွက်ကြောင့် ဒီသက်ကြီးရွယ်အိုတွေမှာ ခဏခဏ ပေါင်ကျိုးတဲ့ ရောဂါတွေလည်း ရှိပါတယ်။

နောက်ပြီးတော့ အမျိုးသမီးတွေမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေမှာလည်း သူတို့ရဲ့ ဆေးလိပ်သောက်သုံးမှုကြောင့် ဆိုးကျိုးတွေ အများကြီးရှိပါတယ်။ သွေးလွန်ခြင်း၊ သားပျက်သားလျှောခြင်း၊ နောက်ပြီးတော့ ရက်မစေ့ မွေးဖွားခြင်း ကိုယ်လေးအချိန်မမီတဲ့ ကလေးများ မွေးဖွားခြင်း၊ နောက်ပြီးတော့ သားအိမ်ပြင်ပမှာ သန္ဓေတည်ခြင်း၊ နောက်ပြီးတော့ Fertulity လို့ ခေါ်တဲ့ မျိုးပွားစွမ်းရည်လည်း ကျဆင်းနေတာကိုလည်း တွေ့ရပါတယ်။ နောက်ပြီးတော့ အင်မတန်မှ နုနယ်တဲ့ မွေးကင်းစကလေးတွေ Sudden Death Infant Syndrome ဆိုတာ အဲဒီဟာက ရုတ်တရက် ကလေး သေဆုံးတဲ့ ကိစ္စတွေကလည်း ဒါ ဆေးလိပ် သောက်ခြင်းကြောင့် ဖြစ်ရတယ်လို့ သူတို့ ယူဆပါတယ်။ ဒီဆိုးကျိုးတွေ အများကြီး တွေ့ရပါတယ်ဆိုတာ ကျွန်တော်တို့ ဒီမှာ တင်ပြလိုပါတယ်။

အဲဒီတော့ အနည်းငယ် ကျွန်တော်တို့ ဒီ ခု ဖြစ်တဲ့ ရောဂါတွေကို နည်းနည်း တင်ပြရမယ်ဆိုရင် သွားဖုံးယောင် သွားဖုံးမှာ ကင်ဆာဖြစ်တာ၊ ဒီဘက်ကတော့ လျှာမှာ ကင်ဆာဖြစ်တာ၊ လေအိုးမှာ ကင်ဆာဖြစ်တာ၊ နောက်ပြီးတော့ အဆုတ်ကင်ဆာ ဖြစ်တာတွေ ဒါတွေ အင်မတန် ကြောက်စရာကောင်းတဲ့ ရောဂါတွေ ဖြစ်ပါတယ်။ နောက် အစာအိမ်မှာလည်း ဖြစ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အသည်းမှာလည်း ကင်ဆာတွေဖြစ်တယ်။ နောက်ပြီး ကျောက်ကပ်မှာလည်း ကင်ဆာတွေဖြစ်တယ်၊ နောက်ပြီးတော့ ဒီအမျိုးသမီးတွေမှာ သားအိမ်ခေါင်းတို့ သားအိမ်အတွင်းပိုင်း ရောဂါတွေ ကင်ဆာတွေဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ဒီမှာ လေ့လာတွေ့ရှိရပါတယ်။ ဒါက ဆေးလိပ်မသောက်တဲ့လူတွေ ဆေးလိပ်အငွေ့ကိုရှူတဲ့ လူတွေမှာဖြစ်တဲ့ ရောဂါတွေ၊ ကလေးတွေမှာ ဖြစ်တာ၊ လူကြီးတွေမှာဖြစ်တာ တင်ပြထားပါတယ်။

အဲဒီတော့ ကလေးတွေမှာကတော့ နားပြည် ယိုတာ၊ နားရောဂါ ဖြစ်တယ်။ အဆုတ်လေပြွန်ကြောင့် အဆုတ်ရောဂါတွေ ဖြစ်တယ်။ နောက်ပြီးတော့ ခုနကျွန်တော်တင်ပြတဲ့ Sudden Death Infant Syndrome အဲဒါ လတ်တလော ရုတ်တရက် ကလေးတွေ သေဆုံးတဲ့ အနေအထားတွေ ရှိသလို တစ်ဖက်ကလည်း လူကြီးတွေမှာ နှာခေါင်းတို့၊ အဆုတ်တို့ နောက် ရောဂါတွေ ဖြစ်တယ်၊ နှလုံးရောဂါ ဖြစ်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ Reproductive Affect on Women ခုနကပြောတဲ့ အမျိုးသမီးမှာ ဆိုးကျိုးကိစ္စတွေရှိတယ်ဆိုတာ ကျွန်တော် တွေ့ရပါတယ်။ အဲဒီတော့ ဒီလိုရောဂါတွေဖြစ်တဲ့အတွက်ကြောင့် အသက်ဆုံးရှုံးကြတဲ့ ဆေးလိပ်သောက်သုံးသူများနဲ့ ဆေးလိပ်မသောက်သုံးသော်လည်း ဆေးလိပ်ငွေ့များကို ရှူရှိုက်ရသူများ ကံကြမ္မာဆိုးများ လျော့နည်းကျဆင်းသွားအောင် ပပျောက်ရေး အတွက် နိုင်ငံ တော်တော်များများက

လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုများကိုလည်း ကြိုးစား အားထုတ်နေတယ်ဆိုတာ ကျွန်တော် တွေ့ပါတယ်။ အဲဒီတော့ ကြိုးစားအားထုတ်တဲ့နေရာမှာ အချုပ်အားဖြင့် ဆိုရင်တော့ ကျွန်တော်တို့ နိုင်ငံအတော်များများမှာ ဆောင်ရွက်နေတဲ့ ကိစ္စတွေကတော့ သူတို့ ဥပဒေတွေချတယ်။ အဓိကတော့ ဆောင်ရွက်တဲ့ကိစ္စကတော့ Public Education လုပ်တယ်။ ပြည်သူများ အသိပညာ ပေးတယ်။ Community Collaboration လူထုမှလည်း ပူးတွဲပါဝင် ဆောင်ရွက်တယ်။ အဲဒီကိစ္စကတော့ ခုနကပြောလို့ ဥပဒေအရ၊ စည်းမျဉ်းစည်းကမ်းအရ၊ နည်းဥပဒေ အရ ဒါတွေ ဆောင်ရွက်ခိုင်းတဲ့အခါမှာ လူတွေက လိုက်နာတယ်၊ ပါဝင်တယ်၊ ဆောင်ရွက်ပေးတယ်။ နောက်ပြီးတော နည်းဥပဒေ ပြဋ္ဌာန်းတယ်၊ လိုအပ်တဲ့ ဥပဒေ ပြဋ္ဌာန်းတယ်။ နောက်ပြီး ခုနက ဆရာကြီး ဦးမြဦး တင်ပြသလိုပဲ အခွန်များကိုလည်း တိုးမြှင့်ဆောင်ရွက်တဲ့ကိစ္စတွေ လုပ်ကြတယ်။ နောက်ပြီးတော့ တကယ်လို့များ ဆေးလိပ်ဖြတ်ချင်လို့ရှိရင်လည်း ဆေးလိပ်ဖြတ်တဲ့ ဆေးရွက်ကြီးတွေ စွဲလမ်းမှုများကို ဖြတ်တောက်ခြင်းကိစ္စမှာလည်း ကူညီဆောင်ရွက်ပေးတယ်ဆိုတဲ့ ဒါတွေ အချုပ် အားဖြင့် ဒါတွေ ဆောင်ရွက်ကြပါတယ်။ အဲဒီတော့ မြန်မာပြည်မှာတော့ ကျွန်တော်တို့ ဒီ ၂၀၀၈ ခုနှစ်မှာ ကျွန်တော်တို့ ဒီ WHO ကနေ WHO Report on the Global Tobacco Epidemic 2008 ဆိုပြီးတော့ အဲဒီရဲ့ Guideline အတိုင်းပဲ Guideline (၆)ခုရှိပါတယ်။ အဲဒါကိုလည်း ဒီမှာတတ်နိုင်သလောက် ကျွန်တော်တို့ အကောင်အထည်ဖော်နေတယ်လို့ သိရပါတယ်။ အဲဒီမှာတော့ MPOWER ဆိုပြီးတော့ အဲဒီ Policy နဲ့ သူတို့က ဒါ ဆောင်ရွက်နေတယ်။ အဲဒီ Package နဲ့ M ကတော့ ခုနက ပြောသလို ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုနဲ့ ကာကွယ်မှုများကို ထောက်လှမ်းလေ့လာ ကြည့်ရှုတဲ့ ဒါ Policy တွေ၊ စည်းမျဉ်းတွေ ချခြင်းပဲ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ ပြည်သူ ပြည်သားများကို သူတစ်ပါး၏ ဆေးလိပ်အငွေ့ကို မရှူရှိုက်ရေးအတွက်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ နောက်ပြီးတော့ ဆေးလိပ်နဲ့ ဆေးရွက်ကြီး ထွက်ပစ္စည်းများ စွဲလန်းမှု ဖြတ်တောက်ခြင်း ကူညီဆောင်ရွက်ပေးခြင်း၊ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက် ပစ္စည်းများရဲ့ အန္တရာယ်ကို ပြည်သူလူထုအား ပညာပေးသတိပေးခြင်း၊ နံပါတ်(၅)ကတော့ ဆေးလိပ်နဲ့ ဆေးရွက် ကြီးထွက်ပစ္စည်းများ ကြော်ငြာခြင်းနဲ့ ရောင်းအားမြှင့်တင်ခြင်း ဆောင်ရွက်မှုများကို ထိရောက်စွာ တားဆီးခြင်းနဲ့ နောက်ဆုံးအနေနဲ့ကတော့ ခုနက တင်ပြတဲ့ ဆေးရွက်ကြီးထွက် ပစ္စည်းများကို အခွန်အခ တိုးမြှင့်ခြင်းများ ဖြစ်ပါတယ်။ အင်္ဂလိပ်လိုကတော့ MPOWER ဆိုပြီးတော့ ဒါကို တတ်နိုင်သလောက် ကျွန်တော်တို့ မြန်မာနိုင်ငံလည်း ဆောင်ရွက်နေတာ တွေ့ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ဆောင်ရွက်တဲ့အခါကျတော့ ကျွန်တော်တို့ နိုင်ငံ တချို့မှာ အောင်မြင်မှုတွေ အတိုင်းအတာတစ်ခုအထိ ရှိတယ်ဆိုတာထဲမှာ အထောက်အထား ကျွန်တော် နည်းနည်း လေ့လာတွေ့ရှိချက် တင်ပြလိုပါတယ်။ အမေရိကန်မှာ ၁၉၆၅ ခုကနေ ၂၀၀၅ ခုဆို အနှစ်(၄၀)လောက်မှာ (၄၂.၄)ကနေပြီးတော့ (၂၀.၉)ဆိုတော့ တစ်ဝက်ကျော်ကျော်လောက် အနှစ် (၄၀)လုံးလုံးကို ကြိုးစားပြီး ဆောင်ရွက်တဲ့အခါမှာ တစ်ဝက်နီးနီးလောက် ကျသွားတာကို တွေ့ရပါတယ်။ အင်္ဂလန်နိုင်ငံမှာတော့ ၇၄ ခုနှစ်ကနေ ၂၀၁၁ ပေါ့လေ အဲဒီမှာ နှစ်ပေါင်း (၃၇) နှစ်တွင်းမှာ (၄၅)ရာခိုင်နှုန်းကနေ (၁၈)ရာခိုင်နှုန်း ကျဆင်းသွားတယ်ဆိုတာ တွေ့ရပါတယ်။ စင်ကာပူ မှာကတော့ ၈၄ ခုနှစ်ကနေ ၂၀၁၁ မှာ 20 Percentage ကနေပြီးတော့ 13.6 Percentage ကျသွားတာ ကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ၂၀၁၀ ခုနှစ်မှာ ပြန်လေ့လာတဲ့အခါ (၁၄.၃) ပြန်ပြီး

တော့ နည်းနည်း ဆေးလိပ်သောက်တဲ့ Percentage က တက်လာတာကို နည်းနည်း တွေ့ရ ပါတယ်။ နောက် ထိုင်းမှာ ၈၁ ခုနှစ်ကနေပြီးတော့ ၂၀၀၄ မှာ (၃၅.၂)ကနေ (၁၉.၅)အထိ လျော့ကျလာတာ တွေ့ရပြီးတော့ မြန်မာပြည်မှာတော့ ကျွန်တော်တို့ စာအုပ် ဝန်ကြီးဌာန ထုတ်တဲ့ Brief Profile on Tobacco Control Program မှာ ရည်ညွှန်းတာ တွေ့ရပါတယ်။ အဲဒါက ၂၀၀၀ ခုနှစ်မှာစပြီး Program ကစတော့ ၂၀၀၁ ခုနှစ်မှာ ကိန်းဂဏန်း ထွက်လာတယ်။ (၃၀.၁) ကနေပြီးတော့ ၂၀၀၇ မှာ (၂၃.၁) လျော့သွား တာကိုတွေ့ရတယ်။ ကိန်းဂဏန်း ကြည့်ခြင်းအားဖြင့် နှစ်တော်တော်များများ ဥပဒေအရသော် လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း လိုအပ်တဲ့ ကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ ဒီလို ကျဆင်းလာတာကို တွေ့ရတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီတော့ ခက်ခက်ခဲခဲ လုပ်နေရတယ် သိပ်မလွယ်ဘူးဆိုတဲ့ ပြဿနာကို ဒီမှာ ကျွန်တော် မီးမောင်း ထိုးပြခြင်းပဲ ဖြစ်ပါ တယ်။ ဒါတွေကတော့ ခုန Graphs တွေပါ။ အဲဒီတော့ America Graphs,

နောက်တစ်ခု ဒါက အင်္ဂလန်မှာ ကျွန်တော်တို့ ကျဆင်းတဲ့စာရင်း။ နောက်ပြီးတော့ ဒီမှာ အင်္ဂလန်မှာ သူတို့ကလေးတွေကို သူတို့ လေ့လာတဲ့အခါမှာ ၈၂ ခုနှစ်က ၂၀၁၁ ကို ကြည့်တဲ့ အခါမှာ ယောက်ျားလေးတွေက (၂၄)၊ (၂၆)ရာခိုင်နှုန်းလောက်ကနေ (၁၁)ရာခိုင်နှုန်းထိ ကျလာ တယ်။ အမျိုးသမီးလေးတွေလည်း ဒီအတိုင်း ကျလာတယ်။ ခြုံငုံကြည့်ရင်တော့ (၂၅)၊ (၂၆) ရာခိုင်နှုန်း ကနေပြီးတော့ (၁၁)ရာခိုင်နှုန်းထိ ကျနေတယ်ဆိုတာ သူတို့ အထောက်အထားအရ ဒီမှာ နားလည်ရပါတယ်။ နောက် ဒီမှာနောက်တစ်ခုက စင်ကာပူ၊ စင်ကာပူကလည်း သူတို့ ၈၄ ခု ကနေပြီး ၂၀၁၁ ခုနှစ်မှာ ဒီအနီလိုင်းမှာ (၂၀)ရာခိုင်နှုန်း ကနေပြီးတော့ ဒီဘက်ကို (၁၃.၆)အထိ ကျလာတာတွေကိုလည်း တွေ့ရပါတယ်။ နောက် ထိုင်း၊ ထိုင်းအနေနဲ့ ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဒီ 1981 ကနေပြီးတော့ 2004 မှာ (၃၅.၂) ကနေပြီးတော့ (၁၉.၅) အထိ ကျ နေတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီကိန်းဂဏန်းတွေကြည့်ခြင်းအားဖြင့် ဆေးရွက်ကြီးနဲ့ ဆေးရွက်ကြီးထွက် ပစ္စည်းများသုံးစွဲမှု ကျဆင်းရေးအတွက် နှစ်ပေါင်းများစွာ နိုင်ငံတွေက ဥပဒေဘောင်အတွင်းမှာ နည်းမျိုးစုံနဲ့ ဆောင်ရွက်ကြရကြောင်းလည်း ဒါတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်နေ့က ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ ၂၀၀၇ ခုနှစ်၊ မေလ ၄ ရက်နေ့မှာ အာဏာ တည်ခဲ့ပါတယ်။ ဒီဥပဒေမှာ အခန်း(၉)ခန်း ပုဒ်မ ၂၀နဲ့ ပုဒ်မခွဲ ၉၅ ပါရှိပါတယ်။ ဒီဥပဒေဟာ ရည်ရွယ်ချက်များ ကောင်းမွန်ပြီးတော့ အနှစ်သာရလည်းပြည့်စုံတဲ့ဥပဒေ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ သို့သော်လည်း မြေပြင်လက်တွေ့ ကဏ္ဍမှာတော့ အခြားနိုင်ငံများလိုပဲ ဆောင်ရွက် အကောင်အထည် ဖော်တဲ့နေရာမှာ အခြေအနေပေးမှုအားနည်းကြောင်းလည်း တွေ့ရှိရပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံများမှာ ပြဋ္ဌာန်းသော ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နေသော်လည်း အောင်မြင်မှု များက အတိုင်းအတာတစ်ခုအထိသာ ကျေနပ်ဖွယ်ရာရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာပြဋ္ဌာန်းတဲ့ ဥပဒေကို တိကျစွာလိုက်နာ ကျင့်သုံးဆောင်ရွက် နိုင်မှသာလျှင် ဆေးလိပ်သောက်သုံးမှုရဲ့ ကျဆင်းမှုအခြေအနေကို အလားအလာကောင်း ရရှိနိုင် မယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ ဒါ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများဟာ လူသားများအားလုံးကို အကျိုးမပြုသည့်အပြင် ရောဂါဝေဒနာကြောင့် မသန်းစွမ်းသူ ဒုက္ခိတဘဝကိုလည်းကောင်း၊ သေတွင်းကိုလည်းကောင်း၊ သက်တမ်းစေ့ မရောက်ခင် စောစီးစွာတွန်းပို့နေတဲ့ အနေအထားရှိပါတယ်။ နောက်ပြီးတော့ အပြစ်မဲ့လူသားများ၊ လူငယ်များ၊ ကာယ/ဉာဏဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်းနှင့် နိုင်ငံ၏ အနာဂတ်သားကောင်းများ၊ သား/သမီးကောင်းများ၊ ခေါင်းဆောင်များကိုလည်း ဆိတ်သုဉ်းစေခြင်း၊ နောက်သုံးစွဲသူများရဲ့ မျိုးပွား စွမ်းအင်ကျဆင်းမှုကြောင့် လူသားတို့၏ မျိုးပွားနှုန်းကို အတိုင်အတာတစ်ခုအထိ အန္တရာယ် ဖြစ်စေကြောင်း၊ ထိုနိုင်ငံရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတတ်မှုကိုလည်း အဟန့်အတား ဖြစ်စေခြင်း၊ နောက်ပြီး ဒီရောဂါဝေဒနာများအတွက် ကုသမှုနဲ့ လူမှုရေးဝန်ဆောင်မှုများ၊ လုပ်အား ဆုံးရှုံးမှုများအတွက် နိုင်ငံတော်အပေါ်မှာ ငွေရေး၊ ကြေးရေး၊ လူမှုရေး ဝန်ထုပ်များ ဖိစီးခြင်းများကို တွေ့ရှိရပါတယ်။ အမေရိကားမှာ သူတို့ဒါတွေတွက်တာ တစ်နှစ်တစ်နှစ်ကို (၁၉၈) ဘီလီယံခန့် ကုန်ကြောင်းကို သူတို့ ဒါတွေ့ရှိရပါတယ်။ ဒါကြောင့် အထက်ပါအကြောင်းများကြောင့် ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းများရဲ့ အန္တရာယ်ဆိုးကျိုးကြီးကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဥပဒေကိုလည်း ထိရောက်စွာ လိုက်နာကျင့်သုံးခြင်းသည်လည်း အလွန်အရေးကြီးတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဒါကြောင့်မို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအသုံးပြုမှုကြောင့် နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်များ ခြိမ်းခြောက်နေသည်သာမက တိုင်းပြည်၏ လူအရင်းအမြစ်နဲ့ စီးပွားရေး လှုပ်ရှားမှုများကိုပါ ယိမ်းယိုင်စေပြီး နိုင်ငံတော်၏ အနာဂတ်ကိုပါ အန္တရာယ်ပြုခြိမ်းခြောက်နေပါတယ်။ ဒီခြိမ်းခြောက်နေသော အန္တရာယ်ကြီးကို တစ်မျိုးသားလုံးက ထိရောက်စွာ ပါဝင်လှုပ်ရှား တိုက်ဖျက်နိုင်မှသာလျှင် လှပတဲ့ အနာဂတ်ကို ကျွန်တော်တို့ မျိုးဆက်သစ်များက ရယူ ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ ဆောင်ရွက် အကောင်အထည် ဖော်စရာကိစ္စရပ်များကို အချိန်မဆွဲဘဲ စနစ်တကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှသာ မျှော်လင့်တောင့်တနေသော ကောင်းကျိုး ရလဒ်များကိုလည်း ဆယ်စုတစ်စု၊ ဆယ်စုနှစ်စု ကြာမှပဲ စတင်ခံစားနိုင်မည်ကို ခုနက တင်ပြတဲ့ အထောက်အထားများကလည်း ဒါ ပေါ်လွင်နေပါတယ်။ မိမိတို့သည် ဆောင်ရွက်ရန်ရှိသည်များကို သိလျက်နှင့် မဆောင်ရွက်ခဲ့သော် သမိုင်းက မိမိတို့အား တရားခံအဖြစ် သတ်မှတ်ပြီး မိမိတို့၏ သားစဉ်မြေးဆက် နောင်လာနောက်သား မျိုးဆက်သစ်များကလည်း မိမိတို့ကို အမြဲတမ်း အပြစ် တင်မှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လူသားထုကြီးကို ကြီးမားစွာ အန္တရာယ်ပေးနေတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်တဲ့ အာဏာတည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများ အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို

ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးကြတဲ့အခါမှာ မိနစ်(၂၀)အတွင်းဘောင်ဝင်အောင် မိမိအစီအစဉ်နဲ့မိမိ ချိန်ပြီးဆွေးနွေးကြပါ။ ဥက္ကဋ္ဌက နိဂုံးချုပ်၊ နိဂုံးချုပ် ပြောတဲ့အခါကျတော့ အမေရိကက Madeleine Albright လာတွေ့တဲ့အခါမှာ ဥက္ကဋ္ဌကြီး ကျွန်မကို နိဂုံးချုပ်လို့ မပြောခင်၊ ကျွန်မ တစ်ခုလောက် ပြောပါရစေဆိုတော့။ အဲဒီတော့ နိဂုံးချုပ်ပါလို့ ပြောရမှာ တော်တော်အားနာနေတယ်။

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီးတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၅။**

**ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ အခုလို တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ အဆိုကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဖြေကြားတဲ့နေရာမှာလည်း ကျန်းမာရေးဝန်ကြီးဌာန ကျွန်တော်တို့ရဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနများရဲ့ ဆောင်ရွက်ချက်များနဲ့ ပေါင်းစည်းတင်ပြလိုခြင်း ဖြစ်ပါတယ်။ စောစောကလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေနဲ့ ၎င်းတို့ရဲ့ အတွေ့အကြုံများနဲ့ စနစ်တကျ ထိထိရောက်ရောက် ဘက်စုံမှ အထောက်အထားတွေနဲ့ တင်ပြသွားတာ အင်မတန်မှ ဗဟုသုတရဖွယ်လည်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေမှာ ဆေးလိပ်ငွေ့ ကင်းစင်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့ရဲ့ ကျန်းမာရေးကို ထိခိုက်စေတဲ့ အန္တရာယ်မှ ကာကွယ်ရန်နဲ့ ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာတဲ့ နေထိုင်မှုဘဝ ရရှိစေရေး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့ရဲ့ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားစေရေးနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက လက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဤဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် ဆေးလိပ်သောက်ခွင့်မရှိတဲ့ နေရာတွေမှာလည်း အတိအလင်းသတ်မှတ်ဖော်ပြထားတဲ့အပြင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများမှာ ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသော ဆေးလိပ်ကို ကိုင်ဆောင်ခြင်းပြုသူအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းဆိုင်ရာ အမိန့်ချမှတ်ခွင့် ပေးအပ်ထားပါတယ်။ အသက်

(၁၈)နှစ် မပြည့်သေးသူတွေဟာ ဆေးလိပ်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း၊ ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာမှာ ခိုင်းစေခြင်း၊ ပစ္စည်းတစ်ခုခုကို ဆေးလိပ်နှင့် လဲလှယ်ခြင်းတို့ ပြုမူဆောင်ရွက်ပါက ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းထားခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ရဲ့ အပိုဒ် ၁၅ မှာ ဆေးလိပ်၊ စီးကရက် တရားမဝင်ကုန်သွယ်ခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် စီးကရက်ဘူးခွံပေါ်မှာ စီးကရက် ထုတ်လုပ်တဲ့ နိုင်ငံ၊ ရောင်းချမယ့်နိုင်ငံတို့ကို ထင်ရှားစွာ ဖော်ပြရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖော်ပြရာမှာ စီးကရက်တင်ပို့ရောင်းချတဲ့ သက်ဆိုင်ရာနိုင်ငံများရဲ့ ဘာသာစကားနဲ့ ဖော်ပြရမှာဖြစ်ကြောင်းနှင့် စီးကရက်တရားမဝင် တင်သွင်းမှုနှင့် အတုအပ ပြုလုပ်ရောင်းချခြင်းတို့ ဖမ်းဆီးရမိပါက တင်းကြပ်စွာ အရေးယူရန် လိုအပ်ကြောင်း၊ ဖမ်းဆီးရမိသော တရားမဝင် ထုတ်လုပ်တင်သွင်းတဲ့ စီးကရက်များကို စနစ်တကျ ဖျက်ဆီးရမှာဖြစ်ကြောင်း၊ စီးကရက် တရားမဝင် ထုတ်လုပ်ရောင်းချမှုနှင့် ပတ်သက်ပြီး အဖွဲ့ဝင် နိုင်ငံအချင်းချင်း သတင်းအချက်အလက်ဖလှယ်ဖို့နဲ့ တရားဝင်ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များ ပြုလုပ်ထားပါတယ်။ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဒေသများမှာ တရားမဝင် စီးကရက် တင်သွင်းမှုများ မရှိစေရေးအတွက် လှုပ်ရှားရှာဖွေတားဆီးရေးအဖွဲ့ (Mobile Team) အဖွဲ့များ ဖွဲ့စည်းပြီး တားဆီးဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် စီးပွားကူးသန်းဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများ ကုန်သည်ကြီး များအသင်းများနဲ့ မီဒီယာများနဲ့ ဖွဲ့စည်းပြီးတော့ Mobile Team များ ဆောင်ရွက်ပြီးတော့ ရှမ်းပြည်နယ်၊ မြောက်ပိုင်း နောင်ချိုတစ်နေရာ၊ ပဲခူးတိုင်း၊ ဝေါမြို့မှာ တစ်နေရာ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလက စတင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအတွက်လည်းပဲ ကျွန်တော်တို့ သန်း(၄၀၀) ဖိုးလောက် ကျွန်တော်တို့ ပစ္စည်းတွေ တိုးတက်ရရှိသလို တစ်ဖက်ကလည်းပဲ တရားမဝင် ဝင်လာတဲ့ စီးကရက် အပါအဝင် အရက်အတုတွေ၊ ဆေးအတုတွေအများကြီး ကျွန်တော်တို့ ဖမ်းဆီးရမိပြီးတော့ တချို့မီးရှို့ ဖျက်ဆီးမှုတွေ လုပ်ခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းဝန်ကြီးဌာနဟာ အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်မပြုသော ပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်တဲ့အမိန့်အား ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်၊ (၈/၂၀၁၃)ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ချက်တွေကိုလည်း တိတိကျကျ လိုက်နာဖို့အတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စီးကရက် တင်သွင်းမှုအတွက် အကောက်ခွန်မှာ သတ်မှတ်ထားတဲ့ အကောက်ခွန်နှုန်းထားဟာ (၃၀) ရာခိုင်နှုန်းဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ (၁၁၆/၂၀၁၂)အရ ဆေးရွက်ကြီး၊ ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး၊ ဆေးပေါ့လိပ်၊ ဗာဂျီးနီးယားပေါင်းတင်ဆေး၊ ဆေးတံသောက်ဆေး၊ ကွမ်းစားဆေးတို့ကို နိုင်ငံတော်အတွင်း ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေ အပေါ်မှာလည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်အရောက် တန်ဖိုးပေါ်မှာလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် (၅၀)ရာခိုင်နှုန်းနှင့် စီးကရက်ကို (၁၀၀)ရာခိုင်နှုန်း ကျသင့်စေရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပြီး ထိန်းချုပ် ဆောင်ရွက်လျက်

ရှိပါတယ်။ ဒီနေရာမှာလည်း စောစောကလွှတ်တော်ကိုယ်စားလှယ်ကြီးများ ပြောသလို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြတ်သားတဲ့သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်ဖို့လိုမှာဖြစ်ကြောင်း ကျွန်တော်တို့ သဘောပေါက် လက်ခံထားပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ ရည်ရွယ်ချက်များကို ထိန်းချုပ်ဆောင်ရွက်နိုင်ရန် မူဝါဒ ချမှတ်ပေးမယ့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုကော်မတီအဖွဲ့ကို အစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ (၈/၂၀၁၁)ဖြင့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဆိုပါ ဗဟိုအဖွဲ့မှာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ရဲချုပ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ အဖွဲ့ဝင်အဖြစ်ပါဝင် ဖွဲ့စည်းခဲ့ပါတယ်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ရဲ့ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ ကျင်းပခဲ့ပါတယ်။ ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်လည်း အဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်သော နည်းဥပဒေ ရေးဆွဲရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းရန်နှင့် အဆိုပါကော်မတီမှ လိုအပ်သော နည်းဥပဒေများ ညှိနှိုင်းရေးဆွဲပြီး ဗဟိုအဖွဲ့သို့တင်ပြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပါတယ်။ ထို့အပြင် ဗဟိုအဖွဲ့ရဲ့ သဘော တူညီချက်ဖြင့် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်သွားရန်နှင့် ဆက်စပ်ဌာနဆိုင်ရာများ ပူးပေါင်းပြီး လိုအပ်သလို တိတိကျကျ အရေးယူဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဥပဒေပါအချက်များကို ပြည်သူများ သိရှိလိုက်နာစေရေး အတွက်လည်း ပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု အသိပညာပေးလုပ်ငန်းများဖြစ်တဲ့ အသိပညာပေး ဇာတ်လမ်းတိုများကို မြန်မာ့ရုပ်မြင်သံကြားမှ တစ်ဆင့် ပြသရန် စီစဉ်ထားခြင်း၊ ဆေးလိပ်နှင့်ပတ်သက်ပြီး အသိပညာပေး ဆောင်းပါးများ ရေးသားဖော်ပြခြင်း၊ ဆေးလိပ်နဲ့ပတ်သက်ပြီး ပညာပေးနှိုးဆော်ချက်များကို နေ့စဉ်ထုတ် သတင်းစာများနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ဖော်ပြပေးခြင်း၊ ဆေးလိပ်နှင့်ပတ်သက်ပြီး ကျန်းမာရေး ပညာပေးဆိုင်ရာ Forum ကျင်းပပြီး လူထုဆက်သွယ်ရေး လမ်းကြောင်းမျိုးစုံမှ ထည့်သွင်း ဖော်ပြခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ကင်းဝေးရေးလုပ်ငန်း စီမံချက်နှင့် ကျန်းမာရေးပညာပေး ဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး ဆေးလိပ်ဆေးရွက်ကြီးထွက် ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို တိတိကျကျ လိုက်နာကျင့်သုံးရေးအတွက် ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများကို ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး ပညာပေးဇာတ်လမ်းတိုများ၊ အသိပညာ ပေးနှိုးဆော်ချက် အစီအစဉ်များကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးလျက်ရှိပြီး ဆက်လက် ထုတ်လွှင့် ပြသနိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ရဲ့ကြီးကြပ်မှုနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အောက်မှာရှိတဲ့ အခြေခံကျန်းမာရေး ဌာနစိတ်နှင့် ကျန်းမာ၊ ပညာဌာနစိတ်တို့ ပူးပေါင်းပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု အန္တရာယ် ကျန်းမာရေးပညာပေးဇာတ်လမ်းတိုကို ဆက်လက်ထုတ်လွှင့်ပြသနိုင်ရေးနဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ ပြည်သူတို့ လိုက်နာရမယ့်အချက်များကို နေ့စဉ်ထုတ်သတင်းစာများမှာ ဆောင်းပါး၊ ကာတွန်းတို့ဖြင့် ဖော်ပြပညာပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့ နည်းဥပဒေရေးဆွဲနိုင်ရန်နှင့် သက်ဆိုင်ရာ ဌာနအလိုက် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ဥပဒေပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး ၂၀၁၃ ခုနှစ်အတွင်းမှာ ထုတ်ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်မှာ ဆေးရွက်ကြီးကို အများဆုံး စိုက်ပျိုးပါတယ်။ မြစ်ရေဝင်ဒေသဖြစ်တဲ့ နုန်းတင်မြေနုနှင့် ကိုင်းကျွန်းမြေများမှာ စိုက်ပျိုးလေ့ရှိပါတယ်။ တစ်ဧကဝင်ငွေ ကောင်းမွန်တဲ့အတွက် တောင်သူများစီးပွားဖြစ် စိုက်ပျိုးပါတယ်။ ဒါပေမဲ့ အဆိုပါ ဆေးရွက်ကြီး စိုက်ပျိုးနိုင်တဲ့ မြေနေရာဟာ ဆေးရွက်ကြီးအစား ဝင်ငွေကောင်းပြီး ရာသီချိန်တူ စိုက်ပျိုးနိုင်တဲ့ ဆောင်းမြေပဲနှင့် အစေ့ထုတ် ပြောင်းသီးနှံများကို စိုက်ပျိုးဖြစ်ထွန်းတာကိုလည်း တွေ့ရှိရပါတယ်။ ဆေးရွက်ကြီး စိုက်ပျိုးမှုမှာ တစ်ဧကဝင်ငွေများသော်လည်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးတို့ကို နှိုင်းယှဉ်တဲ့နေရာမှာ ဗာဂျီးနီးယား မြန်မာဆေးရွက်ကြီးနှင့် အစေ့ထုတ်ပြောင်းသီးနှံဟာ ဝင်ငွေအချိုး မကွာခြားသော် လည်း ဆောင်းမြေပဲ စိုက်ပျိုးမှုနဲ့ ဝင်ငွေအချိုး အနည်းငယ်လျော့နည်းသည်ကို တွေ့ရှိရပါတယ်။ သီးနှံအလိုက် ကုန်ကျစရိတ်နဲ့ ဝင်ငွေအချိုးကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဗာဂျီးနီးယား စိုက်ပျိုးမယ် ဆိုရင် ကုန်ကျစရိတ် ၁၀၀ မှာ ဝင်ငွေအချိုး ၂၁၂ ရှိပါတယ်။ မြန်မာ့ဆေး စိုက်ပျိုးမယ်ဆိုရင် ကုန်ကျ စရိတ် ၁၀၀ မှာ ဝင်ငွေအချိုး ၂၆၂ ဖြစ်ပြီးတော့ ဆောင်းမြေပဲ စိုက်ပျိုးမယ်ဆိုရင် ကုန်ကျစရိတ် ၁၀၀ မှာ ဝင်ငွေအချိုး ၁၆၇ ဖြစ်ပြီး အစေ့ထုတ်ပြောင်း စိုက်ပျိုးမယ်ဆိုရင် ကုန်ကျစရိတ် ၁၀၀ မှာ ဝင်ငွေအချိုး ၂၅၆ တို့ အသီးသီး ဖြစ်ပါတယ်။ ဒါကြောင့် အစေ့ထုတ်ပြောင်းနဲ့ ဆောင်းမြေပဲ သီးနှံများကို တစ်ဧကအထွက်နှုန်း တိုးတက်ဖို့အတွက် မျိုးကောင်း မျိုးသန့်အထွက် ကောင်းမျိုးများ ပြောင်းလဲအသုံးပြုခြင်း သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို ကျင့်သုံးခြင်းတို့ဖြင့် တစ်ဧက ကုန်ကျ စရိတ်နှင့် ဝင်ငွေအချိုးကို ပိုမိုတိုးတက် ရရှိနိုင်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ စံပြကွက်များ ဆောင်ရွက်ပြသသွားမှာ ဖြစ်ပါကြောင်း ဖြေကြားထားပါတယ်။

စက်မှုဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်နေ့စွဲပါ ဥပဒေအမှတ် ၅/၂၀၀၆ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေမှာ ထုတ်လုပ်မှုနှင့် ပြည်ပမှ တင်သွင်းခြင်းများအတွက် သီးခြားပြဋ္ဌာန်းချက်များ ပါဝင်ခြင်းမရှိဘဲ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့

နားလည်သဘောပေါက်ပြီး သောက်သုံးမှု ထိန်းချုပ်ရေး အတွက်သာ အဓိကထားပြီး ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနမှ စီးကရက်စက်ရုံနှင့် ဗားဂျီးနီးယားဆေးလုပ်ငန်း စက်ရုံတို့ဟာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှတစ်ဆင့် လွှဲပြောင်း ရောင်းချခဲ့ပြီးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဆောင်ရွက် ခွင့်ပြုထားတဲ့ ပုဂ္ဂလိက စီးကရက်ထုတ်လုပ်ရောင်းချမှု လုပ်ငန်းအများစုဟာ နယ်စပ် ဒေသများသာ ရှိပြီး ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် ရည်ရွယ်ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းလုပ်ငန်းများဟာ ကျန်းမာရေးအရ အားပေးရန် မသင့်တော်တဲ့ လုပ်ငန်းအမျိုးအစားဖြစ်တဲ့အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်ရေးကို ပိုမိုထိရောက်စေရန် ပြဋ္ဌာန်းပြီးသော ဥပဒေမှာ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပ တင်သွင်းမှုများအပေါ် ကန့်သတ်ချက်များ ဖြည့်စွက်ထည့်သွင်းပါတယ်။ ဒါကြောင့် တရားမဝင် မှောင်ခိုလမ်းကြောင်းမှတစ်ဆင့် ကုန်ပစ္စည်းများ တင်သွင်း တင်ပို့ခြင်းများ မပြုစေနိုင်ရန်အတွက် လှုပ်ရှားရှာဖွေ တားဆီးရေးအဖွဲ့များဖြင့် စနစ်တကျစီမံ ဆောင်ရွက်လျက်ရှိပါတယ်။ မကြာခင်မှာ ရန်ကုန်မှာပြည်ပဝင်ပေါက် (၁၅)ပေါက် ရှိပါတယ်။ အဲဒီမှာလည်းပဲ သက်ဆိုင်ရာ တိုင်းက အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့ ဒီ Mobile Team များ ဖွဲ့စည်းဖို့အတွက် ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဥပဒေကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် နည်းဥပဒေ ရေးဆွဲရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ၂၀၁၃ ခုနှစ်အတွင်း ထုတ်ပြန်ရန် အတွက် ဆောင်ရွက်လျက် ရှိတဲ့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်မှု ဥပဒေပါ ပြည်သူတို့ လိုက်နာရမည့်အချက်များကို နေ့စဉ်ထုတ် သတင်းစာများမှာ ဖော်ပြပညာပေး နိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။ ဒ့ါအပြင် ဗဟိုအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်သွားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ သက်ဆိုင်ရာများပူးပေါင်းပြီး လိုအပ်သလို အရေးယူဆောင်ရွက်သွားရန် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဗဟိုအဖွဲ့မှ စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၆) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ အဆိုအား ကန့်ကွက်ရန် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၅၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းတဲ့ ထုတ်ပြန်ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို တိကျစွာ လိုက်နာ ကျင့်သုံးရေးအတွက် လိုအပ်သောအစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် ၁ အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေး နိုင်ကြပါပြီ။ ထောက်ခံ (၁၄၈)၊ ကန့်ကွက်(၅)၊ ကြားနေ (၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဥ္စမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို (၁၅း၀၀) နာရီ အချိန်တွင် ရပ်နားပါသည်။]